
လူသားတို့အမိုက်ထောင်အတွင်း
ဓမ္မစက်နှင့်
အာဏာစက်
လှထွန်းမြ
အောင်ဘုန်း+ကြီးငွေ စကားစစ်ထိုးပွဲ

စပယ်စာပေမှ ထုတ်ဝေ၍
ဂုဏ်ထူးစာပေမှ
ဖြန့်ချိသည်။

၁၉၈၁ ခုနှစ် ဇူလိုင်လ၊
ပထမအကြိမ်၊
အုပ်ရေ ၂၀၀၀၊
တန်ဖိုး ၈ ကျပ်။
မျက်နှာဖုံးပန်းချီ မောင်အေးမြင့် ရိုးရာပန်းချီ။
မျက်နှာဖုံးပုံနှိပ် တောက်တောက်ဝင်းအော့ဖ်ဆက်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်၊ [၁၅၄၄]
မျက်နှာဖုံးကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ်၊ [၄၁၁]

ထုတ်ဝေသူ။ ။ဒေါ်တီ။
စပယ်စာပေ (၀၀၇၂၄)
အမှတ် ၂၉၊ ဆူပါပင်လမ်း၊
အလုံ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။မစ္စတာမူရာဂျီဆေးဂျပါးလ်၊
တောက်တောက်ဝင်းပုံနှိပ်တိုက်(၀၁၈၂၈)
အမှတ် ၅၆ (ခ) ဟာမစ်တစ်လမ်း၊
ကုက္ကိုင်း၊ ရန်ကုန်မြို့။

# ဦးလှထွန်းမြ

## လူသားတို့အမိုက်ထောင်အတွင်း
## ဓမ္မစက်နှင့် အာဏာစက်

[အောင်ဘန်း ကြီးငွေ စကားထိုးပွဲ]

ဘုရားကို လည်းကောင်း၊ တရားကို လည်းကောင်း၊ သံဃာကို လည်းကောင်း၊ မိဘကို လည်းကောင်း၊ ဆရာသမားကို လည်းကောင်း ရှိခိုးပါ၏။



# မာတိကာ


၁။ အမှာစာ

အပိုင်း (၁)

၂။ ကိလေသာ ဆောင်စာ ဒဏ်ရာဒဏ်ချက် ၁၇-၅၈

အပိုင်း (၂)

၃။ ကမ္ဘာ့လူသားတို့ ရှေ့ပြေး အန္တရာယ် ၅၉-၉၄

အပိုင်း (၃)

၄။ လူ့ကံနှင့် လူ့အလုပ်တာဝန် ၉၅-၁၅၃

အပိုင်း (၄)

၅။ လွန်းပျံခရီးနှင့် ဓမ္မစက် ၁၅၄-၂၁၉

# အမှာစာ

ယနေ့ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် နေထိုင်ကြသော လူသားတို့အား လက်နက်မျိုးစုံဖြင့် ခြိမ်းခြောက်လျက် ရှိနေကြသည်။ လူသားတို့သည်လည်း ငတ်မွတ်ခေါင်းပါးခြင်းမှ အစ ဘေးအန္တရာယ် အမျိုးမျိုး ရင်ဆိုင်နေကြရသည်။

လူသားတို့သည် တစ်ဦးအပေါ်တစ်ဦး ဖြဟ္မစိုရ်တရား ကင်းမဲ့လျက် ဘေးဒုက္ခ အမျိုးမျိုးကို တွေ့ကြုံခံစားနေကြရသည်။

လေယာဉ်ပျက်၍ သေရခြင်း၊ မီးရထားမှောက်၍၊ မီးရထား တိုက်၍ သေရခြင်း၊ လှေ၊သင်းဘောနစ်၍ သေရခြင်း၊ ရေကြီး၍ ဘေးဒုက္ခ အမျိုးမျိုး တွေ့ကြုံရခြင်း၊ မြေငလျင်လှုပ်၍ အိုးမဲ့ အိမ်မဲ့ အချို့ သေဆုံးကြရခြင်း၊ ဗုံးဖောက်ခွဲခြင်း၊ ပြန်ပေးဆွဲခြင်း၊ တစ်ဦးနှင့် တစ်ဦး လုယက်တိုက်ခိုက် သတ်ဖြတ်၍ သေကြရခြင်း၊ ရောဂါ အနာအမျိုးမျိုး ဖိစီး၍ သေကြရခြင်းတို့မှာလည်း နေ့စဉ်နှင့် အမျှ ပေါ်ပေါက်လျက်ရှိသည်။

ဤသို့ ဘေးအန္တရာယ် ဖြစ်ပေါ်လာရခြင်းသည် လူသတ္တဝါတို့ တရားကင်းမဲ့၍ လောဘမီး၊ ဒေါသမီး တောက်လောင်နေခြင်းကြောင့် ကပ်ဆိုး၊ ကပ်ယုတ်

# အမှာစာ

တို့မှာ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမို ပြင်းထန်လျက် တတိယ ကမ္ဘာ့အနုမြူ စစ်ပွဲကြီးကို လည်း ဦးတည်လျက် ရှိပေသည်၊

နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေသော ဘေးအန္တရာယ် ကပ်ဆိုး၊ ကပ်ဃုတ်တို့မှ လွတ်မြောက်ချမ်းသာခွင့်ရဖို့ တရားသည် ကိုယ်ကျင့်၊ မေတ္တာ၊ ဘာဝနာတရားများ ပင် ဖြစ်ပေသည်။

ဤအချိန် ဤအခါမျိုးတွင် စားသောက်ရေး၊ မယားကျွေးမှု၊ သားကျွေးမှု၊ သမီးကျွေးမှုတို့နှင့်ဘကွ အမျိုးသားရေး၊ နိုင်ငံရေး စသော နိဝရဏကိလေ သာ လုပ်ငန်းများကို ကောင်းသော နည်းဖြင့် ရှာမှီး၍ လုပ်ကိုင်ကြဖို့နှင့် တမလွန်ဘဝ ကောင်းမွန်လာဖို့ လုပ် ငန်းများကို ကောင်းသော နည်းဖြင့် မမေ့မလျော့ပဲ လုပ်ကိုင်ဖို့ ပုံအပ်ပေသည်။

ထို့ကြောင့် (ဤကာမဘောင်အတွင်း **ဓမ္မစက် နှင့် အာဏာစက်** အောင်ဘန်း— ကြိုးဝှေ့ စကား ထိုးပွဲ) စာအုပ်ကို အများပြည်သူတို့ အကျိုးရှိရာ ရှိကြောင်း ကမ္ဘာ့နိုင်ငံကြီးငယ်များမှ ပြဿနာရပ်တို့ ဖြင့် ပြုစုရေးသားရာ၌ ဥရောပတိုက်တခွင်တွင် ကျေး ဇူးရှင် မဟာစည် ဆရာတော်ကိုယ်တိုင် ဟောပြော ခဲ့သော ကမ္ဘာ့ သာသနာပြု တရားတော်ကို လည်း ကောင်း၊ သာသနာ့ ရိပ်သာတွင် ပို့ချလျက်ရှိသော ရွှေရေးဆောင် ဆရာတော်နှင့် ဦးပဏ္ဍိတာဘိဝံသတို့

# အမှာစာ

နည်းနာများကို ခံယူ၍လည်းကောင်း၊ သစ္စာဒီပက—မူလဓမ္မာစရိယ ဆရာဦးကြည်ရေးသားသော မဟာဒုက္ခက္ခန္ဓသုတ်အဖွင့် စာအုပ်ကိုလည်းကောင်း၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ကြီးပွါးရေးအဖွဲ့ဥက္ကဋ္ဌဦးသံဒိုင်ရေး ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာစာအုပ်ကိုလည်းကောင်း၊ မဟာစည် ဓမ္မကထိက မြွန်တန်ဆာအရှင် သုန္ဒရ (ဘီဒအေ) ရေးသားသော ကံနှင့်လူသားပုံပြ တရားတော်ကို လည်းကောင်း၊ ပါရဂူ မြန်မာပြန် ဟိတော ပဒေသ စာအုပ်ကိုလည်းကောင်း အမှီပြုပါသည်။

ဤစာအုပ်သည် ဗုဒ္ဓကျင့်စဉ်များဖြင့် လည်းကောင်းစီးပွါးရေး လုပ်ငန်းများတွင် ကောင်းရာ ကောင်းကြောင်း အကျင့်သိက္ခာကို ထိန်းသိမ်း၍ ကြီးပွါးချမ်းသာရေးတို့တို လုပ်ကိုင်ဖို့ ရည်ရွယ် ရေးသားခြင်း ဖြစ်ပါသည်။

လှထွန်းမြူ။

## ကိလေသာလောင်စာ ဒဏ်ရာဒဏ်ချက်

[ ၁ ]

အတွင်းရန်သူသည် ချို့ယွင်းချက်ကိုလည်းကောင်း၊ လျှို့ဝှက်ချက်များကိုလည်းကောင်း၊ အားအစွမ်းကို လည်းကောင်း၊ အလုံးစုံကို သိရှိရိပ်မိလေ၏။

သစ်ခေါင်းတွင်း၌ ရှိနေသော မီးသည် ခြောက် သ ရောင်း နေသော သစ်ပင်ကြီးကိုလောင်ကျွမ်းစေတတ်၏။

(ဟိတောပဒေသ)

ယနေ့သည် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။

အမျိုးသားအောင်ပွဲနေ့ဆိုသည်မှာ ကိုလိုနီပညာရေးစနစ်ကို တက္ကသိုလ် ကျောင်းသူကျောင်းသားတို့က မကြိုက်မနှစ်သက်သဖြင့် သပိတ်မှောက်ထွက်လာခဲ့သော (၁၉၂၀)ခုနှစ်က ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ထိုနေ့ကို အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့ကြသည်။

၁၃၄၁ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၁၀) ရက်၊ ခရစ် ၁၉၇၉ ခု၊ နိုဝင်ဘာလ (၁၃) ရက်နေ့၊ ရုံးများပိတ်လျက်၊ စစ်တွေမြို့တွင် ယာဉ်အသွားအလာ ငြိမ်သက်လျက်ရှိသည်။

ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့ ဈေးမှ ဈေးခြင်းတခုစီကိုင်လျက် နှစ်ယောက်သား စကားတပြောပြော လျှောက်လာကြသည်။

ကိုကြီးငွေက ကိုအောင်ဘန်းအား ပွိုင့်သို့ မထွက်ဘူးလားလို့ မေးလိုက်သည်။

ကိုအောင်ဘန်းက ပွိုင့်သို့ခရီးထွက်တာ အရက်သောက်မူးယစ်ဆေးဝါး [illegible] မူးယစ်သောက်စားတဲ့လူ တော်တော် များနေတယ်၊ ဒီလူတွေဟာ ဂဠုန်စီမံချက်နဲ့တွေ့ကြမယ်၊ အပျော်အပါး လုပ်နေမယ့်အစား၊ အိမ်မှာ တရားစာဖတ်နေတာက ကုသိုလ်ရမယ်လို့ ခတ်ဆတ်ဆတ်ပြောလိုက်လေသည်။

ကိုကြီးငွေက ဒီလိုဆို ဗုဒ္ဓတရားအကြောင်း ဆွေးနွေးမယ်လား၊ ဆွေးနွေးမယ်ဆိုယင် ကိုအောင်ဘန်းတို့ ရပ်ကွက်ကို ကျွန်တော်လာခဲ့မယ်၊ ဆွေးနွေးမယ့်နေရာ၊ အချိန်ကို သတ်မှတ်

ပါ၊ ရုပ်ကွက်ပြည်သူ့ကောင်စီကိုလဲ အကြောင်းကြားလိုက်ပါ ဟု ပြောဆို၍ ကိုကြီးစောထွန်း၊ ကိုကြီးဖေသင်၊ ဆရာငန် ကိုကြီး စောလှတို့အိမ်အနီးမှ ခွဲလိုက်ကြသည်။

ကိုအောင်ဘန်းဆိုသူမှာ လမ်းမတော်ရပ်ကွက်၌ ရပ်ရေး၊ ရွာရေး ရှေ့ဆောင်၍ 'လုပ်ကိုင်နေသူဖြစ်သည်။ ကိုကြီးငွေ သည်လည်း ရှုပ်ရပ်ကွက်တွင် စာရေးစာဖတ်ဝါသနာပါပြီး သတင်းဆောင်းပါးရေးရာတို့၌လည်း၊ စိတ်ဝင်စားသူတယောက် ဖြစ်သည်။

နေ့လယ် (၂) နာရီ ချိန်းဆိုသည့်အတိုင်း၊ လမ်းမတော် ရပ်ကွက်၊ ကိုကြီးပန်းလှအိမ်အနီး၊ ခရားပင်အောက် ကွပ်ပျစ် ပေါ်တွင် နေရာယူလိုက်ကြသည်။ အနီးတဝိုက်မှ လာရောက်နား ထောင်သူ တဒါဇင်ခန့် ရောက်ရှိနေကြသည်။ ကိုကြီးပန်းလှက နှစ်တောင့်တထွာသာသာရှိ စားပွဲရှည်တခုနှင့် မြေရေအိုး တလုံး ချပေးသည်။ ရေသောက်ဖို့ခွက်မှာ အုန်းမှုတ်ခွက်ဖြစ် သည်။

**ကိုအောင်ဘန်း။** ကနေ့ဆွေးနွေးဖို့အကြောင်းက **ကိလေသာ လောင်စာ ဒဏ်ရာဒဏ်ချက်** အကြောင်းဖြစ်တယ် ဟု ကြေငြာလိုက်သည့်အခါ ပရိသတ်များ ဩဘာလက်ခုပ်တီးကြသည်။

ကိုအောင်ဘန်းက ဆက်လက်၍ လူ့သတ္တဝါ တွေဟာ ကာမဂုဏ်စည်းစိမ်ကို အလွန်သာယာ

နှစ်သက်ကြတယ်၊ ကာမဂုဏ်စည်းစိမ် ဖြစ်နိုင်တာလဲ ငါးမျိုးရှိတယ်။

(၁) မြင်လို့သိတယ်၊ အဆင်း။
(၂) ကြားလို့သိတယ်၊ အသံ။
(၃) နံလို့သိတယ်၊ အနံ့။
(၄) လျက်လို့(စားလို့)သိတယ်၊အရသာ။
(၅) ကိုယ်နဲ့ထိလို့၊ တွေ့တဲ့အထိ တို့ဖြစ်ကြတယ်။

ဒီတရားမျိုးဟာ ရခိုင်ပြည်နယ် မှာသာမဟုတ်ဘူး။ ကရင်၊ ကယား၊ ကချင်၊ ချင်းပြည်နယ်တို့မှာလဲ ရံဖန်ရံခါသာကြားရတယ်။

ဒါကြောင့် အစွန်အဖျားကျတဲ့ ပြည်နယ်မြို့တွေမှာ ပရိယတ္တိ စာသင်တိုက်ကြီးတွေလဲရှိဖို့လိုတယ်။ ပရိယတ္တိ ဓမ္မစက်ထွန်းကားလာမှ ဗုဒ္ဓရဲ့အယူအဆတွေ တိုးတက်လာဖို့ လိုတယ်။ ဒါကို မြို့ကြီးတွေမှာ သီတင်းသုံးနေကြတဲ့ဆရာတော်ကြီးတွေက ကမ္မကထပြုလို့ ဓမ္မစက်ပြန့်ပွားဖို့ လိုတဲ့အချက်ပဲ။

သတိပဋ္ဌာန် တရားတော် ဆိုတာကတော့မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်သို့ရောက်ဖို့လမ်းပဲဖြစ်တယ်၊ရုပ်နာမ်နှစ်ပါးဟာ အမြဲမပြတ် မရပ်

မစဲ ဖြစ်နေတယ်။ အချိန်အခါမရွေး သေခြင်းမရဏ ကြောက်မက်ဖွယ်ဒုက္ခတရားလို့ သတ်မှတ်တယ်။ မိမိကမပျက်ပါနှင့် ပြောလို့လဲမရ။ လုပ်လို့လဲမရ၊ သူ့သဘောအတိုင်းဖြစ်ပျက်နေတာကြောင့် အစိုးမရ အနတ္တတရားလို့ သတ်မှတ်တယ်။ ဒါကြောင့် ဒီရုပ်နာမ်တရားတွေကို တောသူတောင်သား တောင်သူလယ်သမားတွေကပါ သိဖို့လိုတယ်။

ကိုယ်အမူအရာ ပေါ်လာသမျှကို မှတ်ဖို့၊ ရှုဖို့၊ မှတ်လိုက်၊ ရှုလိုက်ယင် မကောင်းဆိုးဝါး ကိလေသာကင်းဝေးမယ်။ ဒါကို ဆောင်ပုဒ်အနေနဲ့၊

**ကိုယ်အမူအရာ ရှုတိုင်းမှာ မှန်စွာသိရမယ်။**

သွားယင်–သွားတယ်၊ သွားတယ်။ ရပ်ယင် ရပ်တယ်၊ ရပ်တယ်။ လှမ်းယင် လှမ်းတယ်၊ လှမ်းတယ်။ ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်။

ဒီလိုသွားနေတဲ့အခါ ရပ်လိုကရပ်ချင်ယင်၊ ရပ်ချင်တယ်၊ ရပ်တယ်။

လက်တွေကွေးတာ၊ ခြေထောက်တွေကွေးတာကိုလဲ မှတ်ရမယ်။

**ကွေးတာ၊ ဆန့်တာ ကိုင်ယူတာ-မှန်စွာသိရမယ်။**

စားတာ၊ သောက်တာမှာလဲ ပန်းကန်မှ ထမင်းကိုဆုတ်တဲ့အခါ ဆုတ်တယ်၊ဆုတ်တယ်၊ ယူတယ် ယူတယ်၊ ထည့်တယ်၊ ထည့်တယ်၊ ဝါးတယ်၊ ဝါးတယ်၊ မျိုတယ်၊ မျိုတယ်၊ အမှတ်နဲ့ စားရမယ်။

အဝတ်ဝတ်တာ၊ ကျင်ကြီး၊ ကျင်ငယ်စွန့်တာကစလို့ အမှတ်တွေကိုမလွတ်အောင် မှတ်လို့၊ မှတ်လို့ ရှုကျင့်လာတဲ့ ရဟန်းရှင်လူတွေဟာ သမာဓိကောင်းလာလို့ရှိယင် သောတာပန် အဆင့်သို့ ရောက်နိုင်တယ်။

စားယင်း သောက်ယင်းပဲ ရဟန္တာဖြစ်နိုင်တယ်။

ဒီလိုရှုမှတ်နေတာဟာဖြစ်ပြီး၊ ဖြစ် ဆဲ သော အကုသိုလ်တွေကို ကွယ်ပျောက်အောင် အားထုတ်နေခြင်းလဲ ဖြစ်တယ်။

ရှေ့ကို ဖြစ်လတံ့သော မကောင်းမှု အကုသိုလ်တရားတွေကို နောက်တဖန် မဖြစ်ရအောင် အားထုတ်နေခြင်းလဲဖြစ်တယ်။

မဖြစ်ဖူးသေးသော ကုသိုလ်တရားတွေကို ဖြစ်အောင်၊ အားထုတ်နေခြင်းလဲ ဖြစ်တယ်။

ဖြစ်ပြီးဖြစ်ဆဲသော ကုသိုလ်တရားတွေကို မြဲမြံ၊ ခိုင်ခန့်ဖို့ တိုးပွားအောင် အားထုတ်နေခြင်းလဲ ဖြစ်တယ်။

ဒါကြောင့် လယ်သမားတွေသာ မကဘူး။ ကောင်စီဝင်တွေ ဝန်ထမ်းတွေပါ အချိန်ရခိုက် ရှုသင့်၊ မှတ်သင့်တယ်လို့ ဆိုကာ စားပွဲကို လက်သီးထိုး၍ ပြောလိုက်ရာ ဩဘာသံများ ဆူညံနေတော့သည်။

ဒီတရားမျိုးကို ရခိုင်မြို့နယ်တွေမှာ မကြားဖူးဘူး။ ဘယ်ပုဂ္ဂိုလ်ဟောတာလဲ၊ ဘာတရားခေါ်တာလဲ၊ မြောက်ဦး မြို့နယ်မှ ကိုကြီးလှအောင်ကျော်က ရတ်တရက်ထ၍ မေးလိုက်သည်။

ကိုအောင်ဘန်းဇာ ဒီတရားဟာ ရခိုင်ကျေးလက် မြို့နယ်တွေမှာ မကြားရ၊ အကြားရနည်းတယ်ဆိုတာမှန်တယ်။ဒီတရားကိုဟောတာ ဂေါတမမြတ်စွာဘုရားဖြစ်တယ်။

ရခိုင်မှာဦးညာဏစက္ကအရှင်ဟာမြောက်ဦး ကျောက်တော်၊ စစ်တွေ ရသေ့တောင်မြို့များမှာ ဝိပဿနာ တရားတွေကို ပင်ပင်ပန်းပန်းခံ ကျင့်လဲကျင့် ပြလဲပြနေတယ်။

ရန်ကုန်က ရိပ်သာတွေလို စနစ်တကျဖြစ်လာဖို့ တကာတကာမတွေ ဖန်တီးအားပေးဖို့ လိုနေတယ်။

ကိုကြီးငွေ ။ ဂေါတမမြတ်စွာဘုရားရဲ့မိခင် ဖခင်တို့ဟာ ဘယ်သူလဲ။

**ကိုအောင်ဘန်း။** ဘခင်ဖြစ်သူဟာ သုဒ္ဓေါဒန၊ မိခင်ဖြစ်သူဟာ မာယာဒေဝီ ဖြစ်တယ်။ ဗေဒင်အတတ်ပညာရှင်တွေက သားတော် သိဒ္ဓတ္ထမင်းသားကို ဘုရားဖြစ်ဖို့လို့ ဟောကြတယ်။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကသူ့ သားဘုရားဖြစ်တာကို မကြိုက်ဘူး၊ စကြဝတေးမန္ဓာတ်မင်းကြီးဖြစ်လို့ မင်း အပေါင်းတို့ကို ဗိုလ်ကျနေတာ မြင်ချင်တယ်။

အသက်(၁၆)နှစ်အရွယ် သုပ္ပဗုဒ္ဓမင်းကြီးရဲ့သမီးတော် ယသောဓရာ့ဒေဝီနဲ့ လက်ထပ်ပီး၊ မင်းစည်းစိမ်အမျိုးမျိုးကိုလိုလေသေးမရှိအောင် သူ့ဘခင်က စီစဉ်ထားတယ်။

ဒါပေမယ့် အသက်(၂၉)နှစ်အရွယ်ကျတဲ့အခါ ဇနီးယသောဓရာဒေဝီနဲ့ သားတော်ရာဟုလာကိုဖယ်ပစ်ခဲ့ပြီး တောထွက်လို့ ရဟန်းပြုတယ်။

အာဠာရ ရသေ့ထံမှာရော၊ ဥဒက ရသေ့ထံမှာရော နည်းခံလို့ကျင့်ခဲ့တယ်၊ သမာပတ်ခုနစ်ပါး၊ ရှစ်ပါးကိုလဲ မကြာမီရခဲ့တယ်၊ အဲဒီသမာဖတ်တွေဟာ မိုးလျှိုး မြေလျှိုးနိုင်တယ်။ နာခြင်း၊ အိုခြင်း၊ သေခြင်းတရားတွေကို မကာကွယ်နိုင်ဘူး။

ဖြူဟွာ-အရူပဘုံတွေ ရောက်လို့၊ ကမ္ဘာပေါင်း (၆) သောင်း (၈) သောင်း အသက်ရှည်နေမယ်။ အဲဒီဘုံတွေက သက်တမ်းစေတဲ့အခါ လူ့ဘဝကို ပြန်ရောက်မယ်၊ အခြားလူတွေနဲ့ တန်းတူအိုရမယ်၊ နာရမယ်၊ သေရမယ်၊ အပါယ်ကိုလဲ ရောက်နိုင်တယ်။ ဒါကြောင့် လောကီစျာန်၊ သမာပတ်တရားတွေကို စွန့်ပယ်လိုက်တယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ အိုနာသေဘေးတို့မှ လွတ်ကင်းဖို့တရားကို ရှာခဲ့တယ်။

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဟာ အစားကြမ်းတွေကို မစားပဲ။ ပဲပြုတ်ရည် လက်တကော်လောက်သာစားသောက်ပီး အပင်ပန်းခံကျင့်လာလိုက်တာ ၆ နှစ်ကြာတယ်၊ ပရိသတ်များ ဒီလိုကျင့်နိုင်ပါ့မလားဟု ကိုအောင်ဘန်းက မေးလိုက်သည်။

မကျင့်နိုင်ဘူး၊ မကျင့်နိုင်ဘူး။

ကိုအောင်ဘန်းက ဆက်လက်၍ ကိုယ်ပင်ပန်းခံ ကျင့်တဲ့အကျင့်ကိုပယ်စွန့်လို့ အလယ်အလတ်လမ်းစဉ်နဲ့ စားသင့်သမျှကိုသာစားလို့ အားအင်ရှိလာတဲ့အခါ အာနာပါနတရားကို ရှုမှတ်လိုက်တာနဲ့ ရူပစျာန်လေးပါးကို ရလာတယ်၊ အဲဒီနောက် ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ကိုရှုတယ်။

ကိုကြီးလှအောင်ကျော် မေးတဲ့ မေးခွန်းထဲမှာ ဘယ်သူ့ဟောတာလဲ ဆိုတာရယ်၊ ဘာတရားလဲဆိုတာရယ်၊ ဟောတာက သဗ္ဗညုတဂေါတမဘုရား၊ တရားက သတိပဋ္ဌာန်တရားပဲ။

ဥပါဒါနက္ခန္ဓာဆိုတာ ပြောပြခဲ့တဲ့အတိုင်း **မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း** ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်တရားတွေ ဖြစ်တယ်။

ဒီတရားတွေကို ရှုတိုင်း ရှုတိုင်း၊ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်ရှစ်ပါးတရားတွေလဲ ဖြစ်ပေါ်နေတယ်။

ရှုမှတ်မိအောင် ကြောင့်ကြစိုက်နေတာက မှန်စွာအားထုတ်မှု၊ သမ္မာဝါယမပဲ။

မှန်စွာ မှတ်တာကသမ္မာသတိ၊အမှန်အတိုင်းမှတ်ရတာပဲ။

မှတ်မိတဲ့အာရုံကို ငုံးစိုက်သို့တည်နေတာက သမ္မာသမာဓိ၊ သမ္မာဝါယမ၊ သမ္မာသတိ ဒီသုံးပါးဟာ သမာဓိမဂ္ဂင်ဖြစ်တယ်။

ရှုမှတ်တဲ့အာရုံကို အမှန်အတိုင်းသိတာဟာ သမ္မာဒိဋ္ဌိပဲ။

စမှတ်တဲ့အခါ သင်ထင်ရှားရှား မသိပေမယ့် ဆက်လက်မှတ်လာတဲ့အခါ ရုပ်နဲ့ နာမ် နှစ်ခုသာရှိတယ်လို့ မှတ်တိုင်းမှတ်တိုင်း သိလာမယ်။

လုပ်ချင်တဲ့စိတ်ကြောင့် လုပ်တဲ့ရုပ် ဖြစ်ရတယ်။ မြင်စရာရှိလို့ မြင်တဲ့နာမ် ဖြစ်ရတယ်။ အဲဒီလို အကြောင်းနဲ့အကျိုးကို ပိုင်းခြားပြီး သိလာမယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့လာရမယ်။ မမြဲတာချည်း၊ အနတ္တချည်းပဲလို့ သိလာမယ်။

အဲဒီလို အမှန်အတိုင်းသိမြင်နိုင်အောင် စိတ်ညှို့ပေးတာက သမ္မာသင်္ကပ္ပပဲ။ ဒီသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဆိုတာ ပညာမဂ္ဂင်နှစ်ပါး ဖြစ်တယ်။

ကိုကြီးငွေ ဒီမဂ္ဂင်တရားတွေကို သေသေချာချာ မှတ်ထားပါလို့ ရှေ့မှာရှိသောစားပွဲငယ်ကို လက်သီးထိုး၍ပြောပြလိုက်ရာ ပရိသတ်များ ဩဘာပေးကြသည်။

ကိုကြီးငွေ ။ မှတ်ပါတယ်၊ မှတ်ပါတယ်။

ကိုအောင်ဘန်း။ သမာဓိမဂ္ဂင်သုံးပါးနဲ့ ပညာမဂ္ဂင်နှစ်ပါးကို ကာရကမဂ္ဂင်ငါးပါးလို့ဆိုတယ်၊ ဒီမဂ္ဂင်တွေဟာ ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း ပါနေလို့ ဝိပဿနာဉာဏ်ထူးတွေ ဖြစ်နေတယ်။

ခိုးခြင်း၊ သတ်ခြင်း၊ ကာမအရာတို့၌ မတရားကျင့်ခြင်း၊ ကာယကံ မကောင်းမှုဟူသမျှတို့မှ ရှောင်ကြဉ်တာတွေဟာ သမ္မာကမ္မန္တ ဖြစ်တယ်။

လိမ် ပြော တာ ရယ်၊ ဆဲ ဆို တာ ရယ်၊ တယောက်နဲ့ တယောက် ဂုံးတိုက်တာရယ်၊

စကားအသုံးအဖြင့် ကိုပြောဆိုမှုတို့မှရှောင်ကြဉ်တာရယ် သမ္မာဝါစာ ဖြစ်တယ်။

မှောင်ခိုတာရယ်၊ လာဘ်ငွေယူတာရယ်၊ ငွေညစ်တာရယ်၊ အခလေးတင်းတောင်း မမှန်တာတွေမလုပ်ဖို့ ရှောင်ကြဉ်တာက သမ္မာအာဇီဝပဲ။

ဒီမဂ္ဂင်သုံးပါးဟာ သီလမဂ္ဂင် ဖြစ်တယ်။ ဒီသီလမဂ္ဂင်ဆိုတာ ရှုတိုင်း၊ မှတ်တိုင်းလဲ သီလမဂ္ဂင်သုံးပါးနဲ့ ပြည့်စုံနေတာပဲ။

ရှုမှတ်တိုင်း၊ ရှုမှတ်တိုင်း မဂ္ဂင်ရှစ်ပါးကို တိုးပွားစေတာကြောင့်၊ခြေလှမ်းတိုင်းလှမ်းတိုင်း ရောက်ရမယ့်နေရာကို နီးကပ်နီးကပ်လာသလို နောက်ဆုံးပန်းတိုင်ဟာ နိဗ္ဗာန်ပဲ ဖြစ်တယ်။

ဒါဟာ သတိပဋ္ဌာန်တရားကို နည်းနည်းပါးပါးနားလည်ဖို့လိုတယ်။ တရားအားထုတ်တဲ့လူဟာ မျက်စိနဲ့မြင်ယင်မြင်တယ်၊ မြင်တယ်လို့ မှတ်ရမယ်။ **မျက်စိအဆင်းက ရုပ်၊ သိတာက နာမ်**။ မြင်တဲ့မျက်စိဟာ မရှုမှတ်လို့ရှိယင် အဆင်းကိုအစွဲပြုလို့ ဒီအမျိုးသမီး၊ဒီအမျိုးသား လှတယ်။ ရုပ်အမူအရာအဆင်းအပေါ် ရာဂစိတ်တွယ်တာကပ်ငြိလာတယ်၊ကိလေသာကာမဂုဏ်တွေ တဖွားဖွားဖြစ်လာလို့ မရမနေ ကြိုးစားလာတယ်။

ကိုကြီးငွေ ဟောဒီမှာ ကြည့်စမ်း၊ ရခိုင်ပြည်နယ် ပေါ်ပေါက်လာတာ (၅)နှစ်ကျော်လာပြီ၊ နယ်သူနယ်သားတွေကို ဘယ်လိုအကျိုးပြုတဲ့လုပ်ငန်းတွေလုပ်ကြတယ်ဆိုတာ၊ လက်ညှိုးထိုးပြဖို့လိုတယ်။ စတုတ္ထနဲ့ ပဥ္စမအကြိမ်မြောက်ပြည်နယ်အထိမ်းအမှတ်နေ့မှာ အမျိုးသမီးတွေကပြနေကြတယ်။





**ကိုကြီးငွေ** ။ ကပြယင် ကြည့်ကြရုံပေါ့ ရယ်သံများ။

**ကိုအောင်ဘန်း**။ ကြည့်ဘာမှန်တယ်၊ ဒီအကြည့်မျိုးကိုတရားနဲ့ ကြည့်ဖို့လိုတယ်။ ကတဲ့အမျိုးသမီးတွေဟာ လက်တွေ ခြေသွေ့ ကွေးကောက်နေတာဟာ က,ချင်သောစိတ် (နာမ်) နှိုး ဆော် တိုက် တွန်း လို့ လှုပ်ရှားတဲ့ (ဝါယောဓာတ်) အဆင့်ဆင့် [illegible]ပြန့်နှံ့ကြောင့် ခန္ဓာကိုယ်ဟာ ဟိုမှ ညာမှ ပြောင်းလဲနေတဲ့ အခြင်းအရာ၊ သဘောတရားတွေကြောင့် လှုပ်ရှားကနေခြင်း ဖြစ်တယ်။

အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ် တခုလုံး လှုပ်ရှားဖြစ်ပေါ်နေခြင်းမှာ စိတ်(နာမ်)နှိုးဆွမှုကြောင့် သူမတို့ရဲ့ခန္ဓာ တရွရွလှုပ်ရှားနေခြင်း ဖြစ်ပါတကားလို့ ဆင်ခြင်လို့ ကြည့်ဖို့လိုတယ်။

အရုပ်လှတာကိုမြင်ယင် မကောင်းတဲ့အကုသိုလ် ဖြစ်မလာအောင် ရှုမှတ်ရမယ်၊ လှုပ်ရှားနေတဲ့ ရုပ်ကြီးဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးပါတကား။ သူမတို့ ဆိုနေတဲ့ တေးသီချင်းများကိုလဲ သာယာမှုဖြစ် မလာအောင် ဝါယောရဲ့ အားပေးလို့ ဆိုနေ ခြင်းပါဘကားလို့ ဆင်ခြင်လို့ အာရုံငါးပါး ကာမဂုဏ်တရားမှ လွတ်အောင် ကြည့်တတ်ဖို့ နားထောင်တတ်ဖို့ လိုတယ်။

မကြည့်တတ်၊ နားမထောင်တတ်ယင် ကိလေသာလောင်စာတွေဝင်လာလို့ အတိုနာ တတ်တယ်။

လင်ကြောင့် လောင်၊
မယားကြောင့် လောင်၊
သားကြောင့် လောင်၊
သမီးကြောင့် လောင်၊
စီးပွားဥစ္စာပျက်လို့ လောင်၊

အမှုအခင်းတွေဖြစ်လို့ လောင် နေကြတာ နေ့စဉ်နဲ့အမျှ မဟုတ်လား။

လူဘယောက်အနေနဲ့ နတ်ပြည်မှာနတ်သား နတ်သမီးတို့ ဘယ်လောက်လှတယ်၊ နတ်စည်းစိမ် ဘယ်လောက်ကောင်းတယ်၊ နတ်သြဇာ ဘယ် လောက်ကောင်းတယ် ဆိုတာကို ကိုယ်တိုင်

မမြင်ကြမတွေ့ကြလို့ 'ဒီအာရုံတွေ အပေါ်မှာ ကိလေသာလောင်စာဖြစ်တာ မပြင်းထန်ဘူး။' ကိုကြီးငွေ လူအချင်းချင်း၊ မြို့အချင်းချင်း၊ ရွာအချင်းချင်း၊ ပြည်အချင်းချင်း ဖြစ်တာက လူ့စည်းစိမ် လက်တွေ့ခံစားရလို့၊ လက်တွေ့မြင်ကြရလို့ လိုချင်တဲ့ကိလေသာတွေက ပိုလို့များတယ်။

နားနဲ့ အသံ၊ နှာခေါင်းနဲ့ အနံ့၊ လျှာနဲ့ အရသာ၊ ကိုယ်နဲ့ အတွေ့၊ မျက်စိနဲ့ အမြင်တွေ တောက်လောင်လို့ ကိုယ်ခန္ဓာထဲမှာအပူမီးတွေ တဖွားဖွားဖြစ်နေတယ်။

ကိုကြီးငွေ ။ ကိုအောင်ဘန်း အခု နိုင်ငံတွေ၊ မြို့တွေ၊ ရွာတွေမှာ လုကြ၊ တိုက်ကြ ဆက်ကြေးတောင်းကြ၊ မှောင်ခိုတွေချကြနဲ့ တပုံတခေါင်းကြီးဖြစ်နေတယ်။

မူးယစ်ဆေးဝါးဆိုင်ရာ စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှတောင်ပိုင်း ညီလာခံမှာ ဒေါက်တာထွန်းက ပြောခဲ့တာ တော်တော် အရေးကြီးတယ်၊ ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန် နိုင်ငံတို့က အီရန်မှတဆင့် ဥရောပနဲ့ အမေရိကန်ကို ဘိန်းဖြူတွေ အမြောက်အများချနေတယ်ဆိုပဲ။

ရယ်သံများ။

ကိုကြီးခင့်က မရယ်ကြနဲ့၊ ဟာသချိုလိပ်နဲ့ ကျိုင်းတုံဒေသမှာ အကောက်အခွန် မပေးပဲ မှောင်ခိုချနေတာ တသီတတန်းကြီး၊ အမှုပေါင်း ရာနဲ့ချီလို့ မိနေကယ်။ ရေးမြို့နယ်၊ ကုလားတန် ကျွန်းကို အခြေပြုလုပ်နေတဲ့ မှောင်ခိုလဲ ရှိသေး ဆို။

ရခိုင်ပြည်နယ်၊ မင်းပြားကလဲ သားငါး ရောင်းတဲ့လူတွေ အလေးမမှန်လို့ ဖမ်းခံနေတဲ့ အထဲ လူငယ်ဆံရှည်တွေကိုလဲ ဂျွန်တွေက ဘတ်ချိတင်ဆွဲတယ်ဆိုပဲ။

ဒါတွေဟာ အားလုံး မကောင်းတဲ့အကျင့် တွေ မလုပ်သင့်တာ လုပ်နေကြတယ် မဟုတ် လား။

**ကိုအောင်တန်း။** ကမ္ဘာကြီး မတုန်လှုပ်ဘူး၊ ကမ္ဘာမြေပြင်ရှိ လူတွေဟာ လောဘမီး၊ ဒေါသမီး၊ မောဟမီး တို့ကြောင့် မကောင်းတဲ့အလုပ်တွေကို လုပ်ကြ တယ်၊ အချင်းချင်း သတ်ကြ ပုတ်ကြတယ်၊ ညီအစ်ကိုအချင်းချင်း မသင့်မတင့်ဖြစ်ကြတယ်။

၁၉၇၄ ခုနှစ်က စလို့ ၁၉၇၉ ခုနှစ် အတွင်းဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ကြည့်ရင် ဝမ်းနည်းစရာကောင်းတယ်။

နိုင်ငံခေါင်းဆောင်ကြီးတွေအချို့ အသတ်ခံကြရတယ်၊ အချို့ အသက်မသေ ထွက်ပြေးလို့ လွတ်ခဲ့ကြတယ်၊ မြို့တွေ ရွာတွေမှာနေကြတဲ့ ဆင်းရဲသားတွေလဲ မတော်မတရား အသတ်ခံရတာ ဒုနဲ့ဒေးဖြစ်နေတယ်။

ဒါတွေဟာအားလုံး ကာမစည်းစိမ်ကြောင့်ဖြစ်တယ် မဟုတ်လားလို့ နားထောင်နေသူများဘက်သို့ လှည့်၍ ကိုအောင်ဘန်းက မေးလိုက်သည်။

ဟုတ်တယ်၊ ဟုတ်တယ်။

**ကိုကြီးငွေ** ။ အမှန်စင်စစ် အမှားထင်၊အမှားမြင်သူတွေကို ဘုရားဆုံးမ မရဘူးလို့ ပြောကြတယ်။

ရယ်သံများ။

**ကိုအောင်ဘန်း**။ ဟုတ်တယ်၊ အသတ်ခံကြရတဲ့ ခေါင်းဆောင်တွေထဲမှာ ဗင်္ဂလားဒတ်(ရှ်)မှ ဝန်ကြီးချုပ် ဘူဂျီရာမန်နဲ့ မိသားစု အသတ်ခံရတယ်။ ပါကစ္စတန်ဝန်ကြီးချုပ် အဲလီဘူတိုကိုလဲ ကြိုးမိန့်နဲ့ အသတ်ခံရတယ်။အာဖဂန်နစ္စတန်သမ္မတလဲ အသတ်ခံရတယ်။

အခု ၁၉၇၉ ခု အောက်တိုဘာလ(၂၆) ရက်နေ့မှာ တောင်ကိုးရီးယားနိုင်ငံ သမ္မတကြီး

ပတ်ချုံးဟီး၀် အသတ်ခံရတာ ကမ္ဘာ့သတင်း အရဆိုယင် တော်တော်ဆိုးတယ်၊

**ကိုကြီးငွေ** ။ ပတ်ချုံးဟီး ကိုးရီးယားကို ဘယ်တုန်းက စလို့ အုပ်ချုပ်လာသလဲ၊

**ကိုအောင်ဘန်း**။ ကိုကြီး ပတ်ချုံးဟီးဟာ ဒီသမ္မတစည်းစိမ်ကို မရမနေကြိုးစားလာလို့ ၁၉၆၁ ခုနှစ်ကစလို့ တောင်ကိုးရီးယားကို အာဏာရလာတယ်။ သူ အုပ်ချုပ်လာတာနဲ့တပြိုင်နက် အတိုက်အခံတွေ မဆူရ မပူရအောင် နည်းမျိုးစုံနဲ့ ဖန်တီးလာ တယ်။ အမေရိကန် ထောက်လှမ်းရေးအဖွဲ့ကြီး ဆီက သင်တန်းတက်နည်းတွေယူလို့ ကိုးရီး ယား ဗဟိုထောက်လှမ်းရေးအဖွဲ့နဲ့ လျှို့ဝှက် ရဲအဖွဲ့တို့ကို ဖွဲ့စည်းလိုက်တယ်၊ ဒီအဖွဲ့တွေက ထောက်လှမ်းရေးအရာရှိတွေဟာ နိုင်ငံရေး သမားတွေရော၊ ကုန်သည်တွေ ကျောင်းသူ ကျောင်းသားတွေ မလှုပ်နိုင်အောင် ထောက် လှမ်းလို့ ဆဲ့ထည့်ထားလိုက်၊ တောင်ကိုးရီးယား နိုင်ငံသားတွေ တော်ငဲ မကျေမနပ်ဖြစ်ကြတယ်၊

ကိုကြီးငွေ ထောက်လှမ်းရေးဝန်ထမ်းနဲ့ အထူး ရဲအဖွဲ့ ဝန်ထမ်း အမှုထမ်းပေါင်း

(၃၀၀,၀၀၀) ရှိတယ်လို့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ (၅) ရက်နေ့ နယူးဝိဘ် (၆) မဂ္ဂဇင်းမှာ ဖော်ပြသွားတယ်၊ ဒီသုံးသိန်းကျော် ရှိတဲ့ ဝန်ထမ်းတွေကို ပေးရမယ့်လစာငွေ သူတို့ရဲ့ ခရီးစရိတ်၊ နေ့တွက်စရိတ်၊ ညှော့ခံစရိတ်တွေဟာ ငွေကုဒေ္ဒနဲ့ချီလို့ ကုန်နေတယ်၊ ထောက်လှမ်းရေး အရာရှိတွေနဲ့ လျို့ဝှက်ရဲ အရာရှိတွေဟာ ဘောင်ကိုးရီးယားနိုင်ငံ ပြည်နယ် တနယ်လောက် ဖြစ်နေတယ်။ သူတို့ ထောက်လှမ်းဘာဟာ ကိုးရီးယားပြည်တွင်းမှာ ထောက်လှမ်းတဲ့အပြင် ဂျပန်နိုင်ငံ၊ အမေရိကန် နိုင်ငံနဲ့ တခြားဥရောပနိုင်ငံများမှာ နေထိုင်ကြတဲ့ကိုးရီးယားအမျိုးသားတွေကိုလဲ ထောက်လှမ်းရသေးတယ်၊ ဒီလောက် ငွေကုန်ကြေးကျခံလို့ သူ့လူတွေက သူ့အတွက်ထောက်လှမ်းပေးနေကြရတာသဲ သူ့ရဲ့လူယုံတော်၊ ထောက်လှမ်းရေး အဖွဲ့ ညွန်ကြား ရေး မှူး ချုပ် ကင်ဂျေကျူး[၁] နဲ့ သူ့အပေါင်းအသင်းတွေက ကိုကြီးပတ်ချုံးဟီးကို ပစ်သတ်လိုက်ကြတယ်။

---

၁။ Park Chung Hee.

**ကိုကြီးငွေ။** ကိုးရီးယားနိုင်ငံဟာ ဘာသာရေးအားဖြင့် ဘယ်ဘာသာကို ကိုးကွယ်သလဲ၊ ကိုကြီး ပတ်ချုံဟီးအသတ်ခံရတဲ့နေ့ဟာ ပြဿဒါး နေ့ဖြစ်တယ်။

ရယ်သံများ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ-ကိုးရီးယား နိုင်ငံမှာ ၁၉၅၅ ခုနှစ် ကောက်ယူထားတဲ့ စာရင်းအရ တောင်ကိုးရီးယားမှာ ခရစ်ယန်ဘာသာဝင် ၅၀၀,၃၀၀ သာ ရှိတယ်၊ ကျန်တဲ့လူတွေ ဟာ ဗုဒ္ဓဘာသာတွေချည့် ဖြစ်တယ်၊ ကိုကြီး ပတ်ချုံဟီး နိုင်ငံတော်ရဲ့ အထွဋ် အထိပ် နေရာကို မရရအောင် လုပ်လာ တယ်၊[၂] ရုလဲ ရလာတယ်။

၁၉၇၂ ခုနှစ်ကစလို့ တောင်ကိုးရီးယား ကို သူတယောက်ထဲ အလိုကျ အုပ်ချုပ်ဖို့ ဥပဒေကို ပြဌာန်းလို့ လုပ်ကိုင်လာတယ်၊ ဒါတွေဟာ မမြဲတဲ့တရားကို မြဲအောင် လုပ်ကိုင်လာခြင်းလဲ ဖြစ်တယ်။ သင်္

၁။ Kim Tac Kyu ၂။ ဥပါဒါန်

Korea Central Intelligence Agency

မထားခဲ့ဘူး၊ ထောက်လှမ်းရေးတို့၊ လျို့ဝှက်ရဲတို့ဟာ သွားသင့်သလောက် သွားရမယ်၊ အလွန်အကျွံ ငွေကြေးမကုန်သင့်ဘူး။

ကိုကြီးငွေ။ ကိုကြီး ပတ်ချုံ ဟီးရဲ့ ဇနီး လွန်ခဲ့တဲ့ ၁၉၇၅ ခုနှစ်က သေနတ် ဒဏ်ရာကြောင့် သေဆုံးခဲ့ရတယ် မဟုတ်လား။

ကိုအောင်ဘန်း။ ဟုတ်တယ်၊ ရှေးရှေးဟုန်းဂါ ကောကဆိုတဲ့ အမဲလိုက်မုဆိုး အမဲရှာဖို့ သူ့ခွေးတွေနဲ့ တောသို့ခရီးထွက်တဲ့အခါ ဆွမ်းခံကြွလာတဲ့ မထေရ်တပါးကို တွေ့တယ်၊ ဒါ နိမိတ်မကောင်းဘူး ဆိုပြီး မထေရ်ကို ဒေါသထွက်တယ်၊ အမဲလိုက်ဖို့အမဲမရပဲစိတ်ဆိုးလို့ ပြန်လာတဲ့အခါ ဒီမထေရ်ကိုထပ်တွေ့တယ်။

ကောက မုဆိုးဟာ မထေရ်ကို မြင်လျှင်မြင်ချင်း ဒေါသထွက်လို့ ခွေးတွေကိုကိုက်ဖို့ အမိန့် ပေးလိုက်တယ်၊ မထေရ်က ဒီလို မလုပ်ဖို့ မေတ္တာရပ်ခံတယ်၊ မုဆိုးက မခွေးတွေကို အတင်းကိုက်ခံလို့ မထေရ် သစ်ပင်ပေါ်သို့တက်ပြေးရတယ်။ မုဆိုးဟာသူ့မြှားချွန်နဲ့ အောက်ကနေလို့ ခြေဖဝါးကို ထိုးတယ်၊ ရဟန်းတော်ဟာ အလွန်နာကျင်လို့ ရုန်းတဲ့အခါ အပေါ်ရုံသင်္ကန်း အောက်သို့

ကျပြီး မုဆိုးကောကပေါ် လွှမ်းခြုံသလို ဖြစ်နေတယ်။

ကိုကြီးငွေ-ကံဘာအားဆိုတာမမြင်နိုင်ဘူး၊ လဲထမ်းလာတာပဲ မြင်တယ်၊ ကံသမီး လာတာမမြင်ဘူး၊ ကိုယ် လုပ်ခဲ့တာကို သာလုပ်တယ်၊ မုဆိုးကောကရဲ့ ခွေးတွေ ဟာ မထေရ်သစ်ပင်ပေါ်က ကလာတယ် ထင်လို့ သက်န်းခြုံထားတဲ့ မုဆိုးကို ငိုင်း ကိုက်ပြီး စားလိုက်ကြတာ အသားတွေ ကုန်လို့ ခွေးတွေဟာလဲ နောက်မှ သူတို့ သခင်မုဆိုး ကောကဖြစ်ကြောင်း သိကြ တယ်။

ကိုကြီး ပတ်ချုံဟီး ၈ နီး မ ဒန် ယုတ် ယန်ခူးဟာ အရင်ဘဝတုန်းက လုပ်ခဲ့တဲ့ မကောင်းမှုကံကြောင့် သူ့ခင်ပွန်းကို ပစ် လိုက်တဲ့ ပစ်မှုတကျည်ဆံဟာ သူ့ကိုသာ ထိလို့ သေဆုံးခဲ့ရတယ်။

အပြစ်မမြင်-အကောင်းထင် ရုပ်နာမ် တရားသိဖို့ အရေးကြီးတယ်၊ ကိုကြီး ပတ်ချုံဟီးတို့ရဲ့ ကိုးကွယ်ရာ နိုင်ငံဟာ ဗုဒ္ဓဘာသာဝင် နိုင်ငံတနိုင်ငံ ဖြစ်တယ်၊ ဗုဒ္ဓတရားမှာ မေတ္တာတရားဟာ အလွန် အရေးကြီးတယ်၊ နိုင်ငံသူ နိုင်ငံသားတွေရဲ့

မေတ္တာခံယူဖို့လဲ လိုတယ်၊"ကိုကြီး ပတ်ချုပ်ကြီး သေရတာဟာ သူ့ လူယုံတွေနဲ့ စားသောက်ကြတဲ့ ညစာ ထမင်းစားပွဲမှာ ဖြစ်တယ်၊ အစောင့် အရှောက်တွေကလဲ မနည်းဘူး။

ဟုတယ်၊ ဟုတ်တယ်။

ကိုကြီး အောင်ဘန်းသာနှင့် ကိုကြီး ဧစာ အောင် တို့က ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့အား ညိုပန်းအောင် မုံ့တီ ဝယ်လျက် စားကတဲ၊ သောက်ကတ် (စားကြ၊ သောက်ကြ) ဟု ပြောလိုက်ရာ ပရိသတ်များ ဩဘာပေးကြသည်။

ကိုကြီးငွေနှင့်ကိုအောင်ဘန်းတို့မြိန်မြိန် ယှက်ယှက် တဝစီ စားပြီး၊ ဆက်လက် ဆွေးနွေးကြသည်။

ကိုကြီးငွေ။ ကိုအောင်ဘန်း-လူ့ဘဝရဲ့ အစဟာ ဖြစ်ခြင်း၊[၁] ဖြစ်လျှင်အိုခြင်း၊ နာခြင်း သေခြင်း တို့ ဆက်လာတာပဲ၊ အခုရှိနေတဲ့ လူတွေဟာ သာသနာတွင်းမှာ ဖြစ်နေလို့ နိဗ္ဗာန်မရောက်မီ ဘဝကောင်းရဖို့ လုပ်နည်းကိုင်နည်းတွေ အများကြီးရှိတယ်၊ အထက်

၁။ ဇာတိ။

တန်း ရာထူးနေရာတွေကို ရနေတဲ့ လူတွေဟာ ချက်ချင်းပဲ အောက်သို့ ကျဆင်းဒုက္ခ ရောက်တာတွေ ရှိတယ်။

ဗုဒ္ဓဘာသာဟာ လူသတ္တဝါတို့ရဲ့ လက်ငင်း ဘဝရော၊ နောင်ဘဝတွေပါ ကောင်းကျိုးချမ်းသာကို ပေးနိုင်တယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ ဗုဒ္ဓလူငယ်တွေက အကျင့်ကောင်းလာဖို့၊ မိဖဝတ္တရား၊ ဆရာဝတ္တရား၊ တပည့်ဝတ္တရားတွေကို သိလာဖို့ ကျောင်းတွေမှာ နံနက်တိုင်း ငါးပါးသီလ ခံယူဖို့ လောကနီတိ တရားတွေကို သင်ကြားပေးလို့ရှိယင် ကလေး သူငယ်ယွေ အကျင့်စာရိတ္တကောင်းလာဖို့ ရှိတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း—လူမှုရေးမှာ သုတ္တန်ဒေသနာတွေဟာ လူမှုရေးအတွက် ဖြစ်တယ်၊ လောဘ၊ ဒေါသ၊ မောဟနည်းပါးဖို့ တဦးအပေါ် တဦး မေတ္တာ၊ ကရုဏာရှိဖို့ တရားတွေဖြစ်လို့ အလွန် အရေးပါ ပါတယ်၊ ရောင်းရေး၊ ဝယ်ရေး၊ လုပ်ငန်းတွေမှာလဲ ဒီတရားတွေက အရေးကြီးတယ်၊

ကိုအောင်သန်း၊ မေတ္တာ၊ ဗြဟ္မစိုရ်တရားဟာ အလွန်ထက်မြက်တဲ့ တရားဖြစ်တယ်။ ဗုဒ္ဓ ဂေါတမ ဘုရားဖြစ်တဲ့ အခါ၊ မာနတ်မင်းက သူ့နောက်ပါများနဲ့ ရွှေပလ္လင်မှ လွင့်စင့်အောင် လက်နက်မျိုးစုံနဲ့ ဖြိုခွင်းခဲ့တယ်။

· ဒါပေမယ့်၊ ဂေါတမ ဘုရားက ဒီမာနတ်မင်းရဲ့ လက်နက်တွေကို မေတ္တာဗြဟ္မစိုရ်တရားနဲ့ ဖယ်ရှားခဲ့တယ်၊ မေတ္တာ ဗြဟ္မစိုရ်တရား အရေးကြီးတယ်၊

၁၉၇၀ ခုနှစ်မှာ လူသန်းပေါင်း (၆၀၀) (၇၀၀) နီးပါးရှိတဲ့ အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲမှာ မစ္စက်အင်ဒီရာဂန္ဒီနဲ့သူ့ရဲ့ အဖွဲ့ဝင်တွေကို အိန္ဒိယ မဲဆန္ဒရှင်တွေက မေတ္တာဗြဟ္မစိုရ်မိုး ရွာသွန်းပေးလိုက်ဘာထင်ထင်ရှားရှားပဲ၊ အောက်လွှတ်တော် ပါလီမာန် အမတ်ပေါင်း (၅၄၄) ဦးနေရာတွင် ဗိုလ်စွဲနိုင်လိုက်တယ်။



မစ္စက်အင်ဒီရာဂန္ဒီဟာ အိန္ဒိယနိုင်ငံရဲ့နာမည်ကျော် ဝတ်လုံ နိုင်ငံ ခေါင်းဆောင်ကြီး ဂျဝါဟာလာနေရူးရဲ့ သမီး ဖြစ်တယ်။ တကြိမ်က အိန္ဒိယနိုင်ငံ့ ဝန်ကြီးချုပ်အဖြစ် ထန်းရွက်ခဲ့စဉ် သူ့ရဲ့ပြိုင်ဘက် အတိုက်အခံတွေကို ဖမ်းလိုက်

ထောင်ချလိုက်၊ အရေးပေါ် ဥပဒေလုပ်လိုက်နဲ့ ခတ်ကြမ်းကြမ်း ဆောင်ရွက်ခဲ့တယ်။ သတင်းစာတွေကိုလဲအတော်အတန်ဖိနှိပ်ခဲ့တယ်။

၁၉၇၇ ခုနှစ်၊ ရွေးကောက်ပွဲမှာ အင်ဒီရာ ဂန္ဒီကို မဲဆန္ဒရှင်များလဲ မဲနဲ့ အရှုံးပေး ဆုံးမခဲ့တယ်။ အင်ဒီရာ အာဏာခဲ့တဲ့အခါ ပြိုင်ဘက်ကိုကြီး ဒီဆိုင်းအစိုးရအဖွဲ့က အင်ဒီရာအုပ်ချုပ်စဉ်အခါက လွဲမှားခဲ့တဲ့ လုပ်ငန်းတွေကို ဖော်ထုတ်လို့ အင်ဒီရာနဲ့သူ့သား ဆန်ရွေးတို့အပေါ် အမှုတွေ တမှုပြီးတမှု စွဲလို့ နိုင်ငံရေးအပုပ်ချခဲ့တယ်။

အင်ဒီရာတို့ သားအမိကို အပုပ်ချကဲ့ ဒီဆိုင်းအစိုးရလဲ အချင်းချင်း ကိလေသာ လောင်စာ ဘောက်လောင်လို့ ပြိုကွဲ ပျက်စီးခဲ့တယ်။ အပုပ်ချခံရတာတွေကို သားအမိ ၂ ယောက်ကြံ့ကြံ့ခံလာလို့ အိန္ဒိယ နိုင်ငံသူ၊ နိုင်ငံ သားတွေက အင်ဒီရာအပေါ် မေတ္တာတရားတွေ သွန်းပေးလိုက်တယ်။

အင်ဒီရာဟာပြည်နယ် (၂) ခုကခွလို့အရွေးခံတယ်။ အင်ဒီရာပရာဒေ့ (ရှ်) ပြည်နယ်၊ မိဒက်မဲဆန္ဒနယ်မှ မဲပေါင်း ၂၁၉၀၀၀ နိုင်တယ်။ အရင်အပတ်က ရှုံးခဲ့တဲ့မဲတွေကို အစားထိုးလို့ မေတ္တာမိုး သွန်းပေးလိုက်ခြင်း ဖြစ်တယ်။

နောက် မဲဆန္ဒနယ် တနယ်ဖြစ်တဲ့ အတ္တပရာ ဒေ့(ရှ်) ပြယ်နယ်၊ ရေဘာလီ မဲဆန္ဒနယ်မှမဲ ပေါင်း (၁၄၀၀၀၀) ရတယ်။ သားဖြစ်သူ ဆန်ဂျေးလဲ မဲအပြတ် နိုင်ခဲ့တယ်။ ဒါဟာ ပြည်သူထုရဲ့မေတ္တာဖြဟ္မစိုရ်ကြောင့် ဖြစ်လို့ အိန္ဒိယ ပြည်ကြီးကို အင်ဒီရာဟာ လေးနှစ်အတွင်း အုပ်ချုပ်ရေး ယန္တရားကို စဉ်းစဉ်းစားစားနဲ့ မဲဆန္ဒရှင်များရဲ့မေတ္တာကို အပြန်အလှန်လုပ်ကိုင်ဖို့ပဲ။ ဒီလိုလုပ်တဲ့အခါ ကုသိုလ်ရအောင် လုပ်ဖို့လိုတယ်။

ဆင်းရဲသားတွေ ဒုက္ခ ရောက်နေ တာ ကို ကယ်တင်ခြင်းဟာ ကောင်းတဲ့ ကုသိုလ်တခု ဖြစ်တယ်ဆိုတာ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ ကြို တင်သိထားပြီး ဖြစ်တယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ ကိုကြီး ပတ်ချုံဟီးတို့တောင်ကိုးရီးယား နိုင်ငံမှာ ကိုကြီး ပတ်ချုံဟီးကို သဘောမကျ၊ မကြည်ညိုတဲ့လူ တော်တော်များနေတယ်၊ ဝန်ထမ်းတွေကလဲ နိုင်ငံသူ၊နိုင်ငံသားတွေကို အဖက်မလုပ်၊ ဆက် ဆံ မှု တွေ မကောင်းကြဘူး၊ ချိုချိုသာသာ ပြောရမယ့် စကားတွေကို ခက်ခက်ထန်ထန် ပြောသူ ပြောနေတယ်၊ ဈေးဝယ်လာတဲ့ လူတွေကို ချိုချို

သာသာနဲ့ ဈေးမရောင်းပဲ ကြွမ်းကြွမ်းတမ်းတမ်း ပြောဆို ရောင်းတဲ့ ဈေးသည်တွေ အနားကို ဘယ်သူမှ ဈေးလာမဝယ်ချင်တဲ့ သဘောမျိုး ဖြစ်နေတယ်။

**ကိုကြီးငွေ။** ကမ္ဘာကြီး ငြိမ်းချမ်းရေးရဖို့နဲ့ ဘဝသံသရာတွေ ငြိမ်းချမ်းဖို့ ဗုဒ္ဓတရားဟာ အကောင်းဆုံး နည်းလမ်းတွေ ဖြစ်တယ်၊ ဒါကို ကိုကြီးပတ်ချူဟီး အရေးမထားခဲ့လို့ အခုလို ဆုံးရှုံးခံရတာ ယခင်က သူပြုခဲ့တဲ့ မကောင်းမှုကြောင့် ဖြစ်တယ်။

ကိုကြီး ပတ်ချူဟီး ကွယ်လွန် ပီးနောက် ကိုးရီးယားမှာ လူအများ နှစ်သက်တဲ့ အုပ်ချုပ်ရေးကိုပြောင်းဖို့ သေချာနေတယ်၊ (ပီအာပီ) ခေါ်တဲ့ အာဏာရ ဒီမိုကရက်တစ်ရီပက်ပလစ် ကန်ပါတီ ဥက္ကဋ္ဌသစ် ကင်ဂျူပီတာ သဘောထားကြီးတာကို ပြနေတယ်၊ အတိုက်အခံပါတီ (အင် ဒီ ပီ) နယူး ဒီမိုကရက်တစ် ပါတီဥက္ကဋ္ဌ ကင်ယောင်ဆမ်းထံသို့ ကိုယ်တိုင် ရောက်ရှိပီး နိုင်ငံ အုပ်ချုပ်ရေးအတွက် ဆွေးနွေး နေကြတယ်၊ ဒါ ကောင်းတဲ့ အလားအလာဖြစ်တယ်။

သမ္မတသစ်အဖြစ်ကန်ချီကျူးကိုတင်တာနဲ့ တပြိုင်နက် နိုင်ငံရေး သမား (၆၈) ဦးလွတ်

လိုက်တယ်၊ အစိုးရအပေါ် ဝေဖန်ချက် မလုပ်ရလို့ ပိတ်ထားတဲ့အမိန့်တွေကိုလဲ ရုပ်သိမ်းလိုက်တယ်၊

ကိုကြီးငွေက ဆက်လက်၍ ကိုအောင်ဘန်း၊ အီရန် နိုင်ငံမှာ ရှားဘုရင် နန်းစွန့်ခဲ့ပြီးနောက် အီရန်တပြည်လုံးဆူဆူပူပူ ဖြစ်နေတဲ့အကြောင်း ကမ္ဘာ့ သတင်းစာ အသီးသီးမှာရော၊ ကမ္ဘာ့ အသံလွှင့် ဌာနတွေကရော နေ့စဉ်လိုလို ပါနေတယ်။ အစိုးရအဖွဲ့နဲ့ တော်လှန်ရေး ကောင်စီ အဖွဲ့တွေဟာလဲ၊ ဘတပြန်-ကျားတပြန်ဖြစ်နေတယ်၊ ဝန်ကြီးချုပ်ဘဇာဂန်[၁] ကလဲမကြာခဏ ထွက်စာသင်နေတယ်၊ အခုတော့ နှုတ်ထွက်ခဲ့ပြီး ဖြစ်နေတယ်၊ ဒီသတင်းတွေကို ကမ္ဘာ့ လူထုကရော၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတနိုင်ငံက လူတွေရော စိတ်ဝင် စားနေကြတယ်၊

ကိုကြီးငွေ။ အမေရိကန်တပြည်လုံးမှာလဲအီရန်ကျောင်းသားတွေ ဆန္ဒပြလို့ အမေရိကန် မြို့သူမြို့သားတွေ သူတို့ကို တန်ပြန်ဆန္ဒပြလိုက်တာ ပွက်ပွက် ဆူနေတာပဲ၊

၁။ Prime Minister Mehdi Bazargan

သမ္မတကိုကြီးကာတာကလဲ အီရန်ကျောင်းသားတွေကို ဗီဇာ မပေါလို့ရှိယင် အရေးယူတရားစွဲလို့ ပြည်နှင်ဒဏ်ပေးဖို့လုပ်လိုက်တယ်၊ အမေရိကန် ဘဏ်တိုက်တွေမှာ ရှိတဲ့အီရန်ပိုင် အမေရိကန် ဒေါ်လာ သန်း (၁၂၀၀၀) နဲ့ တကွ အီရန်ပိုင် ပစ္စည်းတွေကို ထုဘ်ယူ လွှဲပြောင်းခြင်းမပြုဖို့ အီရန်က ရေနံကိုလဲ မသုံးဖို့ အမိန့်ထုတ်လိုက်တယ်၊

ကိုအောင်ဘန်း၊ အီရန် မူဆလင် ကျောင်းသားတွေဟာ အမေရိကန်မှာ ၅၀၀၀၀ ကျော် ၆၀၀၀၀ လောက်ရှိတယ်လို့ သတင်းကဖော်ပြတယ်။

ကိုအောင်ဘန်း၊ ဘမ္ဘာ့ ဘေးအန္တရာယ်ဟာ တနေ့တခြား ဆိုးလာတယ်၊ မီးရထားတွေ တစီးနဲ့တစီး တိုက်လို့ တပုံတခေါင်းကြီး၊ လေယာဉ်ပျက်ကျလို့သေတာလဲ တပုံတခေါင်းကြီး။

နိုဝင်ဘာလ (၂၆) ရက်နေ့က ခရီးသည် (၁၄၀) တင်လို့ ဂျေဒါမှ ကရာချီသို့ မောင်းတဲ့ ပါကစ္စတန်ပိုင် လေယာဉ်ဟာ ပျက်ကျတာ လူတွေအားလုံးလိုလို သေကုန်ကြတာပဲ။

အဲဒီနေ့မှာပဲ အီရန် အနောက်ပိုင်း ရုပ်မြင်သံကြား အသံလွှင့်ရုံတရုံကို လက်ပစ် ဗုံးတွေနဲ့

လူ(၅၀၀)ခန့်ဝင်လို့ တိုက်လိုက်တာ အသံလွှင့်ရုံဆုံးရှုံးတယ်။ လူတွေလဲ သေတယ်။

ကပ်ဆိုးဆိုတာ ကြောက်ဖို့ကောင်းတယ်။ နိုဝင်ဘာလ (၂၉) ရက်နေ့က နယူးဇီလန်လေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ်တစီးနဲ့ တောင်ဝင်ရိုးစွန်းပေါ်ကို လှည့်လည်လို့ ကြည့်ကြတဲ့ကမ္ဘာလှည့်ခရီးသည်(၂၅၇)ဦးတင်ဆောင်ခတ်ခမောင်းဘဲ့ လေယာဉ်တစီးဟာ ကျွန်းတခုရဲ့တောင်ကုန်းပေါ် ပျက်ကျတယ်၊ လူအားလုံးသေဆုံးတယ်။

အင်ဒိုနီးရှားနိုင်ငံ ဆူမတြာရာကျွန်းအရှေ့ပိုင်းမှာ ရေလွှမ်းမိုးလို့ လူပေါင်း (၂၁၅၀၀)၊ အိုးမဲ့အိမ်မဲ့ဖြစ်ကြတယ်၊ မြေကော(၅၀၀)ကျော်မှာလဲ ရေလွှမ်းမိုးလို့ အသီးအနှံတွေ ပျက်စီးခဲ့ရတယ်၊ ဒီကျွန်းဟာ ရှေးရှေးက ဗုဒ္ဓဘာသာတွေပဲ။

ဒါကြောင့် မကောင်းတဲ့အလုပ်တွေကို မလုပ်ကိုင်ကြဖို့ အရေးကြီးတယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ နိုဝင်ဘာလ (၁၅)ရက်နေ့က အီရန်နိုင်ငံမှာ မြေငလျင်လှုပ်လိုက်တာ လူပေါင်း (၅၀၀)ကျော် သေဆုံးတယ်၊ ပစ္စည်းဥစ္စာတွေလဲ နစ်နာဆုံးရှုံးတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ဟော ဒီ မှာ ကြည့် စမ်း၊ အမေရိကန်သံရုံးထဲမှာ အီရန်မူဆလင် ကျောင်း သားတွေဟာ သူတို့ဘာသာရေး ဗလီအတွင်း ဝတ်ပြုနေကြသလို သံရုံးအတွင်း ဝတ်ပြုနေကြ တယ်၊ ဒီကျောင်းသားတွေကိုခေါင်းဆောင်တာ ဘာ သာ ရေး ခေါင်း ဆောင် အာယာတိုလာ ခိုမေနီရဲ့သား အာမက်[၁] ဖြစ်တယ်။




အမေရိကန်သံရုံးအတွင်း အီရန်မူဆလင်ကျောင်းသားများ ဝတ်ပြုနေစဉ်နှင့် ခိုမေနီ၏

၁။ Kbomeini's Son Ahmed

**ကိုအောင်ဘန်း။** ဒါတွေဟာ လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာလောင်စာမီးတွေ ဖြစ်တယ်၊ ဒါကို ဆက်လို့မွှေးနေယင် ဘေးအန္တရာယ်တွေ တွေ့နိုင်တယ်၊ ဘေးအန္တရာယ် ကင်းပါစေလို့ ဆုတောင်းရမယ်။

ကိုကြီးငွေ၊ ဗုဒ္ဓတရားမှာ၊ အတ္တဆိုတာမရှိဘူး၊ တချို့လူတွေက ဒီအတ္တကို ဖျက်စီးလို့မရဘူး၊ မဟာဗျူဟာလက်နက်နဲ့ ဖျက်တာတောင် မရနိုင်ဘူး၊ မမြဲတာကို မြဲတယ်လို့ စွပ်စွဲနေကြတယ်၊ ဒါ အမြင်မှား၊ အထင်မှားဖြစ်တယ်။

မျက်စိနဲ့ကြည့်တာကို အနတ္တလို့မှတ်၊

အဆင်းတွေကလဲ အနတ္တ၊

အလင်းရောင်တွေကလဲ အနတ္တ၊

ဆင်ခြင်တာလဲ အနတ္တ၊

ဆင်ခြင်တဲ့နောက်က ဖြစ်ပေါ်လာတဲ့ မြင်သိကလေးကလဲ အနတ္တ၊

ဘာမျှအစိုးမရဘူး၊

မြင်ခံစားကလဲ အနတ္တ၊

မြင်မှတ်သားတာကလဲ အနတ္တ၊

ကြောင့်ကြတာတွေကလဲ အနတ္တ၊

ဘယ်လိုဟာကိုပဲ ကြည့်ကြည့် အတ္တဆိုတာ ရှိရဲ့လား၊ မြဲတာရှိရဲ့လား။

မရှိဘူး၊ မရှိဘူး။

ထို့နောက် ကိုအောင်ဘန်းက ဆက်လက်၍ နာမ်ဆိုတဲ့စိတ်ဘက်ကို ကြည့်လိုက်စမ်း အနတ္တပဲ တွေ့ရမယ်၊ ရုပ်ဘက်ကလဲ အနတ္တ၊ အတ္တဆိုတာ ဘယ်နေရာမှမရှိဘူး၊ ဒါကြောင့် ဂေါတမ သုရားက ခန္ဓာငါးပါးကို အစိုးမရ အနတ္တလို့ ဟောထားတာကို ဒီလူတွေက အတ္တလို့စွဲနေ ကြတယ်၊ မတည်မြဲတာကို မခိုင်ခန့်တာကို အတ္တ လို့ထင်နေတာ အမှားကြီးမှားနေတယ် မဟုတ် လားလို့ ပရိသတ်များဘက်ကိုငေါ၍ ပြောလိုက် ရာ ပရိသတ်များ သြဘာပေးကြသည်။



နန်းကျရှားဘုရင်နှင့် သူ၏မိဖုရား။

ကိုကြီးငွေ။ နိုဝင်ဘာလ (၂၀)ရက်နေ့က ဆော်ဒီအာရေဗျ နိုင်ငံမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တို့ရဲ့ အထွတ်အထိပ် မက္ကာဗလီတော်ကြီးကို မူဆလင်လက်နက်ကိုင်တစု ဝင်ရောက်တိုက်ခိုက်လိုက်ကြတယ်ဆိုတဲ့သတင်းပဲ၊ ဟောဒီမှာကြည့်စမ်း။

ပရိသတ်များ ငေး၍ တအံ့ဘသြကြည့်ကြသည်။

ကိုကြီးငွေက လုပ်သားနှင့် ကြေးမုံသတင်းစာတို့ကို ဖတ်ပြပြီးနောက်၊

ဒီဗလီကြီးဟာ ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့မှာ ရှိတယ်၊ တကမ္ဘာလုံးက အစ္စလာမ်ဘာသာဝင်တွေ ဒီဗလီကြီးကို နှစ်စဉ်လိုလိုရောက်ရှိပြီး ဝတ်ပြုကြတယ်၊ ဝင်ရောက်တိုက်ခိုက်တဲ့အခါ နိုင်ငံတကာက ရောက်ရှိနေတဲ့ မူဆလင်တွေ ထောင်နဲ့ချီလို့ရှိတယ်၊ မူဆလင်အမျိုးသား ရှိအိုင်တီ မူဆလင်လူမျိုးများက ခေါင်းဆောင်တယ်လို့ ဆိုတယ်၊ ဗလီကို စောင့်ရှောက်နေတဲ့ ဘာသာရေးခေါင်းဆောင်တဦးနဲ့ တချို့လူတွေလဲ အသတ်ခံကြရတယ်၊ လူ(၃၀) လောက်ကို ဓားစာခံအဖြစ် ဖမ်းဆီးခံရတယ်။

ဆော်ဒီအာရေဗျအစိုးရက နိုင်နိုင်နင်းနင်းလုပ်လိုက်လို့ ဒီမူဆလင် သောင်းကျန်းသူတွေကို

ယခု ဖမ်းထားတယ်၊ ဒီလို ဖြစ်ရတာဟာ အမေရိကန်က လှုံ့ဆော်တယ်ဆိုပြီး အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာခိုမေနီက အီရန်အသံမှ သတင်းလွှင့်လိုက်တာနဲ့ ပါကစ္စတန်မှာရော ဘင်္ဂလားဒတ်(ချ်)မှာရော၊ အမေရိကန်သံရုံးတွေကို မူဆလင်ထောင်နဲ့ချီလို့ ဆန္ဒပြကြတယ်။

**ကိုကြီးငွေ** ။ ဒါတွေဟာ လောဘမီး၊ ဒေါသမီးတွေပဲ။

**ကိုအောင်ဘန်း**။ ပါကစ္စတန် နိုင်ငံရဲ့ မြို့တော် အစ္စလာမ်မာဘတ်မြို့မှာ ဆန္ဒပြသမားတွေကို အင်တိုက်အားတိုက် အကူအညီပေးလို့ သံရုံးအမှုထမ်း (၁၀၀)ကျော်ဟာ ဘေးမထိ လွတ်မြောက်ခဲ့တယ်။ သံရုံးကိုမီးရှို့ခံရတယ်။

- အမေရိကန် (၄၀၀)ကျော်ကိုလဲ အစိုးရက ပြန်ခေါ်လို့ လုံခြုံရေးအကူအညီတွေကို ပေးလိုက်တယ်။ ဘင်္ဂလားဒတ်(ချ်)နိုင်ငံမှာ ဆန္ဒပြကြ မူဆလင်တွေကို ဒက္ကားမြို့အတွင်း အစိုးရတပ်နဲ့ လုံခြုံရေးအမှုထမ်းတွေ ပေါင်းလို့ ထိန်းသိမ်းလိုက်တယ်။

ကိုကြီးငွေ ကိုကြီးငွေ၊ ဒါ တရားဥပဒေကို လိုက်နာတဲ့နိုင်ငံတွေက လုပ်ရိုးလုပ်စဉ်အလုပ်မျိုး ဖြစ်တယ်။ ဟောဒီမှာ ကြည့်စမ်း။ အစ္စလာမ်

ဘာသာတို့ရဲ့ အထွတ်အထိပ်ဖြစ်တဲ့ မက္ကာဗလီ တော်ကြီးကိုဝင်တိုက်တဲ့ မူဆလင်လူဆိုးများထဲမှ လူဆိုးတယောက်ရဲ့ပုံပဲ။



မူဆလင်လူဆိုးဂိုဏ်းခေါင်းဆောင် အမ္ဗဒယ်လ်အယ်လ်ဘာတာ

ဗလီတော်ကို ဝင်စီးကြတဲ့ မူဆလင်လူဆိုး ဂိုဏ်းခေါင်းဆောင် အဗ္ဗဒယ်လာအယ်လ်ဘာ တာ ဖြစ်တယ်။ နောက်လိုက် ၂၀၀ ကျော်နဲ့

ဝင်တိုက်တာအပြည်ပြည်မှဝတ်ပြုနေတဲ့ မူဆလင် (၂၆)ယောက် အသတ်ခံရပြီး (၁၀၀)ကျော် ဒဏ်ရာရခဲ့ကြတယ်။

ရက်သတ္တ(၂)ပတ်လောက် အစိုးရက တိုက်ခိုက်ဖမ်းကြရကဲ့အတွက် အစိုးရဘက်ကလဲ အကျဆုံးခံရတယ်။

လူဆိုး (၆၉)ဦး ကွက်မျက်ခံကြရတာ **မျက်စိအောက်တွင် သွက်သွက်လည်ကာ ပါရှရှာ ရှာသည်၊ လူမိုက်နောက်ဆုံးအနိစ္စပါတကား။**

မိုက်တယ်ဆိုတာ အစွမ်းအစမရှိဘူး၊ ကမ္ဘာကျော် မက္ကာဗလီကြီးကိုဝင်တိုက်တဲ့ လူတစုရဲ့ ထဲမှ လက်နက်ကိုင် တယောက်ရဲ့ပုံကို ကမ္ဘာ့ မဂ္ဂဇင်းတွေ၊ ကမ္ဘာ့သတင်းတွေထဲမှာ ဖော်ပြ ထားပါတယ်။

အဲဒီဆုံးဖြတ်ချက်တွေကို အီရန်နိုင်ငံက အားလုံးပယ်ချလိုက်တယ်။ဒီအဖွဲ့အစည်းတွေဟာ ဂုဏ်ပျက်စရာ ဖြစ်နေတယ်။

ကိုကြီးငွေ မူဆလင် ကျောင်းသားတွေဟာ အမေရိကန်နိုင်ငံမှာ ခိုလှုံဖို့ တောင်းဆိုနေကြတာလဲ အများကြီးပဲ။

ဒီကြားမှာ ဘက်မလိုက်နိုင်ငံများရဲ့ ဥက္ကဋ္ဌ နေထိုင်တဲ့ ကျူးဘားနိုင်ငံကလဲ သောင်းနဲ့ချီလို့၊ ကျူးဘားနိုင်ငံသားတွေ၊ ပီရူးသံရုံးအတွင်း ခိုလှုံ ခွင့်တောင်းနေကြတာ တမျိုးကြီးပဲ။

နားရှိလို့ကြားရ၊ နားဒုက္ခ။
နားကြားသိတာလဲ နာမ်ဒုက္ခပဲ။

ကိုကြီးငွေ ဒီနေ့ အချိန် ပို မ ပြော နိုင် ဘူး။ ဆွေးနွေးပွဲကို ရုပ်သိမ်းတယ်ဟု ပြောလိုက်သည် နှင့် ပရိသတ်များ ဩဘာပေး၍ ထပြန်ကြလေ သည်။

# ကမ္ဘာ့လူသားတို့ ရှေ့ပြေးအန္တရာယ်

## [ ၂ ]

မိမိ၏ကလေးကို အတတ်ပညာ သင်ကြားမပေးသော မိဘသည် ကလေး၏ရန်သူမည်၏။

အတတ်ပညာ မသင်ကြားရသော ကလေးသူငယ်သည် ဟင်္သာအလယ်ရှိဗျိုင်းကဲ့သို့ ပရိသတ်အလယ်တွင် မတင့်တယ်ပေ။

လုံ့လဖြင့်သာလျှင် အလုပ်ကိစ္စသည် ပြီးစီးအောင်မြင်၏။ စိတ်အာလိုဆန္ဒဖြင့် မပြီးစီး၊ မအောင်မြင်နိုင်။

အိပ်နေသောခြင်္သေ့၏ခံတွင်းထဲသို့ သားသမင်သည် အလိုအလျောက် ဝင်ရောက်မလာနိုင်ပေ။

ဟိတောပဒေသ။

ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့ ဒုတိယနေ့ဆွေးနွေးဖို့ရောက်ရှိလာကြသည့်အခါ ပရိသတ်များ သြဘာပေးကြသည်။

ကိုကြီးငွေက ယနေ့ဆွေးနွေးဖို့ အကြောင်းဟာ **ကမ္ဘာ့လူသားတို့ရှေးပြေးအန္တရာယ်** ဖြစ်တယ်ဟု ကြေငြာလိုက်ပြီး စတင်ဆွေးနွေးသည်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ဂေါတမမြတ်စွာဘုရားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၆၃ ခုနှစ်က ပွင့်တော်မူတယ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အခုဆိုရင် နှစ်ပေါင်း ၂၅၁၈ နှစ်ရှိသွားပြီ၊ သာသနာတော်အခေါင်တိုင်လာရင် ကမ္ဘာ့လူသားတို့လဲ တရားပျက်လို့၊ တရားမဲ့လို့ ဘေးအန္တရာယ်အမျိုးမျိုးတွေ တွေ့လာရမယ်လို့ အသက်အရွယ်ကြီးသံဃာတော်ကြီးများနဲ့လူကြီးမိဖတို့က ပြောကြဆိုကြတယ်။

ဒါတွေကို အမှုမဲ့ အမှတ်မဲ့နေကြလို့ ဗုဒ္ဓတရားတော်တွေဟာလဲ တဖြည်းဖြည်းနဲ့ ဆုတ်ယုတ်လာတယ်၊ စားရေးသောက်ရေးကလဲ ခေါင်းပါးလာတယ်၊ ငွေကြေးဖောင်းပွလို့ အလုပ်အကိုင်တွေလဲ ရှားပါးလာတယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ လူတိုင်းလူတိုင်း ချမ်းသာချင်ကြတယ်၊ ချမ်းသာဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာ မသိတဲ့လူက များနေတယ်။

ချမ်းသာရေးကလဲမျက်မှောက်ချမ်းသာရေး နောင်ဘဝချမ်းသာရေး နှစ်မျိုးရှိတယ်၊ ဒါကို

မြတ်စွာဘုရားက၊

ဥဋ္ဌာနသမ္ပဒါ၊

အာရက္ခသမ္ပဒါ၊

ကလျာဏမိတ္တတာ၊

သမဇီဝိတာသမ္ပဒါ၊

ဒီလေးပါးထဲက ဥဋ္ဌာနသမ္ပဒါဆိုတာ စီးပွားရေးအလုပ်ကို လုပ်ကိုင်ရာမှာ မပျင်းမရိ တက်တက်ကြွကြွလုပ်ကိုင်ဖို့ ဟောတယ်။

စိုက်ရေးပျိုးရေးမှာ လယ်ယာလုပ်ငန်းနဲ့ ပတ်သက်လို့ဖြစ်စေ၊ ရောင်းဝယ်ဖောက်ကားရေး အလုပ်မှာဖြစ်စေ၊ ကျွမ်းကျင်တတ်မြောက်လို့ တက်တက်ကြွကြွ အချိန်ပြည့်စီးပွားရှာဖို့ပဲ။

အာရက္ခသမ္ပဒါဆိုတာ မိမိရှာလို့ ရတဲ့ ကြေးငွေတွေကို ချွေချွေတာတာနဲ့ ထိမ်းသိမ်းစောင့်ရှောက်ဖို့ပဲဖြစ်ဟယ်။

ကလျာဏ မိတ္တဆိုတာက စီးပွားရေးနဲ့ ပတ်သက်လို့ ဖြစ်စေ၊ အခြား လူမှုရေး ကိစ္စ

များနဲ့ ပတ်သက်လို့ ဖြစ်စေ၊ မိတ်ကောင်း၊ ဆွေကောင်း၊ ညှော်ကောင်းတို့နဲ့ ဆက်ဆံဖို့ ဖြစ်တယ်၊ မိတ်ကောင်း ဆွေကောင်း တွေဟာ အလွန်အရေးကြီးတယ်။

ကိုကြီးငွေ၊ ဒီမိတ်ကောင်း ဆွေကောင်းနဲ့ ပတ်သက်လို့ ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းဟာ (၁၀)ကြိမ်မြောက် ပါတီညီလာခံမှာ မိန့်ခွန်း ပြောသွားတဲ့အထဲမှာ နိုင်ငံတနိုင်ငံလုံး အတွက် အရေးကြီးတဲ့အချက်တွေပါတယ်၊ နိုင်ငံတနိုင်ငံ လုံး မှောက် သွား နိုင် တဲ့ လူ စိမ်း-လူ ကျက် အကြောင်းပဲ။

နိုင်ငံသားဖြစ်မှု ဥပဒေ၊
နိုင်ငံသားပြုမှု ဥပဒေ၊

အဲဒီ ဥပဒေတွေဟာ နိုင်ငံရဲ့ သေရေး ရှင်ရေးပဲ ဖြစ်တယ်၊ တိုင်းရင်းသား အဖြစ်ကို ခံယူတဲ့အခါ သေသေချာချာ တာဝန်ရှိသူတွေက စိစစ်ဖို့လိုတယ်။

မိစင်ဖစင် နိုင်ငံသူ နိုင်ငံသား၊
ပြင်ပ သွေးပါတဲ့ နိုင်ငံသူ နိုင်ငံသား။

ပြင်ပနိုင်ငံက တိုင်းရင်းသား အဖြစ်ခံယူတဲ့ နိုင်ငံသူ နိုင်ငံသားတွေ အကြောင်းပဲ၊ ဒါ ကလျာဏမိတ္တဖြစ်ဖို့ လိုတယ်။

ဒီစိစစ်တဲ့အခါက အဂတိလေးပါး မလိုက်စားပဲ၊ နိုင်ငံအကျိုးရှေ့ရှုလို့ စစ်ဆေးဖို့ဝန်ထမ်းတွေနဲ့ ကောင်စီတွေအပေါ်မှာ တာဝန်ရှိလာတယ်၊

သမာဇီဝိတာ ဆိုတာကတော့ မိမိ ရနေတဲ့ငွေတွေဟာ၊ ပစ္စည်းတွေဟာ ကောင်းတဲ့ပစ္စည်း၊ ကောင်းတဲ့ ငွေ၊ တရားသဖြင့် ရတဲ့ငွေနဲ့ ပစ္စည်းဖြစ်လို့ သုံးစွဲတဲ့အခါ ဝင်ငွေထွက်ငွေ မျှတအောင်သုံးဖို့ ဝင်ငွေရဲ့ လေးပုံ တပုံလောက်ချွင်းချန်သုံးဖို့ ဟောတယ်၊

**ကိုကြီးငွေ** ။ ကိုအောင်ဘန်း၊ အခု ပြောသွားတဲ့ ချမ်းသာရေး တရားတော်ဟာ မျက်မှောက်ခေတ်ထူထောင်နေတဲ့ မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်စနစ်နဲ့ ဟပ်နေတယ်။

သြဘာသများ။

ဟုတ်တယ်၊ ဆိုရှယ်လစ် စနစ်ကို ထူထောင်နေတဲ့အခါ ခေါင်းဆောင်ကြီးတွေက ဘယ်လိုပဲ ကောင်းတဲ့စီမံကိန်းကိုချပေမဲ့ အောက်ကလုပ်တဲ့ လူတွေဟာ ဟောဒီမှာ ကြည့်စမ်း၊

ကိုကြီးငွေက မီးချစ်ဆံ တဝက်ကျော်ကျော်ယမ်းမပါသော မီးခြစ်တလုံးကို ထုတ်ပြလိုက်သည်။

ဩဘာသံနှင့်ရယ်သံများဆူညံနေသည်။

**ကိုအောင်ဘာန်း။** ဒီလို လုပ်နေ ကြတာတွေဟာ အကျင့် စာရိတ္တ မကောင်းလို့ပဲ ဖြစ်တယ်၊ စက်ရုံ အလုပ်ရုံတွေကို အုပ်ချုပ်တဲ့လူတွေက အုပ်ချုပ် ရေးကို မစေ့စပ်လို့လဲ ဖြစ်တယ်။ ဟောဒီမှာ ကြည့်စမ်း၊ ဝတ်လာတဲ့ စွပ်ကျယ်ကို ချွတ်ပြ ရမလား၊ စွပ်ကျယ်လက်တို ၃၆ ဆိုပေမယ့် ပွပွကြီးကတမျိုး၊ ကလေး ဝတ်လို့တောင် မရ နိုင်တဲ့ကျုံ့ကျုံ့ကလေးက တမျိုးဖြစ်နေတယ်။

ရယ်သံများ။

ကိုကြီးငွေ၊ ဘာပဲပြောပြော နိုင်ငံထူထောင် ရာမှာ အများကြီး လိုနေတယ်၊ လူတွေ အကျင့် ပျက်တာ တနိုင်ငံ မဟုတ်ဘူး၊ ကမ္ဘာတဝှမ်းလုံး ဖြစ်နေတယ်၊ နို၀င်ဘာလ (၁၉) ရက်နေ့က ဖြိတိသျှ အသံက ကမ္ဘာ တဝှမ်းလုံးမှာ ဘဏ် တိုက်ကို အကြမ်း စီးတာတွေ ရယ်၊ လေယာဉ် ပြန်ပေးဆွဲတာရယ်၊ ကုန်သည်တွေကို ပြန်ပေး ဆွဲတာရယ်၊ ဒေါ်လာသန်း (၁၅၀) ရှိတယ်၊ အလုပ်ရုံ စက်ရုံတွေကို ဗုံးဖောက်ခွဲတာ၊ ခရီး သွား မော်တော်ယာဉ်တွေကို ဖောက်ခွဲတာ ဆုံးရှုံးခံရတဲ့ တန်ဖိုးဟာ ဒေါ်လာသန်း (၁၅၀၀) လောက် ရှိတယ်ဆိုပဲ။

**ကိုကြီးငွေ။** လယ်ယာနဲ့ သစ်တောဝန်ကြီး ကိုကြီးရဲခေါင် မကြာမီက အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပတဲ့ ကုလသမဂ္ဂ ကမ္ဘာ့ရိက္ခာနဲ့ စိုက်ပျိုးရေးညီလာခံကို တက်ခဲ့တယ်၊ ကိုကြီးရဲခေါင်က ဒီကမ္ဘာ့ရိက္ခာနဲ့ စိုက်ပျိုးရေး အဖွဲ့ရဲ့ အစီရင်ခံစာကို ထောက်ခံတယ်။

ဒီအစီရင်ခံစာမှာ တွက်ချက်လို့ ပြထားတဲ့ စာရင်းအရ စားသောက်ဖို့ အတွက် စားနပ်ရိက္ခာမလုံလောက်မှု ဖြစ်ဖို့အရေး လူသားတို့ရဲ့ ရှေ့ပြေး အန္တရာယ်ဟာ ကြောက်လန့်စရာ ဖြစ်နေတယ်။

ခရစ်သက္ကရာဇ် ၂၀၀၀ သို့ ရောက်တဲ့အခါ ကမ္ဘာ့လူဦးရေ သန်း ၆၀၀၀ ဖြစ်လာမယ်၊ အဲဒီအနက်က လူသန်းပေါင်း ၄၉၀ ကျော်လောက်ဟာ စားနပ်ရိက္ခာ မလုံလောက်လို့ သေကြေပျက်စီးခံကြရမယ်လို့ ဟောကိန်း ထုတ်လိုက်တယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ အခုရာစုနှစ်မှာပဲ အစာရေစာ ဝဝလင်လင် မစားရတဲ့ လူပေါင်းသန်း ၂၄၀ လောက်ရှိတယ်လို့ တွက်ချက် ပြနေကြတယ်။ ဒါတွေဟာ ကောင်းယင်စံ၊ ဆိုးယင်ခံ အကျင့်ပျက်တဲ့ လူတွေ တနေ့တခြား ပေါများလာတာကြောင့်၊ ကမ္ဘာ့မြေသြဇာတွေ တဖြည်းဖြည်း

ဆုတ်ယုတ်လာတယ်၊ အသီးအနှံတွေလဲ ဆုတ်ယုတ်လာတယ်။

**ကိုကြီးငွေ** ။ ကိုအောင်ဘန်း၊ တဘက်က ကြည့်ယင် မကောင်းတဲ့ အလုပ်ကို လုပ်တဲ့ လူတွေဟာ မကောင်းကျိုးကို ပေးမယ်၊ ကောင်းတဲ့အလုပ်ကို လုပ်တဲ့လူဟာ ကောင်းတဲ့အကျိုးကို ပေးမယ်။

ကံကိုချည်း ယိုးမယ်ဖွဲ့ပြီး ကိုယ့်အား ကိုယ် လုံ့လဝီရိယ မလျော့သင့်ဘူး၊ လုံ့လဝီရိယမပါပဲ နှမ်းစေ့ထဲက ဆီအလိုလိုမထွက်နိုင်ဖူး၊ မဟုတ်လား။

ဩဘာသံများ၊

**ကိုအောင်ဘန်း**။ ဟုတ်တယ်၊ လူဆိုယင် သဒ္ဓါတရားနဲ့မေတ္တာ ဗြဟ္မစိုရ်တရား အပြည့်အဝ ရှိဖို့လိုတယ်၊ အခု ကမ္ဘာကြီးမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတခုက လောင်စာဆီ ပြဿနာဖြစ်နေတယ်၊ ဒီလောင်စာဆီ အများဆုံးထုတ်လုပ်နိုင်တဲ့ နိုင်ငံတွေဟာ အာရပ် နိုင်ငံတွေဖြစ်တယ်၊ ရေနံထုတ်လုပ်ရေး အဖွဲ့က လောင်စာဆီတွေကို နှစ်စဉ် နှစ်စဉ် ဈေးနှုန်းတိုးမြှင့်လာတယ်။

**ကိုကြီးငွေ** ။ ကိုအောင်ဘန်း၊ ဒီအာရပ် နိုင်ငံတွေက ရေနံကို လက်နက်အဖြစ် အသုံးပြုနေကြတယ်၊ ဒီရေနံကြောင့် စက်မှုလက်မှု နိုင်ငံကြီးတွေက ဖွံ့ဖြိုးဆဲ နိုင်ငံငယ်များထက် အထိမနာဘူး၊

ရေရှည်ကျယင် အာမဗပ်နိုင်ငံ ရေနံတွေဟာ ဝယ်ယူသူမရှိ ဖြစ်လာနိုင်တယ်၊ အမေရိကန်နိုင်ငံ ရေနံကုမ္ပဏီကြီးတွေက ရေနံကိုပိုထုတ်ဖို့ နိုင်ငံသူ၊ နိုင်ငံသားတွေကိုရေနံခြိုးခြံဖို့ စက်ရုံအလုပ်ရုံသုံးဖို့အတွက် သဘာဝပစ္စည်းတွေနဲ့တကွ သိပ္ပံနည်းအရ လောင်စာဆီထုတ်ဖို့ အင်္ဂလန်နိုင်ငံမှာ ကျောက်မီးသွေးမှ လောင်စာဆီ ထုတ်လုပ်ဖို့ နိုင်ငံအသီးသီးက စီစဉ်နေကြတယ်။

ရုရှားနိုင်ငံကလဲ ရေနံကြွယ်ဝတဲ့ နိုင်ငံဖြစ်တယ်။

တရုတ်ပြည်သူ့နိုင်ငံကလဲ ရေနံကြွယ်ဝနေတယ်။

အင်ဒိုနီးရှား နိုင်ငံကလဲ ရေနံကြွယ်ဝ နေတယ်။

**ကိုအောင်ဘန်း။** ကုန်ကြွယ်ဝနေတယ်ဆိုတာ နိုင်ငံ အကျိုးတမျိုးပဲ၊ ဒီနိုင်ငံမှာလဲ ရေနံမရှား မပါးအောင် လုပ်ဖို့ လုပ်နေကြတယ်၊ ဒါပေမယ့် မဖြစ်မနေ ကြိုးစားဖို့လဲ လိုသေးတယ်၊ ရေနံဆိုတာ လူ့အသုံးအဆောင် အရေးကြီးတဲ့ ကုန်တမျိုးဖြစ်တယ်။

**ကိုကြီးငွေ ။** ဒါကြောင့် နိုင်ငံတကာကလဲ ဒီရေနံရှိဖို့ ရေနံကိုအပူတပြင်း ရှာနေကြတယ် မှတ်လား။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ ရေနံဟာလဲ ရန်သူတမျိုး ဖြစ်တယ်၊ ဒါကပ်ကြီး တမျိုးပဲ။

ပရိသတ်များ ရယ်ကြသည်။

ဆွေးနွေးပွဲအနီးတွင် ရောင်းနေသော မုန့်ဘီ သည်များထံမှ အုန်းတပင်ရပ်နေ ကိုသာထွန်း အောင်က ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့ကို မုန့်တော်ဖြင့် ဧည့်ခံသည်၊ ကိုအောင်ဘန်းနှင့်ကိုကြီး ငွေတို့ စားသောက်ပြီး ဆက်လက် ဆွေးနွေးကြ သည်။

ကိုကြီးငွေ ။ လူနတ်ဗြဟ္မာ တိရိစ္ဆာန်အပါအဝင် (၃၁) ဘုံကို ဘာခေါ်သလဲဟု ပရိသတ်အား မေးခွန်း ထုတ်လိုက်သည်။

လမ်းမတော်မှ ကိုပန်းဖြူအောင် မတ်တပ်သ လျက် သတ္တလောကဟု အဖြေပေးလိုက်သည်။ ထိုအခါ ပရိသတ်များက မှန်တယ် မှန်တယ်ဟု ဩဘာပေးကြသည်။

ထို့နောက်၊ကိုကြီးငွေကဆက်လက်၍ဒီသတ္တ လောကမှာ နေထိုင်ကြတဲ့လူတွေ အနက်းအပါယ် လေးဘုံကိုချန်ထားလို့ လူ့ဘုံရယ်၊ နတ်ဘုံရယ်၊ ဗြဟ္မာ့ဘုံရယ်၊ ဒီလူတွေဟာ လူ့ဘုံနဲ့ နတ်ဘုံက ပိုမိုဒုက္ခများတယ်၊ အချို့နတ်ဘုံတွေမှာ နတ် သား နတ်သမီးတွေ၊ လူတွေထက် နတ်စည်း စိမ်ကို ပိုမိုခံစားကြတယ်လို့ ဆိုတယ်။

ဒါကြောင့် နတ်ဘုံကိုရောက်ဖို့ အချို့လူတွေ ဆုတောင်းကြတယ် ဆိုပဲ၊

ရယ်သံများ။

နားထောင်သူများအနက် ဒေါ်ဒေါ်ခိုင်မြ ဦးက နတ်ဘုံခြောက်ထပ်မှာ ကျောင်းအမကြီး ဝိသာခါနဲ့ သူ့ခင်ပွန်း ဘယ်မှာရှိသလဲလို့ မေးခွန်းထုတ်လိုက်ရာ ပရိသတ်များ ရယ်ကြသည်။

ကိုကြီးငွေက မေးခွန်းကောင်းတယ်၊ စာအုပ်ကို လှန်ကြည့်ရမယ်ဟု ပြောပြီး စာအုပ်တအုပ်ကို လှန်ကာ ဝိသာခါ ကျောင်းအမကြီး အခုနိမ္မာနရတိနတ်ဘုံမှာ သုနိမ္မိတာနတ်မင်းကြီးရဲ့ အကြီးဆုံးနတ်မိဖုရားကြီး ဖြစ်နေတယ်၊ သူ့ယောကျ်ားကတော့ သူဌေးကြီးဓနဉ္စယရဲ့ ဂိုဏ်းဝင်မြင်ရိုး သူ့ဇနီးနဲ့တခြားစီ လူ့ပြည်မှာရော နတ်ပြည်မှာရော ဗြဟ္မာဘုံမှာရော မရှိဘူးဟု ပြောလိုက်ရာ ပရိသတ်များ ဩဘာပေးကြသည်။

**ကိုအောင်ဘန်း။** ဒါကြောင့် လူဖြစ်လာယင် လူ့အကျင့်သိက္ခာ ပြည့်ပြည့်စုံစုံရှိဖို့ လိုတယ်။ အထူးက ဘာသာရေး ကိုင်းရှိုင်းရာမှာ ဘာသာရေးလမ်းမလွဲဖို့၊ ဘာသာရေးလမ်းလွဲယင် အောက်ဘုံကိုရောက်တတ်တယ်၊

၁။ အာဇ္ဇာ

၂။ ဥပါဒန်

ကိုကြီးငွေ ။ အောက်ဘုံကို မရောက်အောင် မိဘတွေကလဲ သားသမီးတွေကို အမြော်အမြင် ရှိအောင် အတတ်ပညာ သင်ကြားပေးရမယ်၊ ဘာသာရေးကို ရိုသေလေးစားဖို့ ဆုံးမရမယ်၊ သားဆိုးသမီးဆိုးမဖြစ်အောင် ဆုံးမဖို့ တာဝန်တွေဟာ မိဘဘို့မှာ တာဝန်ရှိနေတယ်။

ကိုအောင်ဘန်း။ တနှစ်ထက်တနှစ် စားရေး၊ သောက်ရေး၊ နေထိုင်ရေးတို့ဟာ အစစအရာရာ ခေါင်းပါးလာတယ်၊ လူသတ္တဝါတွေဟာ အကျင့်သီလမရှိယင် ၁ ဘေးအန္တရာယ် အမျိုးမျိုးနဲ့ ရင်ဆိုင်လာတတ်တယ်၊ ငတ်မွတ်ခေါင်းပါးတဲ့ ပြဿနာတွေ ပေါ်လာတာနဲ့တပြိုင်နက် လက်နက်တွေနဲ့ ထိုးကြ၊ ခုတ်ကြ၊ သတ်ကြ ၂ လူလူချင်း မစာနာ၊ ရာဇဝတ်မှုတွေ ဖြစ်လာနိုင်တယ်။

ကိုကြီးငွေ ။ ဒါဟာ အမှန်ကိုမသိလို့ ၃ ပေါ့။

ကိုအောင်ဘန်း။ အမှန်တရားကိုသိဖို့ဟာ ဗုဒ္ဓတရား အရေးကြီးတယ်၊ ဗုဒ္ဓတရားဟာလဲ တဖြည်းဖြည်းနဲ့ကိမ်ကော ပပျောက်လာတယ်၊ အာရှတိုက်ကို ကြည့်စမ်း။

---

၁။ ဒုသီလ ၂။ သတ္တန္တရကပ် ၃။ အဝိဇ္ဇာ

ပြည်သူ့တရုတ်ပြည်နဲ့ ပူးကပ်နေတဲ့ မွန်ဂိုလီးယားနိုင်ငံဟာ ဗုဒ္ဓဘာသာ နိုင်ငံ ဖြစ်ခဲ့တယ်၊ ဟိမဝန္တာတောင်ရဲ့ အရှေ့ဘက် တောင်တန်းစောင်းမှာ တည်ရှိနေတဲ့ ဘူတန်နိုင်ငံလေးဟာ တနိုင်ငံလုံး ဗုဒ္ဓဘာသာဖြစ်တယ်။

အိမ်နီးနားချင်း ထိုင်း (ယိုးဒယား) နိုင်ငံဟာ ဗုဒ္ဓဘာသာ များနေတယ်၊ ဗီယက်နမ်ဆိုတဲ့ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ် နိုင်ငံတို့ဟာလဲ ဗုဒ္ဓဘာသာဝင်များတယ်၊ ကမ္ဘာမှာ စီးပွားရေး တောင့်တင်းခိုင်မာလာတဲ့ ဂျပန်နိုင်ငံကိုကြည့်စမ်း၊ ဗုဒ္ဓဘာသာဝင်ဟာ အခြားဘာသာဝင်တွေထက် များတယ်၊ ပြည်သူ့တရုတ်ပြည်ကိုကြည့်စမ်း၊ ဗုဒ္ဓဘာသာဝင်နဲ့ ကွန်ဖြူးရှပ် ဘာသာဝင်တွေ အားပြိုင်နေတယ်၊ သီရိလင်္ကာနိုင်ငံကိုကြည့်စမ်း၊ ဗုဒ္ဓဘာသာဝင်တွေ ထိပ်တန်းရောက်နေတယ်။

**ကိုကြီးငွေ ။** အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာဝင်တွေ အကြောင်း သိဖို့လိုတယ်။

**ကိုအောင်ဘန်း။** အိန္ဒိယနိုင်ငံကြီးဟာ ဗုဒ္ဓဘာသာစတင် ပြန့်ပွားခဲ့တဲ့ နိုင်ငံဖြစ်တယ်၊ ခရစ်မတိုင်မီနှစ် ၂၀၀၀ ကျော်ကစတင်လို့ ခရစ်မတိုင်မီနှစ် ၅၀၀ ခန့်က အိန္ဒိယမှာ ဗုဒ္ဓဘုရားတော်တွေ ထွန်းခဲ့တယ်၊

အဲဒီနောက်မ တဖြည်းဖြည်း ဗုဒ္ဓအယူဝါဒတွေဟာ ကွယ်ပျောက်လာတယ်၊ ဒါပေမယ့် ဗုဒ္ဓတရားနဲ့ အနီးစပ်ဆုံး ဟိန္ဒူအယူဝါဒတွေက အိန္ဒိယမှာ လွှမ်းမိုးနေသေးတယ်၊ အာနာပါန၊ သမထအလုပ်တွေကို ဟိန္ဒူဆာဒူး (ဘုန်းကြီး) တွေက ကျင့်နေဘယ်။

ကိုကြီးငွေ၊ ဒီနိုင်ငံတွေမှာ ဗုဒ္ဓတရားတွေ ခေါင်းပါးလာတာ အကြီးအကဲလုပ်တဲ့သူတွေက ဘာသာတရား ကိုင်းရှိုင်းတာနဲ့ပါးလို့ ဗုဒ္ဓတရားကို အားပေးမယ့်ခေါင်းဆောင် နည်းလို့ ဖြစ်တယ် ။

**ကိုကြီးငွေ။** ဗီယက်နမ်မှာသာ ဗုဒ္ဓဘာသာဝင်တွေ များတာမဟုတ်ဘူး၊ ကမ်ပူးချားခေါ်တဲ့ ကမ္ဘောဒီးယားနိုင်ငံရယ်၊ လောနိုင်ငံရယ် ဒီနိုင်ငံတွေလဲ ဗုဒ္ဓဘာသာဖြစ်တယ်၊ အခု ဒီနိုင်ငံတွေမှာ ငတ်မွတ်ခေါင်းပါးရေး ဘေးတွေ ရင်ဆိုင် လာကြတာကြောက်စရာ လန့်စရာပဲ ဖြစ်နေတယ် ။ ငတ်လိုက်ကြတာ၊ သိန်းနဲ့ သန်းနဲ့ ချီလို့များနေတယ်၊ ဟောဒီ ဓာတ်ပုံကိုကြည့်စမ်း။

ပရိသတ်များငေး၍ကြည့်ကြသည်။



အသက်(၇၀)ကျော် အမျိုးသမီးတဦးက တော်မှတ်
နေသော အမျိုးသမီးငယ်တဦးအား [illegible]က်ဆွဲခေါ်လာစဉ်။

ကိုအောင်ဘန်း။ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ် နိုင်ငံတို့ ဟာ အုပ်ချုပ်ရေး ပြောင်းလဲနေတယ်၊ ကွန်မြူနစ်ဖက်ကိုစောင်းနေတယ်၊ ဘာသာရေးကို နိုင်ငံသူနိုင်ငံသားတွေ ဂရုမစိုက်နိုင်ဘူး၊ ဂရုလဲမစိုက်ဝန့်ကြဘူး ၊ မျက်လုံးပြူးပြူးနေကြတယ်။ ပြည်တွင်းအာဏာ လုပွဲတွေနဲ့ ပစ်ကြ ခတ်ကြ စီးပွားရေးတွေမလုပ်နိုင်ကြဘူး ။ ကမ္ဘောဒီးယား နိုင်ငံရဲ့အဖြစ်အပျက်တွေဟာ အလွန်ဆိုးနေတယ် ။ ပိုပေါ့အစိုးရနဲ့ ဟမ်ဆမ်ရင်အစိုးရတို့ နင်လားငါလားဖြစ်နေတယ် ။

ကိုကြီးငွေ…နီပေါနိုင်ငံဆိုတာ အိမ်နီးချင်းနိုင်ငံ တနိုင်ငံဖြစ်တယ်၊ ဒီနိုင်ငံဟာလဲ ဗုဒ္ဓဘာသာ ဟိန္ဒူဘာသာဝင်တွေ တဝက်စီလောက်ရှိတယ်။ တိဘက်နိုင်ငံဆိုရင် အားလုံးလိုလို ဗုဒ္ဓဘာသာဝင်တွေ ဖြစ်တယ်။

ကိုကြီးငွေ။ ဟုတ်တယ်၊ ဗုဒ္ဓဘာသာတရားဆိုတာ အလွန်သိမ့်မွေ့တယ်၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ မတောက်လောင်နိုင်အောင် ထိန်းချုပ်နိုင်တဲ့တရား၊ ဗုဒ္ဓဘာသာတရားကို နိုင်ငံတနိုင်ငံလုံး ကိုးကွယ်ဆည်းကပ်နေတာ ဒီပြည်ထောင်စု မြန်မာနိုင်ငံပဲရှိတယ်ဟု စားပွဲငယ်ကို လက်သီးနှစ်ချက်ကိုး၍ပြောလိုက်ရာပရိသတ်များ သြဘာပေးကြသည်။

ကိုကြီးငွေက ဆက်လက်၍ ဒုက္ခသည်များ ဒုက္ခရောက်နေတာ တကမ္ဘာလုံးလိုလို ဖြစ်နေတယ်၊ ကမ္ဘာ့လူသားတွေရဲ့ ကြမ္မာဆိုးပါဘယ်၊ အာဖရိကနိုင်ငံမှာဆိုယင် စားနပ်ရိက္ခာ ပြတ်လို့ ငတ်နေတဲ့ဒုက္ခသည် (၅) သိန်းမက ရှိတယ်၊ ဇင်ဘာဘွေ့ရှိဒီးရှားနိုင်ငံမှာ ပြည်တွင်းအာဏာလုပွဲကြောင့် အသေခံကြရတဲ့ လူက နှစ်သောင်းကျော်၊ အစာရေစာပြတ်နေတဲ့ လူက မရေမတွက်နိုင် ဖြစ်နေတယ်၊

**ကိုအောင်ဘန်း။** ကိုကြီးငွေ၊ အိမ်နီးပါးချင်းဖြစ်နေတဲ့ အင်ဒိုချိုင်းနားဒုက္ခသည်တွေကို ကြည့်ဝမ်း၊ စာစောပိုင်းက စာရင်းအရ-

| | | |
|---|---|---|
| ထိုင်း (ယိုးဒယား) မှ ဒုက္ခသည် | - | ၂၁၀၀၀၀ |
| မလေးရှား | - | ၇၆၀၀၀ |
| အင်ဒိုနီးရှား | - | ၃၁၂၅၀ |
| ဖိလစ်ပိုင် | - | ၄၀၁၀၈ |
| ဟောင်ကောင် | - | ၅၇၀၀၀ |
| ဘိုင်ဝမ် | - | ၁၅၀၀ |
| ဘရုတ် | - | ၂၀၀၈၈၀ |
| ဂျပန် | - | ၅၂၄ |

အာခုဆိုယင်ထိုင်းနိုင်ငံအတွင်း ဒုက္ခသည်တွေ ကမ်ပူးချားနဲ့ လာအိုနိုင်ငံတို့က လိုမ့်ဝင်လာကြတာ ၅,၀၀၀၀၀ ထက်မနည်း ရှိနေတယ်၊ စားရေးသောက်ရေးနဲ့တကွ ကျန်းမာရေးတို့ကိုပါ လုပ်ပေးလို့မလောက်နိုင်အောင် ဖြစ်နေတယ်၊ ဗီယက်နမ်က ထွက်ပြေးတဲ့ ဒုက္ခ သည်တွေဟာ လှေတွေနဲ့တမျိုး၊ သင်္ဘောငယ်တွေနဲ့ တမျိုး ပင်လယ်မှာနစ်လို့ သေကြတာလဲလူမနည်းဘူး။

ဒီဒုက္ခသည်များနဲ့ ပတ်သက်လို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက လူ (၅) သိန်းအတွက်ဒေါ်လာ (၅၉၀၇) သန်း ခွင့်ပြုထားတယ်။

အာဖဂန်နစ္စတန်ပြည်မှပြေးလာတဲ့ဒုက္ခသည် ၄,၀၀၀၀၀၊ ပါကစ္စတန်နိုင်ငံကို ရောက်နေတဲ့ အတွက်လဲ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမှ အထောက်အပံ့ပေးဖို့ တောင်းဆိုနေတယ်၊ ဒုက္ခသည်တွေက ပြန့်နေတာပဲ။

ကုလသမဂ္ဂနဲ့အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေး အဖွဲ့ကလဲ ကူညီကြတယ်၊ အမေရိကန်နိုင်ငံ သမ္မတကိုကြီးကာတာရဲ့ ဇနီး ရိုဆလင်ကာတာ ကိုယ်တိုင် ထိုင်းနိုင်ငံဒုက္ခသည် ကယ်ဆယ်ရေး စခန်းများသို့ ကိုယ်တိုင်ရောက်ရှိ လေ့လာခဲ့ တယ်။

ဒုက္ခသည်တွေဟာ၊အရိုးနဲ့အရေဖြစ်နေတာယ်။ ဒါတွေဟာ တရားရဖို့ကောင်းထယ်၊ ဒီဒုက္ခသည်တွေအပြင် ၁၉၄၅ ခုနှစ် မတိုင်မီက ခေါ်တူဂိုနိုင်ငံ လက်အောက်ခံဖြစ်တဲ့၊ အခု အင်ဒိုနီးရှား နိုင်ငံပိုင်ဖြစ်နေတဲ့ အရှေ့တီမိုကျွန်းရဲ့ အခြေအနေမှာလဲ တော်တော်ပဲငတ်မွတ်ခေါင်းပါးတဲ့ဘေးနဲ့ ရင်ဆိုင်နေကြရတယ်။

ကိုကြီးငွေ ။ ငတ်မွတ်ခေါင်းပါး ဘေးအန္တရာယ်ဆိုတာ ဒုဗ္ဘိက္ခန္တရကပ် မဟုတ်လား၊ ဒါဟာ လူ ဘဝကို လိုချင်တဲ့တဏှာကြောင့် လူဖြစ်လာလို့ ဒုက္ခတွေ့ကြတာပဲ မဟုတ်လား။

ရယ်ကြသည် ။

ကိုအောင်ဘန်း ။ ကိုကြီးငွေ ၊ ဘိမိုကျွန်းရဲ့ ဒုက္ခသည်တွေကို ကြည့်စမ်း စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ အိုးမဲ့ အိမ်မဲ့ဖြစ်နေတာယ်။



**ကိုကြီးငွေ ။** ကိုအောင်ဘန်း အာဖရိက နိုင်ငံများမှာလဲ ဝတ်မှုတ် ခေါင်းပါးတဲ့ ဘေးနဲ့ ရင်ဆိုင်နေကြတာပဲ၊ စားရမဲ့၊ သောက်ရမဲ့ ဒုက္ခသည် (၅) သိန်းကျော် ရှိတယ်လို့ ကမ္ဘာ့သတင်းတွေမှာ ဖော်ပြတာပဲ။

ဒါ ဒုဗ္ဘိက္ခန္တရကပ်ပဲ၊ ဒီကပ်တွေကို ကျော်ဖို့ လက်နက်တွေနဲ့ စပြိုင်လို့မဖြစ်ဘူး၊ ဗုဒ္ဓတရားရဲ့ မေတ္တာ ဗြဟ္မာစိုရ်တွေကို ထိထိ ရောက်ရောက် အားကိုးဖို့ လိုပါတယ်၊ မေတ္တာတရားတွေ ကိုယ်တွင်းမှာ မရှိယင် ဒုက္ခနဲ့ ရင်ဆိုင်နိုင်တယ်။

**ကိုအောင်ဘန်း။** ပြည်ထောင်စုမြန်မာနိုင်ငံမှာ အခြား နိုင်ငံများနဲ့စာယင်၊ အလွန့်အလွန်ကောင်းနေတယ်လို့ ဆိုရမယ်၊ ဒါအခြားမဟုတ်ဖူး၊ သီတင်းကျွတ် လာတာနဲ့ တပြိုင်နက် ရန်ကုန်မြို့ကြီး နဲ့ တကွ မြို့ကြီးမြို့ငယ် အသီးသီးမှာ အလှူဒါနပြုကြတဲ့ အသင်းအဖွဲ့ တွေက၊

ရပ်တိုင်းလိုလို တရားပွဲတွေကျင်းပနေတယ်
ပရိတ်တော်ရွတ်ဖတ်ကြတယ်၊
ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ကြတယ်၊
ဆွမ်းကြီးလောင်း ပွဲတော်နဲ့ ကထိန်ပွဲတော်တွေကျင်းပကြတယ်၊
တရားပွဲတော်ဆိုကင်လဲ ရပ်ကွက်တိုင်းလိုလို

မှာ သတိပဋ္ဌာန်တရားတော်၊ ဝိပဿနာ ကို ရှေ့တန်းတင်ပြီး ပြောဟောကြတယ်။

ကိုကြီးငွေ၊ ဝိပဿနာတရားနဲ့ ပတ်သက်လို့ ရန်ကုန်မှာ ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီးတွေ တော်တော်များတယ်၊ သာသနရိပ်သာတို့၊ မိုးကုတ်တို့၊ မိုးညှင်းတို့မှာ တရားဝင်တရား ထိုင်တဲ့ လူတွေလဲမနဲဖူး။ သာသနာ့ရိပ်သာမှာဆိုရင်၊

ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာ့ နုဂ္ဂဟအသင်းကြီးနဲ့ ဟိတော်သီအသင်းတို့က ဦးဆောင်လို့လာသမျှတရားဝင်မယ့် လူတွေကို စိတ်မဆင်းရဲရအောင်ကူညီနေတယ်၊

ရိပ်သာတွေရန်ကုန်မှာ တော်တော် များများရှိတယ်၊ မိုးညှင် ရိပ်သာ၊ စွန်းလွန်းရိပ်သာ၊ ဥာဏ်ဏာစာဂီရိပ်သာ၊ မင်းကွန်းတောရရိပ်သာနဲ့ အခြားရိပ်သာတွေ အများပဲရှိတယ်၊

မိုးကုတ်ရိပ်သာဆိုရင်၊ ကန်တော်ကြီးဘေးမြေပဒေသာကျွန်းအနီး၊ တခန်းတနား ရိပ်သာအဆောက်အဦးကြီးနဲ့ ဖြစ်တယ်၊ အမျိုးသား

အမျိုးသမီးတွေ မပြတ်မပြတ် တရားဝင်နေကြတယ်၊ (၁၀)ရက်တကြိမ် တရားဝင်ရတယ်၊ အမျိုးသမီးက (၃၀၀)ပတ်ဝန်းကျင်မှာရှိတယ်၊ တရားပြတဲ့ ဆရာတော်တွေက ဦးဇနိတလင်္ကာရ ဦးဓမ္မိသာရ၊ ဦးဓမ္မသာရတို့ဖြစ်တယ်၊မဟာစည်ဆရာတော်ကြီးမှူးတဲ့ သာသနာ့ရိပ်သာမှာဘော့၊ရန်ကုန်မှာအကြီးဆုံး၊တရားအားထုတ်ရာဌာနကြီးဖြစ်တယ်၊မန္တလေး၊မော်လမြိုင်မြို့ကြီးတွေမှာလဲ သာသနာ့ရိပ်သာဌာန ခွဲတွေအမြောက်အများရှိနေတယ်၊ ရန်ကုန်သာသနာ့ရိပ်သာမှာများသောအားဖြင့်—

ရဟန်းတော်အပါး (၂၅) မှ (၆၀) ပတ်ဝန်းကျင်၊

အမျိုးသားယောဂီ (၃၀)မှ (၇၀) ပတ်ဝန်းကျင်၊

အမျိုးသမီးယောဂီ (၁၀၀)မှ (၃၀၀)အထက်ရှိတယ်၊

ဒီအထဲမှာနိုင်ငံခြားသားတွေလဲမပြတ်မသပ်လာရောက် တရားအားထုတ်နေကြတယ်။ အခုကိုချင်၊ ရဟန်းရောလူပါ တရားအားထုတ်တဲ့အရေအတွက်(၇)သိန်းကျော်ပြီ၊

**ကိုကြီးငွေ** ။ ကိုအောင်ဘန်း– ယခုအားထုတ်တဲ့အမျိုးသားတွေကို တရားပြတဲ့ဆရာတော်က ထပ်တလဲလဲ ယောဂီတွေကို မှာတဲ့အချက်ကတော့ အခြားမဟုတ်ဘူး။ ရိပ်သာမှာ တရားအားထုတ်လို့ညာဏ်စဉ်ရပြီး အိမ်ကိုပြန်တဲ့အခါ အားထုတ်လို့ရတဲ့ တရားတွေကို ရိပ်သာမှာပဲ ခါချမပစ်ကြဖို့ သတိပေးဟောပြတယ်။

ရယ်သံများ။

**ကိုအောင်ဘန်း။** ဒါသူတို့ရဲ့ကိစ္စ၊ ဒီလိုတရားကိုမသေးမစား ပစ်ခဲ့ရင် မသင့်တော်ဖူး၊

ဒီတရားဟာ အင်မတန်ခဲခဲယဉ်းယဉ်း လုပ်ရကိုင်ရ ကြားနာရတဲ့တရားဖြစ်တယ်၊ဒီတရားမျိုးကို ဘုရားလက်ထက်က သားငယ်မိခင် ဒေါ်ကဋ္ဌမ္ဗရခေါ်တဲ့ အမျိုးသမီးတဦးဟာ စိတ္တလတောင်ကုန်းသို့ တရားနာဖို့ရောက်ရှိတယ်၊

ပရိတ်သတ် အစွန်းသစ်ပင်တပင် အရင်းမှာ သူ့သားငယ်နဲ့ထိုင်လို့ တရားနာတယ်၊ သားငယ်ကိုအနီးအနားမှာ အိပ်ခိုင်းထားတယ်၊ သန်းခေါင်ယံအချိန်မှာ အိပ်နေတဲ့ကလေးကိုမြွေတကောင်ကိုက်လိုက်ဘယ်၊ မိခင်ဟာ သူ့သားကိုမြွေကိုက်တဲ့အကြောင်း အော်လိုက်ရင် တရားနာတဲ့လူတွေ စိတ်ထိခိုက်စရာ ရှိတယ်ထင်လို့မအော်ဖူး၊

ဒီ ဒေါက်ဋ္ဌမ္မရက ငါဟာ သံသရာ၌ ကျင်လည်ခဲ့လို့ ဒီလို သားသမီးတွေ မွေးလာရတာ အမြောက်အများရှိပြီ၊ တရားကိုသာ နာလို့ သိအပ်တဲ့တရားကိုသိလို့ နှလုံးသွင်းဂရုစိုက်မယ်လို့စိတ်ကိုအားဖြည့်ဆုံးဖြတ်လိုက်တယ်။ တည၌လုံးတရားကို အားထုတ်လာရာနံနက်အာရုဏ်တက်တဲ့အခါ သောတာပတ္တိဖိုလ်(သောတာပန်)သို့ရောက်တယ်။

သူ့သားငယ်အတွက် သစ္စာဆိုလိုက်တာနဲ့ ရင်သွေးသားငယ်မှာ မြွေကိုက်တဲ့အဆိပ်တွေလဲ အားလုံးပျောက်လို့ သားငယ်ကို ကောက်ချီပြီး အိမ်ကိုပြန်ခဲ့တယ်၊ ရိပ်သာက အမျိုးသမီးတွေ ဒီအမျိုးသမီးလိုဖြစ်ဖို့ပဲ။

**ကိုကြီးငွေ** ။ သတ္တိခဲအမျိုးသမီးပဲဖြစ်တယ်၊ ဟု လက်သီးလက်မောင်းတန်း ချီးမွမ်းလိုက်ရာ ပရိတ်သတ်များက ဩဘာပေးကြသည်။

**ကိုအောင်ဘန်း** ကိုကြီးငွေ၊ သတိပဋ္ဌာန် တရားတော်ဟာ ခန္ဓာကိုယ် အတွင်း ရောဂါအနာ၊ ဒုက္ခ ဝေဒနာ၊ အစခပ်သိမ်း ကိုလဲ ကင်းရှင်းစေတယ်၊ ဆင်းရဲခံစားမှု၊ဒုက္ခဝေဒနာကိုပယ်ခွာနိုင်တယ်။

ရှေးရှေးက ဂင်္ဂါဝနဝါလီ အရပ်မှာရဟန်းသုံးကျိပ် တရားအားထုတ် ကြတယ်၊ ရဟန်းတပါးဟာ၊ မှောင်ကွယ်နေရာမှာ တရားအား

ထုတ်နေစဉ် အဲဒီ မထေရ်ရဲ့ ဒူးကို မြွေပွေး တကောင်ကိုက်လိုက်တော့၊ ဒီမြွေကြောင့် တရား နာသူများရဲ့ အန္တရာယ်ကို မဖြစ်လိုတဲ့အကြံနဲ့ မြွေခပွေးကို ဖမ်းကာ တောင်းတခုမှာ ထည့်ထား တယ်၊ အာရုံတက်ချိန်မှာ မြွေဆိပ်တက်ခြင်းကို သည်းခံလို့ တရားအားထုတ်ခဲ့ရာ ရဟန်းတော် ဟာ၊ အနာဂါမိဖိုလ်သို့ရောက်ရှိခဲ့တယ်၊

ကိုကြီးငွေ၊ ရှုတယ်၊ မှတ်တယ်ဆိုတာ တရား ရှုဘာမှတ်တာပဲဖြစ်တယ်။ ရှုမှတ်တဲ့လူတွေ ဘေး အန္တရာယ်ကင်းတဲ့ တရားဖြစ်တယ်။ နေ့စဉ်ရှင်ပြု၊ ရယ်နေကြတဲ့လူတွေဟာ သောက ပေါင်းစုံနဲ့ငိုကြရဘယ်။

နေ့စဉ်သေနေတဲ့လူတွေ ၁၀၀မှာ လူ ၃၀ ပြန်ဖြစ်ဖို့ခဲယဉ်းတယ်၊ နတ်ပြဟ္မာဖြစ်ဖို့ကလူ၁၀၀ ၃ ယောက်၊ ၄ ယောက်ခန့်ပဲရှိတယ်။ ဒါ့ကြောင့် ဒီတရားကို အချိန်ရှိခိုက် အ းထုတ်ဖို့ပဲ။

ရှင်အာနန္ဒာမထေရ်မြတ်ဟာ ၁၅ နှစ်တိုင်မ အိပ်ပဲဖူး။ အခြားသံဃာတော်တွေလဲအနှစ် ၃၀မှ ၅၀ တိုင်မအိပ်ပဲ အားထုတ်ခဲ့ကြတယ်လို့ တရား စာကထုတ်ပြထားတယ်။

ရိပ်သာမှာ တရားအားထုတ်တဲ့ အမျိုးသား အမျိုးသမီးတွေ အားထုတ်တဲ့ တရားတွေကို ရိပ်သာမှာခွါချမထားခဲ့ဖို့ ယော:ဂီ ဒေါ်ကဋ္ဌမွဲ

တို့ကဲ့သို့ ကျင့်နိုင်ရင်ကျင့်ကြဖို့၊ မကျင့်နိုင်ရင်လဲ ငါသား၊ ငါသမီး၊ ငါလင်၊ ငါမြေး၊ စတဲ့ဒိဋ္ဌိမစွဲဖို့၊ငါ၊ သူတပါး၊ယောကျ်ား၊ မိန်းမဆိုခြင်းတို့ဟာလဲ မှားတဲ့စွဲလမ်းမှုသာဖြစ်တယ်။ ဒါတွေဟာ မှားသောအမြင်ဖြစ်လို့ ယောဂီတွေအနေနဲ့လဲ သတိထားဖို့လိုတယ်။

(မိစ္ဆာဒိဋ္ဌိ) မိစ္ဆာ=မှားသော၊ ဒိဋ္ဌိ=အမြင် (သက္ကာယဒိဋ္ဌိ) သက္ကာယ်=ရုပ်နာမ်ပရမတ်ခန္ဓာ၊

ဒိဋ္ဌိ=မိန်းမ၊ ယောကျ်ားလို့အမှားမြင်၊ဒါတွေကို သတိထားဖို့ လိုတယ်၊

ကိုကြီးငွေ။ ဟုတ်တယ်၊ သာသနာ့ရိပ်သာက ပြလိုက်တဲ့ မဂ်တရား၊ ဖိုလ်တရားတွေဟာ သောတာပန်အဆင့်သို့ ရောက်အောင် ကြိုးစားဖို့ လိုတယ်။

ကိုအောင်ဘန်း၊အမျိုး သားနဲ့ အမျိုးသမီးယောဂီတွေဟာ ရိပ်သာအတွင်းမှာ စည်းကမ်းစနစ်တကျ ပိပိရိရိအားထုတ်နေတာကိုမြင်ရလို့ ကြည်ညိုဖို့ကောင်းတယ်၊ ရိပ်သာတခုလုံးပြည့်နေတာပဲ၊ ရဟန်းတော်တွေလဲ ကြွပုံ၊ လှမ်းပုံနေထိုင်ပုံ တို့မှအစ ကြည်ညိုလို့မဆုံးနိုင်အောင်ဖြစ်နေတယ်၊

ကိုအောင်ဘန်း၊ ဒီသာသနာ့ ရိပ်သာကြီးတာရှည်တည်တံ့ခိုင်မြဲဖို့ အရေးကြီးတယ်၊ ရိပ်

သာအတွင်းမှာလဲ တရားအားထုတ်တဲ့ သံဃာတော်များနဲ့ ယောဂီအမျိုးသား၊ အမျိုးသမီးတို့ လေကောင်းလေသန့် ရဖို့လိုတယ်၊

ရိပ်သာကြီး တာရှည်တည်တံ့ဖို့က ချွေချွေတာတာနဲ့ အစစအရာရာ ထိန်းသိမ်းလုပ်ကိုင်ဖို့ လုပ်နိုင်ကြပါစေလို့ ဆုတောင်းဖို့ပဲ၊



ပညာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် တပည့်များ
တရားလာရောက်အားထုတ်ပြီး အမှတ်တရစုပေါင်းရိုက်ထားစဉ်။

ကိုအောင်ဘာန်း။ ကိုကြီးငွေ ဘာပဲပြောပြော တရားအား ထုတ်တဲ့အခါ(၁၀)ရက်အားထုတ်ယင် (၁၀) ရက်။တလအားထုတ်ယင် တလ အကျိုးရှိတယ်၊ ဒီတရားတွေ အိမ်ကိုယူသွားယင်၊အိမ်ကိုပါသွား ကြယင် ဘယ်လောက်အကျိုးရှိမယ်ဆိုတာ ပြော မကုန်နိုင်ဘူး၊ ရှေးခရှေးက မင်းတွေ လူတွေ ပရိတ်သတ်တွေဟာ ကိုယ့်နန်းမှာ ကိုယ်ကျင့်၊ ကိုယ့်အိမ်မှာ ကိုယ်ကျင့်ကြတာ မရေတွက်နိုင် အောင်တများတယ်။

မြတ်စွာဘုရား လက်ထက်က သာဝတ္ထိနေ ပြည်တော်ဟာ လူ(၇) ကုဋေ ရှိတယ်၊ (၅)ကု ဋေဟာ အရိယာတွေဖြစ်တယ်၊ကျလူ(၂)ကုဋေ က သာမန်လူတွေ ဖြစ်တယ်၊ အရိယာပုဂ္ဂိုလ် တွေဟာ မြတ်စွာဘုရားကျောင်းတော်သို့ နေ့စဉ် ရောက်နေတယ်၊ လူပုဂ္ဂိုလ်တွေကတော့ စားရေ သောက်ရေးနဲ့ တရားနာတဲ့အခါသာ ရောက်ကြ တယ်၊ ရောက်တဲ့ အချိန်မှာ တရားနာလို့ အား ထုတ်လို့ အဲဒီကပဲသောတာပန် ဖြစ်သူဖြစ်တယ်၊

ကိုကြီးငွေ၊သောတာပန် မဖြစ်နေပါစေ၊ ရိုး ရိုးငါးပါးသီလ အကျင့်ကို ထိထိမိမိ ကျင့်ယင်ပဲ ကောင်းတဲ့ ကုသိုလ် ဖြစ်တယ်မဟုတ်လား၊

ကိုကြီးငွေ။ ကိုအောင်သန်း ငါးပါးသီလတို့ ရှစ်ပါးသီလတို့ဟာ အထင်မသေးနဲ့၊ အသက်ရှည်တယ် ရောဂါကင်းတယ်၊ ဘေးအန္တရာယ်နဲ့ မတွေ့နိုင်ဖူး၊ ဝိပဿနာရဲ့ ကုသိုလ်ကတော့ ပြောမကုန်နိုင်အောင် ကုသိုလ်အကျိုးများတယ်။

ရှေးရှေးတုန်းက ဓမ္မပါလရွာသူ ရွာသားတွေဟာ အသက်တန်း တစ်တထောင် မပြည့်ရင် မသေဖူး၊

အဲဒီ ဓမ္မပါလရွာဟာကာသိတိုင်း၊ ဗာရာဏသီပြည်ပဲဖြစ်တယ်။ အဲဒီရွာသူ ရွာသားတွေဟာ ငါးပါးသီလ မြဲတယ်၊ ငါတို့မှာ သေတတ်တဲ့လူဖြစ်တယ်။ သေခြင်းဟူသည် သတ္တဝါခန္ဓာရှိသော လူတို့ရဲ့ မထူးဆန်းသော ကိစ္စဖြစ်တယ်. သေတတ်တဲ့ သဘောဖြစ်တယ်။ ဒါကိုသေသေချာချာ သေခြင်းတရား[၁]ကိုနှလုံးသွင်းလို့ အမြဲရှုမှတ်နေရမယ်။ လူတဦး တယောက်အပြင်ကို ကိစ္စရှိလို့ ထွက်သွားယင် ကျန်တဲ့ သူများကို သေခြင်းတရားကို အားထုတ်ဖို့ သေခြင်းတရားကို မပြတ်နှလုံး သွင်းဖို့ ငါးပါးသီလကို အမြဲတန်း လိုက်နာဖို့ မှာလေ့ရှိတယ်။

---

၁။ မရဏာနုဿတိ။

ထိုရွာမှ အကြီးအကဲပုဏ္ဏားကြီးဖြစ်သူ လယ်ထွန်ဖို့ လယ်ထဲသို့ ထွက်ခဲ့တယ်၊ လယ်ထဲတွင် သစ်ရွက်ခြောက်တို့ကို စုစည်း၍ နေစဉ် မြွေဟောက်ဘကောင် သစ်ခေါင်းမှ ထွက်ပြီး သားဖြစ်သူကို ကိုက်လိုက်ရာ သားသေဆုံးရတယ်၊သားဖြစ်သူလဲ နတ်ပြည်၌ သိကြားမင်းဖြစ်တယ်၊

ပုဏ္ဏားကြီးဟာ သူ့ရဲ့အိမ်က မိသားစုတို့ကို မှာယူလို့ သားရဲ့အလောင်းကို မမြဲသောတရားကိုရှုလို့ မီးသဂြိုဟ်လိုက်တယ်၊

သားဖြစ်သူ သိကြားမင်းဟာ ပုဏ္ဏားအယောင်ဆောင်လို့ မိခင်၊ဖခင်တို့အား မပူမပင်မငိုကြွေးခြင်း၊အဖြစ်အပျက်တို့ကိုမေးမြန်းတယ်။

မိခင်နဲ့ဖခင်မိသားစုတို့က သေသူဟာဘုရဲ့ ကံအတိုင်း ပို့ဆောင်ရာသို့ ရောက်ရှိမယ်ဖြစ်လို့ မီးလောင်နေတဲ့ခန္ဓာကိုယ်ကြီးကို သူ့ရဲ့ဆွေမျိုးသားချင်းတို့က ဘယ်လောက်ပဲ ငိုကြွေးတန်းတဒသာ်လဲ သူသိမယ်မဟုတ်လို့ ကျွန်ုပ်တို့မငိုပါလို့ ပြန်ပြောလိုက်တယ်၊

သိကြားမင်းက သင်တို့နှလုံးသွင်းတဲ့မရဏာနုဿတိတရားဟာ အမှန်တရားပင် ဖြစ်တယ်၊ သင်တို့ဟာ ဆင်းရဲကြီးစွာ အသက် မမွေးကြဖို့ အတွက်သင်တို့တို့သုံးစွဲဖို့ ရတနာ(၇)ပါး ပြည့်

အောင်ထားခဲ့မယ်၊ သီလစောင့်ခြင်း၊ ပေးလှူခြင်းတို့ကိုမမေ့ပါနဲ့၊ ဟု ပြောဆိုကာ သေမသောသူသည်သင်တို့၏ သား ကျွန်ုပ်သိကြားဖြစ်နေတယ်လို့ ပြောပြီးနတ်ပြည်ကိုပြန်တယ်။

ပုဏ္ဏား မိသားစုဟာလဲ ဒါနှ၊ သီလတို့ကိုအဆက်မပြတ် ပြုလုပ်လို့ သေသည်၏ အခြားမဲ့တွင် နတ်ပြည်သို့ ရောက်ကြတယ်၊

ဓမ္မပါလ ရွာသူ ရွာသားများဟာ အနာရောဂါဖိစီးနှိပ်စက်လို့ မည်သည့်အခါမှသေခြင်းအသက် တမ်း တစ်ထောင် နေကြ ရ တယ်။ တစုံတခုသော ဘေးအန္တရာယ်မှ အပ၊ အခြားရောဂါဖိစီးလို့ သေကျေခြင်းမရှိတာဟာ သီလစောင့်ထိန်းတာကြောင့် ဖြစ်တယ်လို့ တရားဟောထားချက် ရှိတယ်။

လူအားလုံးတို့ရဲ့ ပန်းတိုင်မှာ သေခြင်းပင်ဖြစ်တယ် ဟု ပြောလိုက်ရာ အားလုံးက ဝိုင်း၍ သာဓုခေါ်ကြသည်။

ကိုကြီးငွေ ။ ဘုန်းကြီး တရားဟောတာလို ဖြစ်နေတယ်၊ သာဓုမခေါ်နဲ့၊ အခု ကိုအောင်ဘန်း တင်ပြတာ ဗုဒ္ဓတရားရဲ့ အဆီအနှစ်တွေ ဖြစ်တယ်၊ ဗုဒ္ဓတရားကို တိုးပွားဖို့ အလုပ်ဟာ ရဟန်းတော်များရဲ့ အလုပ်၊ ရဟန်း တော်များရဲ့ အသုံးအ

ဆောင်တွေကို လှုံ့တန်း ထောက်ပံ့ဖို့ဟာ မိုဒ္ဒ ဘာသာဝင်တို့ရဲ့အလုပ်။

လူငယ်တွေ အကျင့်စာရိတ္တ မပျက်ဖို့ စာသင်ကျောင်းတွေမှာ မင်္ဂလာတရားတွေကိုပို့ချဖို့ စာသင်ကျောင်းတိုင်း ကျောင်းတက် ကျောင်းဆင်း ဘုရားရှိခိုးလို့ ငါးပါးသီလခံယူဖို့ အလုပ်ဟာ ပညာရေးဌာန အလုပ်ဖြစ်တယ် မဟုတ်လား။

ဩဘာပေးကြသည်။

**ကိုအေးဘဲ့ဘန်း။** ကိုကြီးငွေ၊ မြန်မာရခိုင်တို့ရဲ့ သမိုင်းကိုကြည့်စမ်း၊ ရှေးရှေးက ဘုရင်တွေဟာ သူတို့အုပ်ချုပ်တဲ့ နိုင်ငံသူ နိုင်ငံသားတွေ အတွက်ဘာသာရေးတို့မှာ တက်တက်ကြွကြွ ဆောင်ရွက်ခဲ့တယ်၊ အလောင်းဘုရား လက်ထက် နိုင်ငံစည်ပင်သာယာရေးအတွက် ဆောင်ရွက် ခဲ့တာတွေဟာ ဒန့်ဒေးဖြစ်တယ်။

အလောင်းဘုရားဟာ ရှေးသာသနာဒါယာကခင်းများ အုပ်စိုးစဉ် အခါကဲ့သို တညီတညွတ်တည်း ဖြစ်စေဖို့ —

အသက် (၆၀) ကျော်သူအမျိုးသား အမျိုးသမီး သက်ရှယ်အိုတို့ကို မင်းနဲ့ စပ်လျဉ်းတဲ့ ကိစ္စဟူသမျှ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တယ်၊

ဒီအသက်အရွယ် ကြီးသူတွေရဲ့ စားနပ်ရိက္ခာနဲ့ အဝတ်အထည်တွေကိုလဲ ချီးမြှင့်ခဲ့တယ်

ဒီလူတွေကို ငါးပါးသီလ စောင့်ထိန်းစေလို့ ဘုရားကျောင်းများသို့ နေ့စဉ်လှည့်ပတ် ဖူးမျှော်ဖို့ စီစဉ်ခဲ့တယ်။

သာသနာတော် အတွင်းမှာ ဂိုဏ်းဂဏကွဲပြားမှု မရှိစေဖို့၊ သံဃာတော် ဆရာတော်ကြီးများနဲ့ တိုင်ပင်ဆောင်ရွက်ခဲ့တယ်၊

အမဲသတ်ခြင်း၊ သေရည် အရက်ချက်ခြင်း၊ သောက်စားခြင်း၊ အားလုံးကို တားမြစ်ပိတ်ပင်ခဲ့တယ်၊

မြို့ရွာ နယ်ပယ်များမှာ ခိုးမှု၊ တိုက်မှုပေါ်ပေါက်ပါက ပစ္စည်းပိုင်ရှင်တို့ကို ဆိုင်ရာမြို့သူကြီး၊ ရွာသူကြီးတို့က လျော်ကြေး ပေးရတယ်၊

ရပ်ထဲရွာထဲ ခိုးမှုတိုက်မှုဖြစ်ခဲ့ပါက အနီးဆုံးရွာများက အတိုက်ခံရတဲ့ ပစ္စည်းတွေကို လျော်ကြေးပေးကြရတယ်၊

ဗုဒ္ဓတရားမှအပ မိစ္ဆာဒိဋ္ဌိအယူ ယဇ်နတ်ပူဇော်ခြင်းများကို တားမြစ်ခဲ့တယ်၊

ဝိနည်း သိက္ခာများကို မဖေါက်ဖျက်တဲ့ သံဃာတော်များကို မပြတ်ကြည့်ရှုဖို့ မဟာဒါန်ဝန်ခန့်ထားလို့ ဆောင်ရွက်ခဲ့တယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ— နိုင်ငံတော်ရဲ့ စည်ပင်သာယာရေးကို အလောင်းမင်းတရားကြီး ဆောင်ရွက်ခဲ့သလို အခုလဲ နိုင်ငံတဝှမ်းလုံးက ဝိုင်းလို့ဆောင်ရွက်နေကြတယ် မဟုတ်လား၊

ကမ္ဘာ့ လူသားတို့ ရှေ့ပြေးအန္တရာယ်ရော ဗမာနိုင်ငံတော်အတွင်း နေထိုင်ကြတဲ့ လူသားတွေရဲ့ ဘေးအန္တရာယ် ခပ်သိမ်းကင်းဖို့ပါ၊ ဗုဒ္ဓ စည်ဘော်ကြီးကို ထာဝစဉ် တီးခတ်နေတယ် မဟုတ်လားလို့ လက်သီးလက်မောင်းတန်း၍ ကိုအောင်ဘန်းက ပြောပြလိုက်ရာ ပရိတ်သတ်များ သြဘာပေးကြသည်၊

ကိုကြီးငွေ— ဗုဒ္ဓဟာ ကာမဂုဏ်ခံစားဖို့၊ ရွှေတွေငွေတွေရဖို့၊ အသက်ရှည်ရှည်နေရဖို့၊ မဟောဖူးခဲ့။ လောဘ၊ ဒေါသ၊ မောဟမီးတွေဖြစ်တဲ့ ကိလေသာတွေကိုဖြတ်ဖို့ စိတ်ကိုသာဆုံးမတရား ဟောခဲ့တယ်။

ဒါ့ကြောင့် ရိပ်သာတွေမှာ တရားဝင်ကြတဲ့ ယောဂီတွေဟာအနည်းဆုံးအငယ်စားစူဠသောတာပန် ဖြစ်ဖို့လိုတယ်။ ကိုင်း—ဒီနေ့ပြောပွဲရပ်ကြစို့ဆိုကာ ရပ်သိမ်းလိုက်ရာ ပရိတ်သတ်များ သြဘာပေး၍ ထပြန်ကြသည်။

# လူ့ကံနှင့် လူ့အလုပ်တာဝန်

[ ၃ ]

ဥယျာဉ်ထဲ၌၊ နေရောင်ခြည်မရပဲ သစ်ပင်၊ ပန်းပင်များ မပွင့်နိုင်၊ မသီးနိုင်သကဲ့သို့ လူတို့သည်လည်း မိမိတို့၊ ချမ်းသာရေးကို လုပ်ကိုင်ကြရာတွင် လုံ့လ၊ဝီရိယဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်ခြင်း၊ ချွေချွေတာတာ သုံးစွဲခြင်းဖြင့် တိုးတက်ကြီးပွား လာနိုင်သည်။ ——— တဂိုး။

ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့ ဗုဒ္ဓစာအုပ်များကိုကိုင်၍ တတိယနေ့ ဆွေးနွေးဖို့ ရောက်လာကြရာ၊ နားထောင်ဖို့ ရောက်ရှိနေသောလူပေါင်း (၁၅) ဒါဇင်ခန့်က ဩဘာပေးလိုက်သည့်သခါ ကိုအောင်ဘန်းနှင့် ကိုကြီးငွေတို့ ပြုံးပြုံးရွှင်ရွှင် နေရာယူလိုက်ကြသည်။

ပရိတ်သတ်များအနက် ကိုကြီးစံ ဦးကျော် ကိုကြီးစောဖြူ၊ ကိုကြီးအေးထွန်း၊ ကိုကြီ စံရွှေမောင်၊ ကိုကြီးကျော်ခိုင်၊ ကိုကြီးဖိုးညို၊ ကိုကြီးထွန်းစိန်၊ စသော နိုင်ငံရေးအသိုင်းအဝိုင်းမှ ဧည့်သည်များလည်း လာရောက်ကြသည်။

ကိုအောင်ဘန်းက - မနေ့ကဆွေးနွေးခဲ့တဲ့ အကြောင်းထဲမှာ ငါးပါးသီလမြဲတဲ့ အတွက် အသက်ရှည်နေရတဲ့ ဓမ္မပါလ ရွာသူရွာသားများအကြောင်းကို ပြောခဲ့ပြီးဖြစ်တယ်။ ယနေ့ ဆွေးနွေးဖို့က လူ့ဘဝမှာ လူတယောက်ရဲ့ ကံကြမ္မာအဖြစ်အပျက်၊ **လူ့ကံနှင့် လူ့အလုပ်တာဝန်**အကြောင်းကို ဆွေးနွေးဖို့ ကြေငြာလိုက်ရာ ပရိတ်သတ်များ ဩဘာပေးကြသည်၊

**ကိုအောင်ဘန်း။** ကံဘုရား၊ ကံဆိုတာနှစ်မျိုးရှိတယ်။ အဘိဓမ္မာနည်း၊ သုတ္တန်နည်းဖြစ်တယ်၊ အဘိဓမ္မာနည်းကတော့ စေတနာပဲ၊သုတ္တန်နည်းကတော့ အလုပ်ဖြစ်တယ်။

ဒီနှစ်ခုဟာ-အဘိဓမ္မာနည်းဆိုတာ သာမန်လူဘို့ နားမလည်နိုင်ဖူး၊ ပြောပြမယ့် လူလဲ နားမလည်ဖူး။

ရယ်သံများ

ကိုအောင်ဘန်းက— နားမလည်ဖူး ဆိုတာကိုပဲ ရယ်ကြတယ်၊ ကောင်းတဲ့ကံဆိုတာ ကုသိုလ်ကံပဲ၊ မကောင်းတဲ့ကံဆိုတာ အကုသိုလ်ကံပဲ ဒီ ကောင်းမှု၊ မကောင်းမှု ဆိုတဲ့ ကံတွေမှာ—

ကိုယ်ဖြင့်ပြုလုပ်တဲ့ ကာယကံ။
နှုတ်ဖြင့်ပြောဆိုတဲ့ ဝစီကံ။
စိတ်ဖြင့်ကြံစည်တဲ့ မနောကံ။

အဲဒီလို ကံတရားတွေကို ပြုလုပ်တာ၊ ပြောဆိုတာ၊ အချိန်ကာလအားဖြင့် ရှေးကလုပ်ခဲ့တဲ့ အတိတ်ကံ၊ အခုလုပ်တဲ့ပစ္စုပ္ပန်ကံ၊ (၂) မျိုးခွဲရမယ်။

စာသံ၊ ပေသံနဲ့ပြောရယင်အမိဝမ်းဘွင်းမှာ ပဋိသန္ဓေယူကဲ အခါ်န် ကစ ပြီး အမိဝမ်းတွင်းလဲ မကျွတ်မ [illegible] တယ်၊

အမိဝမ်းတွင်းမှ ကျွတ်တဲ့အချိန်ကစလို့ မသေမီစပ်ကြားကာလကို ပဝတ္တိကာလလို့လဲ မှတ်နိုင်တယ်၊ ဒါသုတ္တန်နည်းလို့ ကျမ်းစာတတ် ပုဂ္ဂိုလ်တွေ ပြောပြချက်ပဲ၊

ဒီကမ္ဘာပေါ်မှာရှိကြတဲ့ လူအမျိုးမျိုးတွေရဲ့ အတိတ်နဲ့၊ ပစ္စုပ္ပန်(၂)မျိုးကိုဆန်းစစ်လိုက်ယင် သူ့အကြောင်းနဲ့ ဘူအကျိုးဖြစ်လာတဲ့ လူ လေးမျိုး ကိုတွေ့ရမယ်။

( ၁ )ရှေးကံရလာတဲ့ အတိတ်ကံရောလက်ရှိပစ္စုပ္ပန်ကံရော ကောင်းတဲ့လူက တမျိုး။

( ၂ )ရှေးအတိတ် ကံကောင်းပီး၊ အခုပစ္စုပ္ပန် ညံ့တဲ့လူကတမျိုး။

( ၃ )ရှေးအတိတ် ကံညံ့ပီး၊ အခုပစ္စုပ္ပန်ကောင်းတဲ့လူကတမျိုး။

( ၄ )ရှေးအတိတ်ကံရော၊ အခုပစ္စုပ္ပန်ကံပါညံ့တဲ့လူကတမျိုး – ဖြစ်တယ်။

အဲဒီ လူလေးမျိုးထဲမှာ ရခိုင် အမျိုးသား၊ မြန်မာနဲ့တိုင်းရင်းသားတွေဘယ်အမျိုးအစားထဲမှာပါသလဲလို့ စစ်တမ်းထုတ်ပြစမ်းပါဟု ပရိတ်သတ်ဖက်သို့လှည့်၍ ကိုအောင်ဘုန်းပြောလိုက်သည်။

အုန်းတပင် ရပ်ကွက်မှ ကိုကြီးသာထွန်းအောင်က ရုတ်တရက်ထပီး၊ အမှတ်( ၄ )မှာ ရခိုင်ကွေပါနေတယ် ဟု ပြောပြလိုက်ရာပရိတ်သတ်များ ဝါးကနဲ ရယ်ကြသည်။

ကိုကြီးငွေ။ ဟုတ်တယ်၊ ကိုကြီးသာထွန်းအောင် ပြောတာကိုထောက်ခံတယ်။ ရခိုင်က လူတွေဆင်းရဲကြတာ၊ မလှူလို့ဖြစ်နေတယ်။ ဗမာပြည်အရပ်ရပ်မှာ စေတီ၊ ပုထိုးတွေ ဘုရားဆင်းတုတော်တွေကို ကြည့်ယင် ရွှေတပြောင်ပြောင်။ ဝင်းလို့ ကြည်ညိုဖို့ကောင်းတယ်၊ ရခိုင်ဘုရား

တွေမှာ ကြည့်ယင် ရွှေကိုမဆိုထားနဲ့၊ ထုံးဖြူ သုတ်မယ့်လူတောင် မရှိဖူး။

ရယ်ရယ်မောမော ဩဘာပေးကြသည်မှာ ဆူညံနေသည်။

ကိုကြီးငွေဆက်လက်၍- ဘုရားကိုရွှေချဖို့ ရခိုင်တွေက ထုံးစံမရှိဘူး၊ ရခိုင်တွေမှာ မိန်းမ တွေကိုသာ ရွှေဆင်ပေးတယ်လို့ ပြောကြတယ်၊ ဒါမှန်သလား ဟု ထပ်မေးလိုက်သည်။

မမှန်ဖူး၊ မှန်တယ်။ ပရိတ်သတ်များအသံ။

**ကိုအောင်ဘန်း။** ဟုတ်တယ်။ အချို့ကမရှိလို့ မလှူတာလို့ ပြောကြတယ်၊ ဒါဟာမလှူလို့ မရှိတာဖြစ် တာကို စဉ်းစားဖို့လိုတယ်၊ အလှူအတန်း ရှားပါးသူတွေဟာ ထာဝစဉ် ဆင်းရဲဖို့ပဲ၊

အခုပြောခဲ့တဲ့လူ ( ၄ ) မျိုးအကြောင်းကို ရှင်းပြရယင် –

( က )ပစ္စည်း၊ ဥစ္စာကြွယ်ဝ ချမ်းသာတဲ့ မိဖထံမှာ လူဖြစ်လာရတာ အတိတ်ကံကောင်း လို့ ဖြစ်တယ်။

မွေးတဲ့အချိန်ကစလို့ မသေခင်စပ်ကြားမှာ ပညာသင်ယူလာတာရယ်၊ စီးပွားဥစ္စာရှာတာ ရယ်၊ ပေါင်းသင်းဆက်ဆံတာရယ်၊ မိမိကိုယ် မိမိ ထိန်းသိမ်းစောင့်ရှောက်လို့ ကြီးပွားဖို့

လုပ်ငန်းတွေကို လုပ်ကိုင်လာလို့ ကြီးပွားချမ်းသာလာတာ ပစ္စုပ္ပန်ကံကောင်းလို့ ဖြစ်တယ်။

ဒါ့ကြောင့် မိဖလက်ဆက်မှာလဲ ချမ်းသာ၊ မိမိဘာသာ ကိုယ့်ဘဝကိုယ်ထူထောင်တဲ့ အခါမှာလဲ ချမ်းသာမြဲ ချမ်းသာဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်မျိုးဟာ အတိတ်ကံရော၊ ပစ္စုပ္ပန်ကံပါ ကောင်းတဲ့လူလို့ ဆိုရမယ်။

**ကိုကြီးငွေ။** ဒီလိုပုဂ္ဂိုလ်မျိုးတွေ ဟာရခိုင်ပြည်နယ်မှာရော၊ မြန်မာနိုင်ငံ တဝှမ်းလုံးမှာရော ရှိတယ်ဆိုတာ ထုတ်ဖော် ပြောနိုင်ပါ့မလား၊

**ကိုအောင်ဘန်း။** ရှိတာပေါ့၊ ရှေးရှေး ဘုရားလက်ထက်က လောက်မကြွယ်ဝမချမ်းသာသော်လဲ သူခေတ်နဲ့ သူတော့ရှိတာပဲ။

ရခိုင်ကဆိုယင် စောစောပိုင်းက လူမော် လူဇော်ဖြစ်ခဲ့တဲ့ ဝန်ထမ်းတွေ တော်တော်များတယ်၊ ပြည်ထဲရေးဝန်ကြီး ကိုကြီးမေအောင်၊ ယစ်မျိုးမင်းကြီး– ကိုကြီးဒေါက်တာရွှေဇံအောင် ငွေတိုက်မင်းကြီး ကိုကြီးလှအောင်၊ အရေးပိုင် ကိုကြီးမြတ်ထွန်းအောင်တို့ ဖြစ်တယ်၊

ကိုကြီးမြတ်ထွန်းအောင်ဟာ ဗြိတိသျှခေတ် ပထမတုန်းက အရေးပိုင်ဖြစ်လို့ ကျောက်ဖြူနယ်မှာ ဆားခွန်တွေနဲ့ အခြားခွန်တွေကို လွတ်

ငြိမ်းချမ်းသာခွင့်ပေးခဲ့တာ သမိုင်းတင်ထိုက်တဲ့ ခရိုင်ဝန်ပဲ။

နန်းရင်းဝန်နဲ့ ပြည်ထဲရေး ဝန်ကြီးဖြစ်ခဲ့တဲ့ ကိုကြီးဆာပေါ်ထွန်း ပညာရေးဝန်ကြီးဖြစ်ခဲ့တဲ့ ကိုကြီး ဆာထွန်းအောင်ကျော်၊ တို့နဲ့ဝတ်လုံကိုကြီး စံရွှေဘု၊ ရှေ့နေကိုကြီးမြထွန်း၊ အမျိုးသား ကျောင်းဆရာကြီး ကိုကြီး ထွန်းအောင်၊ ဝတ် လုံကိုကြီးသာဇံလှ၊ ရှေ့နေကြီး ကိုကြီးလှထွန်းဖြူ ဝန်ကြီးဟောင်း ကိုကြီးအောင်ဇံဝေ၊ ဝန်ကြီး ဟောင်း ကိုကြီးဘမြိုင်၊ မြူဉက္ကဋ္ဌ ကိုကြီးရွှေ ဘော်၊ ကိုကြီး အောင်သာဦး တို့ဖြစ်တယ်၊ အချို့ ပစ္စည်းအားလျော့နည်းသော်လဲ၊ အကျင့် စာရိတ္တဂုဏ်ကြောင့် ပြည်နယ်က လေးစားကြည် ညို ခံရတယ်။

သံတွဲနယ်က ဝန်ကြီးဟောင်း ကိုကြီးရွှေကြိုင်၊ ကျောက်ဖြူကဆိုယင် ရှေ့နေကြီးကိုကြီးဘိုးလူနဲ့ သံအမတ်ဟောင်း ကိုကြီးဘစောတို့ ဖြစ်တယ်။

ဝန်ထမ်းရေးရာမှာ စက်ရှင်မင်းကြီး ကိုကြီး သာဇံဦး၊ တိုင်းမင်းကြီး ကိုကြီးမောင်ကျော်၊ ယဉ်ချိုးခင်းကြီး ကိုကြီးစောလှဖြူ၊ ရဲချုပ်ကိုကြီး ထွန်းလှအောင်၊ အတွင်းဝန် ကိုကြီးစိန်ညို ထွန်း၊ ကိုကြီးရွှေဘော်နဲ့ ဘဏ္ဍာရေးမင်းကြီး ကိုကြီးကျော်ခိုင်၊ အတွင်းဝန်ချုပ် ကိုကြီးရွှေမြ၊

သာမန်စာရေးဘဝမှ စက်ရှင်မင်းကြီးဖြစ်လာတဲ့ ကိုကြီးမောင်သာဇံဟာ ပစ္စုပ္ပန်ဘဝမှာတိုးမြှင့်ခဲ့တယ်၊

မြန်မာနိုင်ငံ အနေနဲ့ အမြောက်အများရှိတယ်၊ ပွဲစားကြီး ကိုကြီးဖိုးသာ၊ ဒေါက်တာကိုကြီးညို၊ ကိုကြီးဆာသွင်။ ကိုကြီးဆာဘ၊ ကိုကြီးဆာမောင်ခင်။ ကိုကြီးဆာဂျေအေမောင်ကြီး၊ ကိုးထပ်ကြီး ဘုရားတကာ ကိုကြီးကျော်တို့နဲ့ နိုင်ငံရေးနယ်ပယ်မှာဆို ကိုကြီးချစ်လှိုင်၊ ကိုကြီးဆာအမ်အေ မောင်ကြီး၊ ကိုကြီးဘဖေ၊ ကိုကြီး ဆာဘဦး၊ ကိုကြီး မောင်မောင်အုန်းခိုင်၊ ကိုကြီးပု၊ ကိုကြီးဘသိစ်၊ ဝတ်လုံကိုကြီးသိမ်းမောင် တရုတ်အမျိုးသား တွေကဆိုယင် ကိုကြီးဆာအရိန်၊ ကိုကြီးဘိန်ချွန်း၊ ကိုကြီး ကျင်သိန်း၊ ကိုကြီးစိန်ဝင်း(ပဲခူး)၊ ကိုကြီး မြန်မာ့အလင်းဦးတင်၊ ကိုကြီးဒေါက်တာ ဘမော်။ မွန်အမျိုးသား ဝန်ကြီးဟောင်း ကိုကြီးချစ်သောင်း ပါဠိမာကွချုပ် ကိုကြီးဖေမောင်တင်၊ ကရင်တို့ကဆိုယင် ဆာစံစီဖိုး။ ဖြစ်လို့ ဝန်ထမ်းအသိုင်းအဝိုင်းက စည်ပင်သာယာမင်းကြီး ကိုကြီးချစ်မောင်၊ တရားရေးဌာန အတွင်းဝန် ကိုကြီးထွန်းရ၊ ရဲမင်းကြီး ကိုကြီးအောင်ချိန် ကိုကြီး

ညွှန့် (အီးကဖီး) နဲ့ အခြားပုဂ္ဂိုလ် တော်တော် များများရှိတယ်၊

ဒီ ပုဂ္ဂိုလ်တွေဟာ မိဖလက်ထက်ကစလို့ ပစ္စုပ္ပန် ဘဝမှာတိုင်အောင် လူချစ်လူခင်များ တယ်၊ လေးစားခံကြရတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။

ကိုကြီးငွေ- ဒီလိုပုဂ္ဂိုလ်တွေ ဖြစ်လာအောင် အခုခေတ်လူငယ်တွေ ကြိုးစားဖို့လိုတယ်။ မကြိုး စားပဲ သောက်လား၊ စားလား၊ အချိန်ကုန် ခံလုပ်နေကြတဲ့ လူငယ်၊ လူလတ်တွေကိုအသိုင်း အဝိုင်းက ပယ်ထုတ်ဖို့၊ ဒါမှမဟုတ်ယင် သူ့ တို့ရဲ့ မကောင်းတဲ့ အကျင့်တွေ အမြစ်ပါပြုတ်အောင် ဂဠုန်စိမ်ကိုန်းက လုပ်ရမယ် - ဟု (၂) တောင့် (၁) ထွာစားပွဲငယ်ကို လက်သီးထိုး၍ ပြော လိုက်ရာ ဘေးတွင်တင်ထားသော အုန်းမှုတ်ခွက် လွင့်ကျခြင်းကြောင့် ပရိတ်သတ်များ ဩဘာ ပေးကြသည်မှာ ဆူညံနေသည်။

ကိုကြီးငွေ- အညာမြေက ကိုကြီးဒေါက်တာ မောင်မောင်လဲ အတိတ်နဲ့ ပစ္စုပ္ပန်ကောင်းတဲ့ ပုဂ္ဂိုလ်ပဲ။

အကောင်းဆုံးက နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း ဖြစ်တယ်။ စေတနာလဲ ဖြူစင်တယ်။ နိုင်ငံကိုလဲ စည်းစည်းလုံးလုံးနဲ့ ထိမ်းသိမ်းနိုင်တာ အတိတ်ကုသိုလ် ကျားကန်လို့ ဖြစ်တာပဲ၊ ဆင်း

ဆင်းရဲရဲနဲ့ နိုင်ငံရေးလုပ်ခဲ့တဲ့ သခင်တွေကိုလဲ ငွေကြေးသွန်လို့ ထောက်ပံ့ခဲ့တယ်။ ကူညီသင့်တာ ကူညီဖို့လက်မနှေး၊ အတိတ်ပစ္စုပ္ပန် စင်ပြိုင်ကောင်းနေတယ်။

ဟုတ်တယ်၊ ဟုတ်တယ်။ အသံများ။

**ကိုကြီးငွေ။** ကိုအောင်ဘန်း-ရခိုင်ကအရေးပါတဲ့ ပုဂ္ဂိုလ်တဦးကျန်နေတယ်၊ ဒီပုဂ္ဂိုလ်ဟာ ကိုကြီးရဲ့ ကျော်သူ ဖြစ်တယ်။

**ကိုအောင်ဘန်း။** ကိုကြီးရဲ့ကျော်သူဟာအတိတ်ရော၊ပစ္စုပ္ပန်ရော တဆက်တည်း ကောင်းတာမဟုတ်ဖူး၊ သူကိုယ်တိုင် တက်တက်ကြွကြွ လုပ်ကိုင်လို့ ကြီးပွားချမ်းသာလာတဲ့ လူဖြစ်တယ်၊

**ကိုကြီးငွေ။** ကိုအောင်ဘန်း- မြတ်စွာဘုရား လက်ထက်က ဘယ်ပုဂ္ဂိုလ်တွေ ပါတယ်ဆိုတာ မသိရဖူးလား၊

ရယ်ကြသည်။

**ကိုအောင်ဘန်း။** သိရတာပေါ့၊ ဇေတဝန် ကျောင်းဒါယကာ ကိုကြီး အနာထပိဏ်နဲ့ ပုဗ္ဗာရုံ ကျောင်းအမ ဒေါ်ကြီးဝိသာခါ တို့ဖြစ်တယ်၊

သူတို့နဲ့ အခုလူတွေနဲ့ ယှဉ်ရရင် မိုးနဲ့မြေကြီးဖြစ်နေတယ်၊

ရယ်သံများ

ကိုကြီးအနာတပိဏ်တို့ဒေါ်ဒေါ်ဝိသာခါတို့ဟာဘုရားကျောင်းတော်ကိုတနေ့ (၂) ခေါက်မရောက်ရရင်မနေနိုင်ဖူး၊ဒေါ်ဒေါ်ဝိသာခါအိမ်မှာနေ့စဉ် သံဃာတော်အပါး (၂၀၀၀) ဆွမ်းကျွေးတယ်၊ ကိုကြီးအနာဘပိဏ်သဌေးကလဲ သူ့အိမ်မှာ သဃာယော် အမြောက်အများကို နေ့စဉ်ဆွမ်းလှူတယ်၊

ကောသာလ ဘုရင်ကိုယ်တိုင် သူ့နန်းတော်မှာ သံဃာ (၅၀၀) နေ့ဟိုင်း ဆွမ်းလှူနေတယ်လို့ ဗုဒ္ဓစာပေတွေမှာ ဖော်ပြထားတယ်၊

ကိုကြီးငွေ- အမှတ်စဉ် (၂)နှင့် ပတ်သက်လို ဆွေးနွေးဖို့လိုတယ်၊

. ( ခ )ချမ်းသာကြွယ်ဝတဲ့ မိဖအိမ်မှာလူလာဖြစ်ရဘယ်၊ မွေးတဲ့အချိန်ကစလို့ မသေမီကာလမှာ မိမိရဲ့ကြီးပွားရာ ကြီးပွားကြောင်းတွေကိုမလုပ်သို့်အတိဘ်ကံကောင်းပီး၊ ပစ္စုပ္ပန် ကံညံ့ယူဖြစ်တယ်။ ဒီလိုလူတွေ ရခိုင်မှာ တော်တော်များများရှိတယ်၊ ကချင်တို့၊ ကရင်တို့၊ ကယားဘို့၊ ချင်းတို့၊ ရှမ်းဘို့၊ မွန်တို့နဲ့ မြန်မာမှာလဲရှိတယ်။

ရှေးရှေးက ကုဋေ (၈၀ )သဌေးသားဖြစ်ပီး၊ မိဖ ကွယ်လွန်ခဲ့တဲ့အခါ သောက်စားမူးယစ်နဲ့ ခွက်လက်စွဲလို့တောင်းစားရတယ်၊နောက်ဆုံးခွေး

သေ၊ ဝက်သေ၊ သေ်ရတဲ့ ဗာရာဏသီသဌေး
သားဖြစ်တယ်၊

(ဂ) ဆင်းရဲတဲ့ မိဖထံမှာ လူဖြစ်ရတာ အတိတ်ဘဝကံ ညံ့တယ်လို့ဆိုရမယ်၊ ဒါပေမဲ့ ဒီလူဟာကိုယ့်ကိုကိုယ်ကြိုးပွားရာကြိုးပွားကြောင်း မသောက်မစား လုံ့လ၊ ဝီရိယစိုက်လို့ လုပ်ကိုင်လာလိုက်တာ တဖြည်းဖြည်းနဲ့ ချမ်းသာလာတယ်။

အချို့ဆင်းရဲတဲ့မိဖရဲ့ သားသမီး ဖြစ်ပေမယ့် ချို့ချို့ငဲ့ငဲ့နဲ့ ပညာသင် တတ်မြောက်လာတယ်။ အစိုးရ အလုပ်မှာလဲ ကြိုးကြိုးစားစား လုပ်ကိုင်လာတယ်၊ တဖြည်းဖြည်း ရာထူးကြီးလာတယ်၊ ဒီလိုလူတွေဟာ ဗမာပြည်မှာရော၊ ရခိုင်ပြည်မှာပါ တော်တော်များတယ်၊

ဤအဘွင်း လမ္ဘော်မှာ ဒေါ်သာဇံလှက မြင်း ဦးထွန်းဖေ ဆေးပေါ့လိပ် ရခိုင်မယ် ရှမ်းဖက်ဆေးပေါ့လိပ်။ စန်းသော်တာ ဆေးပေါ့လိပ်များကို သံပုဂ်ပြား ဟောင်းထချပ်တွင် ထည့်၍ သောက်ကတ်ပါဟု ပြောဆိုကာ လာပေးလေသည်။

ကိုကြီးငွေ။ ကိုအောင်ဘန်း— တရုတ်ပြည်ကရော ကုလားပြည်ကပါ ဆင်းဆင်းရဲရဲနဲ့ ဗမာပြည်ကို ရောက်လာတဲ့ တရုတ်ကုလားတွေ ကြိုးကြိုးစားစား

လုပ်ကိုင်ကြတဲ့အတွက် ချမ်းသာကြွယ်ဝတဲ့ လူတွေ မရှိဖူးလား၊

ရယ်သံများ

**ကိုအောင်ဘန်း။** ရှိတာပေါ့ ဒါပေမယ့် တရုတ်တိုင်း ကုလားတိုင်း၊ ချမ်းသာတာ မဟုတ်ဖူး၊ သူတို့ရဲ့အတိတ်ကံ၊ ပစ္စုပ္ပန်ကံကလဲ လိုသေးတယ်၊

( ဃ ) ဆင်းရဲတဲ့ မိဖဆီမှာ လူလာဖြစ်တဲ့အချိန်ကစလို့ မသေမီစပ်ကြား၊ မိမိရဲ့ ကြီးပွားရာ၊ ကြီးပွားကြောင်းကိုလဲ မလုပ်၊ ပေါ့ပေါ့ဆဆနေလို့ ဆင်းရဲရတဲ့ လူတွေဟာ အတိတ်ကံရော၊ ပစ္စုပ္ပန်ကံရော ညံ့တဲ့လူတွေ သူတို့ဟာ ကယ်ပါတို့ရဲ့ ကံ့လို့ဖြစ်တယ်၊

ဩဘာသံများ

**ကိုကြီးငွေ။** ကံဘရားဟာ လူသတ္တဝါတွေကို စီမံအုပ်ချုပ်ကွပ်ကဲခြင်း ဖြစ်ဘယ်လို ဘုရားကိုယ်တော်တိုင် ဟောခဲ့တယ်။

လူတွေဟာ လူ့ကံကိုချည်း အားကိုးလို့မဖြစ်ဖူး၊ လူ့အလုပ် တာဝန်ကိုလဲ ဖိလုပ်ဖို့လိုတယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ- လူတဘဝလာဖြစ်ရတာ ဖြစ်ရတဲ့ အချိန်အခါမှာ လက်ငင်း ပစ္စုပ္ပန် ကြီးပွားချမ်းသာရေးဟာ အရေးကြီးတယ်၊ ဘုရားကိုယ်တိုင်က ကြီးပွားချမ်းသာရေးနဲ့ ပတ်သက်လို့ သမ္ဗုဒ္ဓါတရားလေးပါး ဟောခဲ့တဲ့အကြောင်း၊

ဒုတိယနေ့က ဆွေးနွေးခဲ့တယ် မဟုတ်လား၊

စစ္စည်းဥစ္စာ ရှာတယ်ဆိုတာ စားဖို့၊ သောက်ဖို့၊ ကာမဂုဏ် စည်းစိမ်အတွက် ဖြစ်တယ်လို့ ယူဆလို့မဖြစ်သေးဖူး၊ ကာမဂုဏ်စည်းစိမ်ဆိုတာ မကောင်းတဲ့အကျင့် မကောင်းတဲ့အလုပ်၊ ကိလေသာ အညစ်အကြေးတွေ ဖြစ်ပေါ်မလာအောင် ထိမ်းသိမ်း စောင့်ရှောက်လို့ ကောင်းတဲ့အကျင့်၊ ကောင်းတဲ့ အလုပ်ကို လုပ်ဖို့ ကောင်းသော ရှာမှီးလုပ်ကိုင်ဖို့ လိုတယ်၊

အရိယာ မဖြစ်သေးသူတို့မှာ ကိလေသာလောင်စာမီး၊ အမြစ်မှ မဖြုတ်နိုင်သေးဖူး။ ဒါပေမယ့် ပိတ်ပင်တားဆီးဖို့ မလောင်ကျွမ်းအောင်လုပ်ဖို့ အရေးကြီးတယ်၊ ကိလေသာဆိုရာမှာ –

လွန်ကြူးသော အဆင့်၊[၁]
ထကြွသော အဆင့်[၂]
ကိန်းဝပ်သော အဆင့်[၃]

ဒီအဆင့်တွေကို သာမာန် လူပုဂ္ဂိုလ်တို့အနေနဲ့ လောဘ၊ ဒေါသ၊ မောဟတို့ ဖြစ်မလာဖို့ ကိလေသာမီးတို့ကို ကိုယ်ကျင့်တရား ကောင်းကောင်းနဲ့ ခုခံကာကွယ်ဖို့ လိုတယ်၊

---

၁။ ဝိတိက္ကမ ၂။ ပရိယုဋ္ဌာန ၃။ အနုသယ

ကိုယ်ကျင့်တရား ကောင်းတယ်ဆိုတာအကျင့် သီလ တရားပဲဖြစ်တယ်။ လူ့သီလအနေနဲ့စိမှတ်ကို တရားပဲ၊ ရဟန်းတော်များမှာ ဓမ္မဝိနယပဲ၊

**ကိုကြီးငွေ။** အကျင့်သီလဆိုတာ ရှစ်ပါးသီလ စောင့်ရ မလား၊ ဝိပဿနာတရား လုပ်ရမလားဟု မေး လိုက်သည်၊

**ကိုအောင်ဘန်း။** ကိုယ်ကျင့်တရားဆိုတာ ငါးပါးသီလဟာ အဓိကပဲ၊ ဒီထက်ပိုလို့ စောင့်ထိမ်းချင်ယင် ရှစ် ပါးသီလ စောင့်ဖို့ပဲ၊ ဒါမှမဟုတ်ယင် ငရဲ၊ တိရစ္ဆာန်၊အပါယ်ဘုံတွေမှလွတ်အောင်ဝိပဿ နာတရားကို လုပ်ဖို့ပဲ၊ ဝိပဿနာ တရားဆို တာလဲ စွဲစွဲမြဲမြဲလုပ်လာယင် အလွန်ကောင်းတဲ့ ကုသိုလ်တရားပဲ၊ ကိလေသာလောင်စာတို့ဖြစ် နိုင်တဲ့အကြောင်းရင်း (၆) မျိုးရှိတယ်၊

(၁) မျက်စိနှင့် အဆင်း၊
(၂) နားနှင့် အသံ၊
(၃) နှာခေါင်းနှင့် အနံ့၊
(၄) လျှာနှင့် အရသာ၊
(၅) ကိုယ်နှင့် အထိအတွေ့၊
(၆) စိတ်နှင့် အကြံ၊

ကိုကြီးငွေ ဒါဟာ ဗုဒ္ဓတရားရဲ့ အခြေခံ လူ့ ကျင့်တရား၊ရဟန်းကျင့်တရား၊ဒီတရားကို အစဉ်

မပြတ် ရှုမှတ်နေယင် တိရစ္ဆာန်ဘာ၊ အပါယ်ဘဝကိုမရောက်နိုင်ဖူး၊ ဝိပဿနာ မဟာ့ကုသိုလ်ဖြစ်တယ်ဟု လက်သီး လက်မောင်းတန်း၍ ကိုအောင်ဘန်းက ပြောပြလိုက်ရာ နားတောင်နေသောပရိသတ်များ ဩဘာပေးကြသည်မှာ ဆူညံနေကြသည်။

ကိုကြီးငွေ ။ကိုအောင်ဘန်း မရှိလို့မလှူ၊ မလှူလို့ မရှိပြောနေကြတယ်၊ ဥရောပနိုင်ငံကလူတွေ ချမ်းသာကြွယ်ဝလိုက်ကြတာ သန်းနဲ့ချီလို့ ကြွယ်ဝကြတယ်၊ ဒါအလှူ လှူတာကြောက်ရောလို့ပဲ။

ဗီယက်နမ်၊ ကမ်ပူးချား၊ လာအိုနိုင်ငံတို့က ငတ်ပြတ်လို့ အရိုးနဲ့အရေ ဖြစ်နေတဲ့ပုံတွေကို မြင်ရတာနဲ့ အမေရိကန်နဲ့ အနောက်ဥရောပနိုင်ငံကလူတွေဟာ လှူလိုက်ကြတာ သောက်သောက်လဲဆိုပဲ၊

နယူးယောက်မြို့အနီးက အမျိုးသမီးတဦးဟာ ဒီဒုက္ခသည်တွေကို လှူဖို့၊ ပေါင်မုန့် (၅၀၀) ဖုတ်လို့၊ ပေါင်မုန့်တလုံး (၂) ဒေါ်လာနှုန်းနဲ့ ရောင်းလို့ရတဲ့ငွေတွေကို လှူလိုက်တယ်ဆိုပဲ၊ အမေရိကန် တန်ဖိုးနဲ့ ဆိုယင် (၁၀၀၀) ဒေါ်လာ ဖြစ်တယ်။ မြန်မာငွေနဲ့ ဆိုယင် (၇၀၀၀) ကျပ် ဖြစ်တယ်။

**ကိုအောင်ဘန်း** ။ရခိုင်အမျိုးသမီးတွေလဲလှူမယ်ဆိုယင် လှူနိုင်တယ်၊ ဗူးညွှန့်၊ ဗူးသီးတွေကို တောင်းမှာထည့်လို့ မြို့ထဲလျှောက်ရောင်း၊ ရတဲ့ငွေကို ဘုန်းကြီးကျောင်း လှူလိုက်ယင် ဒါလဲ ဒါနတခုပဲမဟုတ်လားဟု ပြောလိုက်ရာ ပရိသတ်များ ရယ်ကြသည်။

ကိုအောင်ဘန်းကဆက်၍ စီးပွါးရေးဆိုတာ နေရာတကာမှာ လိုတယ်၊ စီးပွါးရေးကို မရရအောင် ရှာလို့ တဘက်က ဒီငွေကို ချွေချွေတာတာ သုံးဖို့အရေးကြီးတယ်။

စစ်တွေမှာကြည့်လိုက်စမ်း၊ နံနက်ဈေးဝယ်သွားတဲ့ အမျိုးသမီးတွေမှာ ဈေးခြင်းတောင်းကို ကိုယ်တိုင်မကိုင်ကြဖူး၊ တိုင်းတပါးသားအမျိုးသားတွေကို ပြား (၅၀) မှ (၁) ကျပ်နှုန်းနဲ့ အကိုင်ခိုင်းလို့ ငွေဖြုန်းနေကြတယ်။

တနေ့ကို အမျိုးသမီး (၅၀၀) အရေအတွက်နဲ့ ကုန်ကျမယ့်ငွေကိုတွက်ကြည့်ယင် ဘယ်လောက်ကုန်တယ်ဆိုတာ ဟောဒီ စာရင်းကိုကြည့်စမ်း ဖတ်ပြမယ်ဟု ပြောပြီး ကိုအောင်ဘန်းက ဖတ်ပြလေသည်။

| အမျိုးသမီး ဦးရေ | ခြင်းတောင်း ကိုင်ခန့်နှုန်း | တရက် (ကျပ်) | တလ (ကျပ်) | တနှစ် (ကျပ်) |
| --- | --- | --- | --- | --- |
| ၅၀၀ | ပြား ၅၀ | ၂၅၀ | ၇၅၀၀ | ၉၀၀၀၀ |
| ၅၀၀ | ၁ ကျပ် | ၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀၀ |

ကိုကြီးငွေ ။ကိုအောင်ဘန်း စားဖို့ သောက်ဖို့ တအိမ် ထောင်အတွက် ဝယ်ယူရတဲ့ နေ့စဥ် အလုပ် တခုကို စျေးခြင်းတောင်းကိုင်ဖို့ လူငှါးရတာ မြန်မာနိုင်ငံတနိုင်ငံလုံးမှာလဲ မရှိဖူး၊ ပစ္စည်း ကြွယ်ဝတဲ့ အနောက်ဥရောပမှာလဲ မရှိဖူး၊ ရခိုင်က မြို့နယ်တွေမှာလဲ မရှိဖူး။ ဒီစစ်တွေ တမြို့ထဲသာ စျေးခြင်းကို လူငှါးနဲ့ကိုင်တာမျိုး ရှိတယ်၊ ဒါကို တားမြစ်ရမယ်ဟု လက်သီး လက်မောင်းတန်း၍ ပြောလိုက်သည်။

ကိုအောင်ဘန်း— ယနေ့ ရခိုင် ပြည်နယ် အခြေအနေကို ကြည့်စမ်း၊ စီးပွားရေးတွေ ကျ နေတယ်၊ အလုပ်အကိုင်မရှိတဲ့ လူတွေကလဲ များနေတယ်၊ သောက်စား မှုးယစ်တာတွေ ဒင်းကြမ်းဖြစ်နေတယ်။ ဒါတွေကို ပါတီရော ကောင်စီငါ ဆောင်ရွက်ဖို့ လိုတယ်။

ကံ ကံ၏ အကျိုးကိုချည့် ခါးထောက်ပီး စောင့်နေလို့ မဖြစ်ဖူး၊ သူနဲ့ ထိုက်တန်တဲ့အလုပ် အကိုင်တွေကို ကြိုးကြိုးစားစား လုပ်ကိုင်ဖို့ပဲ။

ယနေ့ ကမ္ဘာပေါ်မှာ လူမျိုးအသီးသီးတွေ ရှိကြတယ်၊ ကြိုးစားတဲ့လူနဲ့ မကြိုးစားတဲ့လူ မတူဖူး။ ကြိုးစားတဲ့လူမျိုးဟာ ထိပ်တန်း ရောက်နေတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ကမ္ဘာ့နိုင်ငံကြီးများက ဝိုင်းချခဲ့ရတဲ့ ဂျပန်နိုင်ငံကို ကြည့်စမ်း၊ ယနေ့အခြေအနေဟာ အမေရိကန်နဲ့ ရုရှား နိုင်ငံတို့လိုပဲ စီးပွားရေးတိုးတက်နေတယ်။

ဒါဟာ ဂျပန်လူမျိုးတွေရဲ့ လုံ့လဝီရိယ ကြောင့် တိုးတက်ခြင်း ဖြစ်တယ်၊

သောက်စားမူးယစ်လို့ တိုးတက်တဲ့ နိုင်ငံ၊ တိုးတက်တဲ့လူမျိုး မရှိဘူးဆိုတာ သတိပြုဖို့ပဲ။

ကိုအောင်ဘန်း ၊ကိုကြီးငွေ ရန်ကုန်မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ပြပွဲ၊ ပြိုင်ပွဲတွေ လုပ်ခဲ့တယ်၊ မူးယစ် ဆေးဝါးဆိုတာ ဘိန်းဖြူ တခုတည်း မဟုတ်ဖူး၊ ဆေးခြောက်ရှူတာ၊ အရက်သောက် တာလဲ ပါတယ်။

အရက်[၁] ခေါင်းစဉ်နဲ့ ဆောင်းပါးတပုဒ် ရေးသားဖော်ပြထားတယ်။

ဒီဆောင်းပါးဟာ စိတ်ရောဂါဆရာဝန်ကြီး ဒေါက်တာအုန်းကျော်ရေးတဲ့ စိတ်အပေါ်

---

F. 8 ၁။ ၁၉၇၁ ခု ဇွန်လ (၂၇)ရက်နေ့ လုပ်သားသတင်းစာ"

အမြင်စာအုပ်မှ သိပ္ပံကိုကြီးဗထွေးက ဖောက်သည်ချထားခြင်း ဖြစ်တယ်၊

အရက်သောက်သည့် အခါများတွင် သွေးကြောမြှင်ကလေးများ ပိတ်သွားတော့သည်။ သွေးသည်လည်း ဝပ်နေရတော့သည်။ လှည့်ပတ်လှုပ်ရှားမှု မရှိတော့ အရက်၏ ပမာဏများလေလေ သွေးကြောမြှင်ပိတ်မှု တိုးလေလေ ဖြစ်သည်၊ တိုး၍တိုး၍ ထပ်သောက်သောအခါ သွေးကြောမြှင်ကလေးတို့တွင် ဝပ်နေသောသွေးတို့မှာ သွေးကြောမြှင် ပေါက်ကွဲသွားပြီးယိုထွက်သွားတော့သည်။လူ၏ဦးနှောက်တွင် နာဗ်ဆဲလ်များ သန်းပေါင်း ၁၇၀၀–ကျော်ရှိသည်။ အရက်သောက်၍ မူးတိုင်း ၎င်းနာဗ်ဆဲလ် ထောင်ပေါင်းများစွာ ပျက်စီးလေ့ရှိသည်။

ဦးနှောက် ဆဲလ်တခု ပျက်စီးလျှင် ပြန်ကောင်းရိုး မရှိ။ တသက်တာလုံး ဆုံးရှုံးတော့သည်သာ ဖြစ်သည်။ သို့ရာတွင် ဆဲလ်ပေါင်းသန်းပေါင်းများစွာ ရှိခြင်းကြောင့် ထောင်ပေါင်းများစွာ ပျက်စီးရုံဖြင့် မသိသာပေ။

သို့သော် နေ့တိုင်း၊ နေ့တိုင်း၊ နှစ်ပေါင်းများစွာ အရက်သောက်သည့်အခါတွင် အဆိုပါဆဲလ်များ သန်းပေါင်းများစွာ ပျက်စီးရ

တော့သည်။ ထို့ကြောင့်ပင် အရက်စွဲသူများသည် (က) နှေးကွေးလေးလံလာခြင်း၊ (ခ) စိတ်ထိမ်းနိုင်မှု ချို့တဲ့ခြင်း၊ (ဂ) ဆုံးဖြတ်နိုင်မှု ချွတ်ယွင်းလာခြင်းတို့ကို တွေ့လာရခြင်း ဖြစ်ပေသည်။

နှလုံးသွေးကြောပိတ် ရောဂါရှင်များ၊ နှလုံးရောဂါရှင်များသည် အရက်နှင့် မသင့်ပေ။ အရက် သောက်သောအခါ နှလုံးသွေးကြောမြှင်များ ပိတ်ဆို့ပြီး သွေးများ ဝပ်နေသောကြောင့် နှလုံးကြွက်သားများကို သေစေသည်။ အသက်အန္တရာယ်ရှိသည်။ ထို့ပြင်သာမကသေး၊ အရက်သောက်တိုင်း အသည်းတွင် ရှိသော သွေးမြှင်များ ပိတ်ဆို့ပြီး အသည်း ဆဲလ်များလည်း ဦးနှောက်ကဲ့သို့ပင် ပျက်စီးမည်ဖြစ်သည်။ သို့သော် အသည်းဆဲလ်များမှာ ပြန်လည် ပွားလာနိုင်ပေသည်။

မည်သို့ပင် ဆိုစေကာမူ အရက်သောက်မှုများပြားကြာမြင့်လာသောအခါ အသည်း၌ အမာရွတ်များ ဖြစ်ပေါ်လာပြီး အသည်းကျွမ်းရောဂါ ဖြစ်ရတော့သည်၊

အချိန်မီ အရက်ဖြတ်နိုင်ပါသော် အသည်းဆဲလ်များ နဂိုအနေအထားအတိုင်း ပြန်ရ စရာရှိသည်။ အတိုချုပ်ကတော့ အရက်သုံ

မိမိကိုယ်ကို ဒုက္ခပေးစေသော အရက်သာ ဖြစ်သည်။ သို့ဖြစ်၍ အရက် သောက်မှုကို လျှော့ကြရမည်။ ဖြတ်အောင် ဖြတ်မှသာ သက်တမ်းစေ့ နေရမည် ဖြစ်ပေသည်။

စာကို ဖတ်ပြနေစဉ် နားထောင်နေသူတို့အနက် အရက်သမားအချို့ ခတ်ပြုံးပြုံးနှင့် ငိုင်နေကြသည်။

အခြားပရိသတ်များ ဩဘာပေးကြသည်၊

ဆိုကြီးငွေ ။ဒီအရက်သောက်တဲ့အကြောင်း ဆရာဝန်များရဲ့ လက်ရှိတွေ့ရှိချက်တွေကို တင်ပြခြင်းဖြစ်ဘယ်။

ဗုဒ္ဓဘာသာ တရားအရဆိုယင် ဒီအရက်သောက်ခြင်းကြောင့် ဘဝ များစွာ တို့၌ တိရစ္ဆာန်၊ လူရူး။ခွေးရူးဖြစ်ခြင်း၊ ငရဲခံရခြင်း စသည်တို့ကြောင့် အရက်မသောက်ဖို့ လယ်တီဆရာတော် ကိုယ်တိုင်၊ အင်္ဂလိပ်အစိုးရလက်ထက်က ဟောခဲ့တယ်၊အခြား ဆရာတော်ကြီးများလဲ ဒီလိုပဲ အရက်မသောက်ဖို့၊အရက်ဟာ ကောင်းကျိုး မပေးကြောင်း၊ တရားတော်က ဟောတဲ့အကြောင်း ထိပ်တန်းတင် ဟောကြတယ် မဟုတ်လား၊ အရက်သောက်လို့ ဘယ်လို အပြစ်ခံရတယ်ဆိုတာ **လူ့ဘဝ အနှစ်သာရ စာအုပ်ကို ဖတ်သင့်တယ်**။

**ကိုအောင်ဘန်း** ။ ကိုကြီးငွေ အရက်သမား လူငယ်တွေဟာ မိဖဆုံးမလို့ မိဖစကားကိုလဲ နားမထောင်ဘူး။ မိဖကျေးဇူးဟာ ဘယ်လောက်ကြီးတယ်ဆိုတာ **အဆိုတော် မာမာအေးရဲ့ အမေ့နို့ဖိုး သီချင်း** ဓာတ်ပြားကို ဒီလူငယ်တွေသိအောင် မကြာ မကြာ လွှင့်ပေးဖို့ လိုတယ်။

ဩဘာသံများ။

ကိုကြီးငွေ မနေ့က အကျော်ဒေယျ ဒေါ်မာမာ အေးရဲ့ အမေ့နို့ဖိုး အသံလွှင့်လိုက်တာ ဗုဒ္ဓရဲ့ လက်ယာရံ သာရိပုတ္တရာ အကြောင်းပဲ။

ရှင်သာရိပုတ္တရာဟာ ရာဇဂြိုဟ်ပြည် အနီး ဥပတိဿရွာက ဒေါ်သာရီ ပုဏ္ဏားမကြီးရဲ့ သား၊ ငယ်နာမည် ဥပတိဿ။

ရှင်သာရိပုတ္တရာရဲ့ မိဖနှစ်ပါးဟာ ဗြာဟ္မဏ ဒိဋ္ဌိအယူရှိတယ်။ သားကြီး ဥပတိဿဟာ မိခင် ဖခင်တို့အယူကို စွန့်လို့ ဂေါတမဘုရားထံ ရဟန်း ပြုလိုက်တယ်၊ ရဟန်းအမည်က အရှင်သာရိ ပုတ္တရာ ဖြစ်လာတယ်၊ ပညာအရာမှာ နိုးတားပဲ

ရဟန်းပြုလို့ အိမ်တွေကိုလျှောက်ပြီး ပြည် ပိတ်တလုံးနဲ့ ဆွမ်းခံစားနေတာ သူ့ အမေ ပုဏ္ဏားမကြီးက ငမ်းနည်းပက်လက် မိခင်သား ကြီးရယ်-အိမ်တကာလျှောက်လို့ အိုးမည်းကြီးနဲ့

တောင်းစားနေလိုက်တာ မိခင် မကြည့်ရက်ဖူး၊ သားစားဖို့ ပစ္စည်းတွေ မကုန်နိုင်အောင် မိခင်မှာ ပေါကြွယ်ဝတယ်၊ အချစ်ဆုံးသားကြီး— မိခင်အသည်းခိုက်အောင် ချစ်တဲ့သားကြီး၊ သားကြီး—သားကြီးသူတောင်းစားဘဝကို မက်နေသလား၊ မင်း ရှင်ကြီးဂေါတမဆီက ပြန်မလာတော့ဘူးလားလို့ မိခင် ပုဏ္ဏေးမကြီးက ပြောပြောဆိုဆို ရင်ပတ်ကီးလို့ ငိုပြတဲ့အသံတွေဟာ မာမာအေးဆိုကွက် နားထောင်ရဘဲ့ ပရိသတ်တွေ ငိုင်နေကြဘယ်၊ မိခင်တယောက် သားအပေါ် ဘယ်လောက် မေတ္တာတရား ကြီးတယ်ဆိုတာ သရုပ်ဖော်ထားတယ်၊

**ကိုကြီးငွေ** ။ရှင်သာရိပုတ္တရာလဲ မိန့်ဖကို ဒီလိုရက်စက်တာမကောင်းပေဖူး။

ရယ်သံများ။

**ကိုအောင်ဘန်း** ။ကိုကြီးငွေ ဒါ ရက်စက်တာမဟုတ်ဖူး၊ အိုခြင်း၊ နာခြင်း။ သေခြင်း ဘေးအန္တရာယ်တွေမှ လွတ်မြောက်ဖို့ လမ်းကြောင်းကို ရှာတယ်၊သူ့ရဲ့ မိဖနှစ်ပါးကို မိစ္ဆာဒိဋ္ဌိအယူက လွတ်မြောက်ဖို့ အမေ့နို့ဖိုး ကျေးဇူးဆပ်ဖို့ အမြဲတန်း သတိရနေတယ်။

နိဗ္ဗာန်ဝင်ဖို့ အချိန်နီးလာတဲ့အခါ ဂေါတမ မြတ်စွာဘုရားရှိရာ ဂန္ဓကုဋိတိုက်တော်သို့ ဝင်ပြီး ဘုရားတပည့်တော် ပရိနိဗ္ဗာန် ပြုပါတော့မယ်ဘုရားလို့ လက်အုပ်ချီပြီး ခွင့်တောင်းတယ်၊

ပရိနိဗ္ဗာန်ပြုဖို့ (၇) ရက်သာ လိုတော့တယ်။

မြတ်စွာဘုရားက ချစ်သား ဘယ်မှာ ပရိနိဗ္ဗာန်ပြုမလဲလို့ မိန့်လိုက်တယ်၊

မိခင်ကြီးရဲ့အိမ်တော်မှာ ပြုပါမည်ဘုရား။

သင့်လျော်စွ ချစ်သား သာရိပုတ္တရာ။

**ကိုကြီးငွေ** ။ကိုအောင်ဘန်း ဒီလို မိခင်အိမ်မှာ ပရိနိဗ္ဗာန်ပြုမယ်ဆိုတာ အကြောင်းတခုခုတော့ ရှိမယ်။

**ကိုအောင်ဘန်း** ။အကြောင်းဆိုတာ တခြားမဟုတ်ဖူး၊ မိခင်သာရိပုတ္တြာမကြီးကို ကျေးဇူးဆပ်ဖို့ပါ။

တပည့် သာဝကများကလဲ သာဝတ္ထိပြည် တံခါးဝအထိ နောက်ဆုံး လိုက်ပို့ကြတယ်။ ဒီသတင်းကို ကြားလို့တကာ၊ တကာမတွေလဲ သောင်းနဲ့ချီလို့ လာရောက် ဖူးမျှော်ကြတယ်ဆိုတာ ပြောမကုန်နိုင်ဖူး၊ မျက်ရည်မသိန်းနိုင်၊ ငိုကြတာလဲ တပုံတခေါင်းကြီးပဲ။

မိခင်အိမ်ကို ပြန်လာတယ်ဆိုယင်ပဲ၊ မိခင်ကြီးက ခုမှ လာသလား၊ ခလုတ်ထိမှ အမိတတဲ့

သားကြီး ဥပတိဿရဲ့၊ အဖသားကြီး ရောက်လာပီ၊ လာကြည့်စမ်းပါ၊ လာကြည့်စမ်းပါ၊ ဂေါတမနဲ့ ခွဲခွဲပီးပလား၊ တောင်းစားလို့ ဝခဲ့ပီလား၊ သာရိပုဏ္ဏေးမကြီးရဲ့ ပြောဆိုသံ မာမာအေးရဲ့ အလှမ်းအဆွေး သံနေ သံထားတို့မှာ သားဆိုး သမီးဆိုး မိဖတဦး ကိုယ်တွေ့ဖွင့်ပြလိုက်ခြင်းပင် ဖြစ်တယ်။

**ကိုကြီးငွေ** ။မိခင်အိမ်ကို ရောက်တဲ့အခါ မိခင်ကြီးကတော့ ဝမ်းသာလုံးဆို့နေမှာပဲ၊ သားကို သေခန်းပြတ်ကြော်ငြာတွေလဲ ရှိတယ်မဟုတ်လား၊ နားငထောင်တဲ့ ပရိသတ်တွေ ဝမ်းသာကြရဲ့လား။

ဝမ်းသာပါတယ်၊ ဝမ်းသာပါတယ်။ အသံများ။

**ကိုအောင်ဘန်း** ။ကိုကြီးငွေ အရှင်သာရိပုတ္တရာဟာ မိခင်အိမ်ကို ရောက်လို့ သူ့ကိုမွေးဖွားတဲ့ တိုက်ခန်းကို ဝင်လိုက်တော့ ညီအရင်း အရှင်စုန္ဒဟာ အသင့်ပဲ ပြုစုစောင့်ရှောက်ဖို့ နေရာယူထားပါတယ်၊ မကြာခင်မှာပဲ အရှင်သာရိပုတ္တရာဟာ သွေးအန်တဲ့ရောဂါ ဖြစ်လာတာပါပဲ၊ ဒီလိုဖြစ်တာကို မိခင်ပုဏ္ဏေးမကြီးက တနေရာကနေပီး စိတ်မချမ်းမသာ ကြည့်နေပါတယ်။

ညကလဲ မှောင်လာပီ၊ အရှင်စုန္ဒဟာ မီးတိုင်ကို ထွန်းပီး နှောင်တော် အရှင်သာရိပုတ္တရာကို

အကဲခတ်နေပါတယ်၊ အရှင်သာရိပုတ္တရာနဲ့ ရောဂါအခြေအနေဟာ သွေးအန်လို့ ခွက်တခုလုံး ပြည့်လို့ နောက်ဘလုံးလဲတာနဲ့ မကြာခင်ပဲ ပြည့်လာလို့ ခွက်တလုံးပီးတလုံး အလဲအလှယ် လုပ်နေရတယ်၊ တော်တော်ညဥ့်နက်တော့—

စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ရောက်လာတယ်။ အရှင်သာရိပုတ္တရာက နတ်မင်းတို့ ဘာကိစ္စလာသလဲလို့ မေးတော့၊ နတ်မင်းတိုက အရှင်ဘုရားကို ပြုစုဘို့လာပါတယ်လို့ လျှောက်တော့၊ကိစ္စမရှိဘူး၊ဒီမှာပြုစုမယ့်ပုဂ္ဂိုလ်ရှိတယ်လို့ အရှင်သာရိပုတ္တရာက ပြောလို့ ပြန်သွားကြတယ်၊ ဒီလိုနဲ့ သန်းခေါင်ယံအချိန်မှာ သိကြားမင်းလာတယ်၊ အရဏ်တက်ကာနီးမှာ ဗြဟ္မာကြီးလာပီ ပြုစုဖို့လျှောက်တော့လဲအရှင်သာရိပုတ္တရာက ဒီလိုပဲ ပြောသို့ ပြန်သွားကြဘာကို မယ်တော် သာရီပုဏ္ဏေးမကြီးဟာ တညလုံး မအိပ်ပဲ အံ့ဩစွာနဲ့ ကြည့်နေတယ်။

နောက်အရှင် သာရိပုတ္တရာရဲ့ အခမ်းဝမှာ ရပ်ပီးတော့ သားတော်ကြီးရယ် ညဦးက အလင်းရောင်တွေနဲ့ လာကြတာ ဘယ်သူတွေလဲ ဘယ်ကလာတာလဲလို့ မေးတယ်။ အရှင်သာရိပုတ္တရာက ညဦးကလာကြတာ စတုမဟာရာဇ် နတ်မင်းကြီးတွေပဲလို့ ပြောတော့ သူတို့က

ဘာကိစ္စလာကြတာလဲလို့ မေးတဲ့အခါ သား တော်မမာလို့ ပြုစုဖို့လာကြတာပဲလို့ ပြော တော့–

သားတော်က ဒီနတ်မင်းကြီးတွေ က် မြတ် သလားလို့ မေးတဲ့အခါ–

မြတ်တာပေါ့ မယ်တော်၊ သူတို့ဟာ သား တော်တို့ရဲ့ ဘုရားသာသနာတော်မှာ အရာမ် စောင့် (ဒရဝမ်) လောက် အဆင့်အတန်း ရှိတာပေါ့လို့ ပြောလိုက်တယ်၊ ဒီတော့ မယ် တော်က–

သန်းခေါင်ယံမှာ အရောင်အလင်းနဲ့ လာ တာ ·ဘယ်သူလဲ ဆိုပြန်တော့–

အဲဒါက တာဝတိံသာက သိကြားမင်းပဲ လို့ ပြောတဲ့အခါ၊ ဒါဖြင့် ခုနက အရောင်တွေ သိပ်လင်းပြီး လာတာကကောလို့ မေးတော့ အရှင်သာရိပုတ္တရာက–

အဲဒါ မယ်တော်တို့ နမော မဟာဗြဟ္မာနော လို့ ရှိခိုးနေတဲ့ မဟာဗြဟ္မာကြီးပေါ့၊ အို သား တော်က သိကြားမင်းတို့ မဟာဗြဟ္မာကြီး တို့ ထက်မြတ်လို့လား။

မြတ်တာပေါ့ မယ်တော်၊ သိကြားမင်းဟာ သားတော်တို့ ဆရာဘုရားရဲ့ (ကပ္ပိယလောက်) အဆင့်အတန်းရှိတယ်၊ မယ်တော်တို့ ကိုးကွယ်

နေတဲ့ မဟာပြဟ္မာကတော့ (ထီးတော်မိုး) လောက် ရှိဘယ်လို့ အမိန့်ရှိတော့ မယ်တော်ကြီးက—

သားဘော်တောင်ဒီလောက်ဘန်ခို ကြီးနေယင် သူ့ဆရာ ဘုရားဟာ အင်မတန် တန်ခိုးကြီးမှာပဲလို့ စိတ်မှာနှလုံးသွင်းမိတာနဲ့ပီတိမတွေတကိုယ်လုံး ပျံ့နှံ့ကာ စိတ်ထား နူးညံ့ပီး ညွှတ်လာဘာနဲ့ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားရဲ့ အတုမရှိ ဂုဏ်တော် ကျေးဇူးတော်၊ တရား၊ သံဃာတော်ရဲ့ ဂုဏ်တော် ကျေးဇူးတော်တွေ ဖွင့်ဆိုဟောကြားလို့ သစ္စာတရားကို ပြလိုက်တာနဲ့ အဆုံးမှာ မယ်တော်ဟာ သောတာပန် ဖြစ်လာတယ်။ အရှိသာရိပုတ္တရာဟာ အမိရဲ့ကျေးဇူး ဆပ်ပီးတာနဲ့ ပရိနိဗ္ဗာန် ပြုတော့တာပဲ—

သာဓု၊ သာဓု၊ သာဓု၊ အသံများ။

**ကိုအောင်ဘန်း။** ဘုန်းကြီး တရားဟောသလို သာဓုခေါ်ကြပြန်ပီ ဟု ပြောလိုက်သည်။

**ကိုကြီးငွေ။** ဒါ အရှင်သာရိပုတ္တရာက သူ့မိဖကို ကျေးဇူး ဆပ်ဘာပဲ၊ အခုလူငယ်တွေလဲ အနန္တော အနန္တ ငါးပါးကို အမြဲတမ်း သတိထားဖို့လိုတယ်။ အဲဒီလို သတိထားတဲ့ လူငယ်တွေ တိုးတက်ကြီးပွား နိုင်တယ်။

အချို့ လူငယ်တွေက မိဖကို အော်လိုက်၊ ငေါက်လိုက်၊ မျက်နှာစောင်းလိုက် လုပ်နေတယ်။ အဲဒီလို သားသမီးတွေ တော်တော်များတယ်၊

ကျောက်တော်မြို့နယ်မှလာရောက်နားထောင်နေသော ကိုကြီး ကြာထွန်းဦးက ရုတ်တရက် မဘ်ပာတ်ထရပ်၍–မိဖကိုစော်ကားတာ အပါယ်ကိုလားတယ် ဟု ပြောလိုက်သည်နှင့် တပြိုင်နက် ဩဘာပေးကြသည်။

ထို့နောက် ကိုကြီးငွေက မိဖသာမဟုဘ်ဖူး၊ မိမိအပေါ်မှာ စာပေသင်ကြားတဲ့ ဆရာသမားတွေရော၊ ရပ်ကွက်လူကြီးတွေရော ရိုသေလေးစားဖို့ လိုတယ်၊

ထိုအဘွင်း မောင်းတောမှ လာရောက် နားထောင်သော ကိုကြီး ဦးကျော်ဖြူ ဆိုသူက မဘ်တတ်ရပ်၍ ရပ်ကွက်ကောင်စီ လူကြီးတွေ ပြောတာကိုလဲ ရိုသေလေးစား ထိုက်တယ်မဟုတ်လား ဟု မေးလိုက်ရာ ပရိတ်သတ်များ တသောသောရယ်မောလျက် ဩဘာပေးကြသည်။

ကိုကြီးငွေကပင်–ဟုတ်တယ် မိတ်ဆွေကိုကြီးကျော်ဖြူ ပြောတာမှန်တယ်၊ ကောင်စီလူကြီးတွေ ဆိုတာလဲ ရပ်ကွက်တို့၊ မြို့နယ်တို့၊ ပြည်နယ်တို့ အတွက် ရွေးကောက်ထားတဲ့ လူကြီးတွေဖြစ်တယ်၊ ဒါပေမယ့် ဒီလူကြီးတွေကို ရွေး

ကောက်တဲ့အခါ လူကြီးအင်္ဂါနဲ့တူအောင် ရွေးဖို့လိုဘယ်။ ရပ်တွေ၊ ရွာတွေ၊ မြို့တွေကို အုပ်ချုပ်ဖို့ တာဝန်ဟာ မသေးဘူး။ လူကြီးအင်္ဂါနဲ့ ပြည့်စုံတဲ့ လူတွေကိုရွေးကောက်ဖို့ဟာ မဲပေးတဲ့ လူတွေရဲ့တာဝန်ဖြစ်တယ်။ဒါကိုသေသေချာချာ စဉ်းစားလို့ မဲပေးဖို့ပဲ ဟု ပြောလိုက်ရာ ဩဘာသံများ ဆူညံနေသည်။

**ကိုအောင်ဘန်း။** ဟုဘ်တယ်၊ လူကြီးရွေးဘဲ့အခါ ဒီလိုလူတွေကို မရွေးဖို့ အရေးကြီးတယ်။

ကိုကြီးငွေ အကျင့်ပျက်နေတာ ပြန်လည်ပြုပြင်ပေးဖို့က **ဓမ္မစက်** နဲ့ **အာဏာစက်**လဲ လာနေဘယ်၊ ဂဠုန်စီမံကိန်းကလဲအောင်မြင်ဖို့၊ ထိထိရောက်ရောက် လုပ်ဖို့၊ ညီညီညွတ်ညွတ် လုပ်ဖို့လိုဘယ်။

မြို့မိ မြို့ဖတွေကလဲ ဝိုင်းကူဖို့၊ ပိုင်းကူအောင် သက်ဆိုင်ရာလူကြီးတွေကလဲ လက်တွဲဆွဲခေါ်ဖို့လိုတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း မြန်မာရခိုင်တိုင်းရင်းသားတွေဟာ များသောအားဖြင့် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတယ်၊ ဗုဒ္ဓဘာသာဝင်တွေဟာ ပဉ္စသီလငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ စွဲစွဲမြဲမြဲ လိုက်နာယင် လိုက်နာတဲ့လူတွေလဲ အကျိုးရှိတယ်။ နိုင်ငံကိုအုပ်ချုပ်နေတဲ့ အစိုးရမှာလဲ ခိုးမှု၊

တိုက်မှု၊ ရာဇဝတ်မှုတွေ နည်းပါးလို့ နိုင်ငံတော်ရဲ့ စီးပွားရေးကို ဇောက်ချလုပ်ကိုင်နိုင်တယ်၊ ဒါဟာ နိုင်ငံရဲ့တိုးတက်မှု လူမျိုးရဲ့ ကြီးပွားရေး ဖြစ်တယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ ဘာသာရေးဆိုတာ ကမ္ဘာမှာ တော်တော် များတယ်၊ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ကိုးကွယ်နေကြတယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာဟာ အမြင့်ဆုံး၊ အမြင့်ဆုံးဘာသာဆိုတာ ကမ္ဘာကလက်ခံလာပြီးဖြစ်တယ်၊ဥရောပတိုက်က အမျိုးသားတွေဟာ သာသနာ့ရိပ်သာကိုလာလို့ တယောက်ပြီးတယောက် ရဟန်းဝတ်နေကြတာ ဗုဒ္ဓဘာသာရဲ့ တရားကောင်း၊ တရားမှန်ဖြစ်လို့ ဘုရားသာသနာသို့ဝင်ကြခြင်းဖြစ်တယ်၊ ဒါကို နိုင်ငံတော်က အားထားစက်နဲ့ ဖိအားပေးလိုက်ရင် ကမ္ဘာပြန့်မှာပဲ။

ကိုကြီးငွေ့အခုလို စားကုန် သောက်ကုန်တွေ ဈေးနှုန်းတွေကတက်၊ အဝတ်ဈေးနှုန်းတွေကလဲတက်၊ ဒီလိုဈေးနှုန်းတွေ မိုးလား၊ ကဲလား မြင့်နေတဲ့အခါ တရားတဲ့နည်းနဲ့ မှန်မှန်ကန်ကန် စီးပွားရေးကိုလုပ်ကိုင်ကြဖို့ လိုတယ်။

ဘာကြောင့်လဲဆိုရင် ငွေကြေးလဲခေါင်းပါးနေတဲ့အချိန်မှာ အရက်သောက်ခြင်း စတဲ့ အပိုအသုံးပြုမယ့် အလုပ်တွေကို ဖြတ်ဖို့လိုတယ်၊

အရက်သောက်တာဟာ ကိုယ့်အတွက်မကောင်းတဲ့အကြောင်း ပြောခဲ့ကြပြီး မဟုတ်လား။

အရက်သမားတွေဆီကကုန်ကျတဲ့စုစုပေါင်းငွေတွေ ဘယ်လောက်များတယ်ဆိုတာ ပျမ်းမျှစစ်တွေမှာ တနှစ်ကို သိန်း (၂၀) လောက်ရှိတယ်။

၁၉၇၈ ခု၊ ဧပြီလ (၁) ရက်နေ့က စက်တင်ဘာလ (၃၀)ရက်နေ့အထိ အရက်သမားတွေထံကအရက်မျိုးစုံ(၁၇)သိန်းကျပ်ဖိုးရမယ်လို့ မှန်းတယ်။

ဒါဖြုန်းပစ်တဲ့ငွေပဲဖြစ်တယ် မဟုတ်လား။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ဒီအရက်တွေထဲမှာ၊ သင်ပုန်းတန်းကျေးရွာက မနက်မီး ညမီး ချက်ရောင်းတဲ့ အရက်တွေပါသလား။

ရယ်သံများ။

**ကိုအောင်ဘန်း။** ဒီတိတ်တိတ်ပုန်း ရောင်းတဲ့ စာရင်းဟာ မပါနိုင်ဖူး။

ရခိုင် အမျိုးသားတွေဟာ အရင်တုန်းက အင်္ဂလန်ကလာတဲ့ ရှန်ပိန်၊ ရှမ်းရှုးအရက်တွေကို သောက်ကြဘယ်၊အခု မသောက်ကြရတော့ဖူး။

စစ်တွေမှာ(၂)ပတ်အတွင်း မန္တလေးဘီယာပုလင်း ၅၀၀၀-၆၀၀၀ လောက်ကုန်တယ်လို့ အရက်သမားတွေဆီက သိရတယ်။

အရက်ဖြူကတော့ တလမှာ ကွပ်ပုလင်း လေးသောင်းနီးပါး ရောင်းရတယ်လို့ ပြောကြ တယ်။

ရယ်သံများ။

**ကိုကြီးငွေ။** အရက်ရောင်းရတာ စစ်တွေနဲ့ မတိမ်းမယိမ်း မောင်းတောမြို့မှာလဲ ရောင်းရတယ်ဆိုပဲ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ ရခိုင်မှာ အရက်သောက်ဘာကို အင်္ဂလိပ်အစိုးရက မျိုးစေ့ချခဲ့တယ်။

ဘိန်းရှူ၊ ဘိန်းစား ဖြစ်ရတာလဲ အင်္ဂလိပ် အစိုးရရဲ့ အုပ်ချုပ်စဉ်ကစလို ဘိန်းရှူဘိန်းစား ပေါများခဲ့တယ်။ အိန္ဒိယနိုင်ငံ အချို့ဒေသတွေ မှာ ဘိန်းတွေ အကြီးအကျယ်စိုက်လို့ ရခိုင်နဲ့ ဗမာပြည်ကို ပို့ခဲ့တယ်။

ပါကစ္စတန်နိုင်ငံ့ ခရိုင်(၁၄)မြို့၊ နယ်ပယ် မှာ ဘိန်းတွေစိုက်နေဘယ်၊ ပါကစ္စတန် ပြည်သူ ပြည်သားအချို့ဟာလဲ ဘိန်းစား တော်တော် များတယ်။

၁၉၇၉ ခု၊ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ က ဗြိတိသျှအသံ သတင်းအရ ပါကစ္စတန် သမ္မတကြီးက ပါကစ္စတန် ပြည်အတွင်းမှာ ဘိန်းရှူ၊ ဘိန်းစား မရှိရဖူး၊ ကြီးလေးသော အပြစ်ပေးမယ်လို့ အမိန့်ထုတ်ပြန်ထားတယ်။

ပါကစ္စတန်ပြည်မှာ လက်မှတ်နဲ့ဝယ်ယူလို့ စားတဲ့ ဘိန်းစားပေါင်း တသိန်းကျော်ရှိတယ်၊ အခု ဒီအမိန့်ထုတ်လိုက်ရင် ဘိန်းစားတသိန်းကျော်ဟာ အချို့ ဘိန်းမဖြတ်နိုင်လို့ ပိန်လိန်နေကြမှာပဲ။

ရယ်သံများ။

ကိုကြီးငွေ။ ပါကစ္စတန် ဘိန်းစားတွေ ဒုက္ခရောက်မှာထက် ရခိုင်မှာရှိတဲ့ ဘိန်းစားအချို့ဟာ စျေးကြီးကြီး ဝယ်စားကြရမယ်။

မြန်မာ ယိုးဒယားနယ်စပ် ရွှေတြိဂံနယ်ကလို ပါကစ္စတန်က ငွေတြိဂံဖြစ်လာမှာ စိုးရတယ်။

စစ်ကြိုခေတ်က စာရင်းဝင် ဘိန်းစား စာရင်းကိုကြည့်ယင် စစ်တွေကဘိန်းစားပေါင်း (၄၃၂၄) ဘိန်းရှုသူပေါင်း (၂၀၇၃)၊ ကျောက်ဖြူက ဘိန်းစားပေါင်း (၂၀၇၄)၊ ဘိန်းရှုသူပေါင်း (၆၁) ဖြစ်လို့ ဗမာတပြည်လုံးမှာ ရခိုင်ကဘိန်းစား ဘိန်းရှုအများဆုံးဖြစ်တယ်။

ရယ်သံများ။

ဒုတိယ ပြည်မြို့က ဘိန်း စား ပေါင်း (၁၁၅၉)၊ ဘိန်းရှုသူပေါင်း (၆၄)ယောက် ပုသိမ်က ဘိန်းစားပေါင်း (၁၉၂၃)၊ ဘိန်းရှုသူပေါင်း (၁၀၉) ရှိတယ်။

သံတွဲနဲ့ ဟသာ်တကတော့ သူမနိုင် ကိုယ်မနိုင်ပဲ၊ သံတွဲက ဘိန်းစား (၈၁၁)၊ ဟသ်ာတက ဘိန်းစား (၈၈၁) ယောက်ရှိတယ်။

ကိုကြီးငွေက ဆက်၍ပြောသည်မှာ၊

သကြန်ရက်တွေမှာ အရက်ဆိုင် အနီးတဝိုက်နဲ့ လမ်းဆုံလမ်းခွတွေမှာရော၊ သောက်လိုက်ကြတာ၊ ဆိုင်တွေမှာ အရက်ရောင်းမလောက်ဖူးဆိုပဲ၊

ဒါ့ကြောင့် ကြက်ကိုင်းတန်၊ ငှက်ကိုင်းတန်ကျားမသောက်ရွာတွေက အိမ်အချို့ အရက်ရောင်းနေလို့ အရက်သမားတွေက ကျေးဇူးတင်သေးတယ် မဟုတ်လား။

**ကိုအောင်ဘန်း။** ကိုကြီးငွေ တိတ်တိတ်ပုန်း ဒီရပ်ကွက်တွေမှာ အရက် ချက်ရောင်းနေတာ ရပ်ကွက်ကောင်စီတွေ၊ အနီးပတ်ဝန်းကျင်ရဲတွေ မသိဖူးလား။

**ကိုကြီးငွေ** ။မသိလို့ပေါ့။ သိရင် သူတို့လဲ ဝင်သောက်မယ်၊ ရယ်သံများ။

**ကိုအောင်ဘန်း။** တိတ် တိတ် ပုန်း အရက်ရောင်းတာဟာ အရက်ကုန်ထုတ်လုပ်ရေးတမျိုး ပိုမိုလာတာပဲ၊ သူတို့ကို ကျေးဇူးတင်ဖို့ပဲ မဟုတ်လား။

**ကိုကြီးငွေ။** ကိုအောင်ဘန်း အရက်ရောင်းတာဟာ အခု မှပဲ မဟုတ်ဖူး၊ အရင် အစိုးရ လက်ထက် ပြည်သူ့ထောက်ပံ့ရေး အရာရှိတွေက သူတို့ ကုန်သည်တွေနဲ့ ယှဉ်ပြိုင်မရောင်းနိုင်လို့ ဝါဂွမ်း တွေနဲ့ အရက်တွေကို သမဝါယမအသင်းတွေ က ရောင်းဖို့ သမဝါယမနဲ့ ကုန်စည်ဖြန့်ဖြူးရေး ဝန်ကြီးဌာနက စီစဉ်ခဲ့တယ်။

ဗမာပြည်ကထွက်တဲ့ ဝါဂွမ်းတွေကို ဈေး ကောင်းကောင်းနဲ့ မရောင်းရလို့ ခွက်ခွက်လန် ရှုံးခဲ့တယ်။

တရုတ်တွေ အရက်ရောင်းနေတဲ့ လိုင်စင် သမဝါယမကပဲ ရောင်းဖို့ လုပ်လိုက်တာ ရမည်းသင်းမှာ အရက်ဆိုင် (၅)ဆိုင်၊ ပဲခူးမှာ (၂၅) ဆိုင်၊ မန္တလေးမှာ(၇)ဆိုင်၊ ဟံသာဝတီ မှာ (၈) ဆိုင်၊ မိတ္ထီလာမှာ (၆) ဆိုင်၊ မြောင်းမြ မှာ (၁၀) ဆိုင်၊ ကသာမှာ (၈) ဆိုင်၊ မြင်းခြံ မှာ (၅) ဆိုင်၊ သာယာဝတီမှာ (၁၁) ဆိုင်၊ တောင်ငူမှာ (၁၆) ဆိုင်၊ ဟင်္သာတမှာ (၁၉) ဆိုင်၊ မော်လမြိုင်မှာ (၁၁) ဆိုင်၊ အုပင်မှာ (၁၀) ဆိုင်၊ ပြည်မှာ (၁၂) ဆိုင်၊ ပုသိမ်မှာ (၁၀) ဆိုင်၊ အင်းစိန်မှာ (၁၀) ဆိုင်၊ ကျောက်ဆည်မှာ (၁)ဆိုင်၊ ရန်ကုန်မှာ (၂၂) ဆိုင် ဖွင့်ခဲ့တယ်။

ဒီဆိုင်တွေဟာ ၁၉၅၅ ခုနှစ်ကစလို့ ဖွင့်လာတယ်၊ ဆိုင်တွေရဲ့ အရှုံးအမြတ်စာရင်းကို တင်ပြဖို့တောင်းခံတဲ့အခါ သက်ဆိုင်ရာဝန်ကြီးက–

၁၉၅၈ ခု ဇူလိုင်လကုန်အထိ ပြည်သူ့ရိက္ခာထောက်ပံ့မှုအုပ်ချုပ်ရေးအဖွဲ့က စာရင်းမပြနိုင်ခဲ့ဘူး၊ ဒါပေမယ့် ၁၉၅၆ ခုနှစ်ကစလို့ ၅၇ ခုနှစ်အထိ မြို့နယ်အလိုက် စာရင်းတွေကို ကြည့်တဲ့အခါ ဘောင်ငူမှ ငွေကျပ် ၁၇၆၅၃ ကျပ် ရှုံးတယ်၊ ပြည်မြို့က ငွေကျပ် ၄၄၇၂၂ ကျပ် ရှုံးတယ်၊ ကသာက ငွေကျပ် ၄၁၀၂ ကျပ် ရှုံးတယ်၊ သာယာဝတီက ငွေကျပ် ၁၉၉၅၇၉ ကျပ် ၉၂ ပြား ရှုံးတယ်။ ဟံသာဝတီက ၇၂၂၄ ကျပ် ၀၄ ပြား ရှုံးလို့ မြင်းခြံက ၃၆၀၂၇ ကျပ် ၇၀ ပြား ရှုံးတာကို တွေ့ရတယ်၊

**ကိုအောင်ဘန်း။** တိတ်တိတ်ပုန်းအရက်ရောင်းတာ စစ်တွေမြို့နယ်မှာ မဟုတ်ဖူး၊ ပြည်နယ်အနှံ့ပဲ၊ မြန်မာနိုင်ငံမှာဆိုယင် စဉ့်အိုးကြီးတွေနဲ့ ချက်အရက်တွေကို တခါတခါဖမ်းမိတာတွေ့တယ်။

ကိုကြီးငွေ့ အထက်အညာက အမျိုးသားတွေဟာ ရိုးသားတယ် ရိုးသားတယ်နဲ့ ပြောကြ

တယ်၊ အရက်ကျတော့၊ တော်တော်ပဲသောက်တဲ့ လူတွေဖြစ်နေတယ်။

ဒီမှာကြည့်စမ်း၊ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းကျီကျေးရွာကို ဒုရဲအုပ်ကြီး ကိုကြီးသိန်းညွှန့်အောင် ခေါင်းဆောင်လို့ တအိမ်တက်ဆင်း ဖမ်းလိုက်တာ တောအရက်ဖို ၂၀ ကျော် တွေ့ရတယ်ဆိုပဲ၊ (၃၁-၃-၇၉ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်)

ကျောက်တိုင်ကျေးရွာက ၂၄ ဖိုနဲ့ ပေါင်းလိုက်ယင် အရက်ချက်တဲ့ဖိုတွေဟာ အများကြီး ဖြစ်နေတယ်၊ စိမ်ရေအိုးတွေကလဲ ပါသေးတယ်၊ လူပေါင်း ၄၄ ဦး ဖမ်းဆီးလာတာမြင်ကြရတော့ ရွာသူရွာသားတွေ ဝိုင်းကြည့်ကြဆိုပဲ။

ကိုကြီးငွေ လူ့ဘဝရဲ့အတက်အကျဆိုတာ ကောင်းတာကိုလုပ်ယင် အတက်ဘဝနဲ့နေ၊ နေရမယ်၊ မကောင်းတာကိုလုပ်ယင် အနိမ့်ဘဝနဲ့ နေရမယ်။

ဒါ့ကြောင့် အိမ်ထောင် ဦးစီးလုပ်သူဟာ အမျိုးသား ဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ၊ မကောင်းတာတွေကိုမလုပ်ဖို့၊ သူတပါးပစ္စည်းကို မခိုးဖို့၊ သူတပါးထံမှ လာဘ်ငွေ့ပစ္စည်း

မယူဖို့၊ သူတပါးကို မညှဉ်းဆဲဖို့၊ ဒါတွေကို ကြပ်ကြပ်မတ်မတ် သတိထားဖို့လိုတယ်။

အနာခရောဂါကင်းတယ်ဆိုတာ အကြောင်းမဲ့ အကျိုးမဲ့ ကင်းတာမဟုတ်ဘူး၊ ရှေးရှေးအခါက အခြားလူ တဦးတယောက်ကို ညှဉ်းပန်းနှိပ်စက်ခြင်း မပြုခဲ့လို့ ဒီဘဝမှာ ရောဂါမရှိ၊ ရောဂါရှိယင်လဲ ဆေးကုလိုက်လို့ ပျောက်တဲ့ရောဂါဖြစ်တယ်။

ဥစ္စာ ရှာကြတဲ့အခါ စင်စင်ကြယ်ကြယ် ရရှိမယ့် နည်းစနစ်ဥစ္စာကိုသာ ရှာသင့်တယ်။ သူတပါးအသက်ကို သတ်လို့၊ သူတပါးကို ဒုက္ခပေးလို့ရမယ့် ဥစ္စာတွေကို ရှောင်ရှားဖို့ဖြစ်တယ်။

ဒီအကြောင်းနဲ့ ဂေါတမမြတ်စွာဘုရားဟာ သုဘပုဏ္ဏားကို အကြောင်းပြုလို့ဟောထားတဲ့ ဒေသနာအရဆိုယင် အမျိုးသားပဲ ဖြစ်ဖြစ်၊ အမျိုးသမီးပဲ ဖြစ်ဖြစ်၊ အသက် သတ်ခြင်းမှ ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်သေယင် နတ်ပြည်ကို ရောက်နိုင်တယ်။ လူဖြစ်ပြန်ယင်လဲ လူ့ပြည်မှာ အသက်ရှည်ရှည်နေရတယ်။

ဒါ့ကြောင့် ကျွဲသား၊ နွားသားစားခြင်းကို ရှောင်ကြဉ်ဖို့ လယ်တီဆရာတော်က ဟောခဲ့တယ်။

ကွဲတွေ၊ နွားတွေ ခိုးသတ်တာကို အစိုးရတွေက အထူးတားမြစ်တယ်။ အိမ်စောင့်အစိုးရလက်ထက်က မြို့နယ်တွေမှာ ခိုးသတ်ကြလို့ အခုရေးယူခဲ့တာ တပုံတခေါင်းကြီးပဲ။

ရယ်သံများ။

ရှမ်းပြည်တောင်ကြီးမှာ အမှုပေါင်း(၄၀)၊ ပျော်ဘွယ်မှာ (၃၉) မှု၊ စစ်တွေမှာ (၂၇)မှု၊ မောင်းတောမှာ (၄) မှု၊ ဗူးသီးတောင်မှာ (၄)မှု၊ ရသေ့တောင်မှာ(၂)မှု၊ကျောက်တော်မှာ (၂) မှု၊ ပုသိမ်မှာ (၅) မှု၊ မိတ္ထီလာမှာ (၁၀) မှု။

ဒါတွေလဲ စီးပွားရေး သောင်းကျန်းတာ တမျိုးဖြစ်လို့ မြို့နယ်ကောင်စီတွေက ကြပ်မဖို့ လုပ်ငန်းတခုဖြစ်တယ်။

ကိုကြီးငွေ။ ကိုအောင်ဘန်း သားသတ်လိုင်စင်တွေကို မြို့အဖွဲ့နဲ့ ဒိစတြိတ်ကောင်စီတွေက အယာကြီးနဲ့ ထောင်ကဲကြီးဘို့ကို ပေးခဲ့စဉ် လိုင်စင်ပေးနိုင်တဲ့လူရဲ့ သားမယားတွေ ဈေးလာဝယ်တဲ့အခါ ခြင်းတောင်းထဲကို အကောင်းဆုံး ပေါင်သားရင်သားတွေကိုထည့်ပြီး ပေးလိုက်တဲ့စနစ်ဟာ အခု မရှိတော့ဘူး မဟုတ်လား။

ရယ်သံများ။

**ကိုအောင်ဘန်း။** ဒီလိုမကောင်းတဲ့အကျင့်ပျက်တွေကို ပြုလုပ်နေကြတာတွေကို စာရိတ္တမဏ္ဍိုင်ကောင်းမွန်လာဖို့ မြို့မိ၊မြို့ဖတွေကိုလဲ အကူအညီတောင်းဖို့ ကိုယ့်မြို့ ကိုယ့်နယ်ကို ထိန်းသိမ်းကြမယ်ဆိုယင် စာရိတ္တမဏ္ဍိုင် ကောင်းမွန်ပီး မြို့နယ်တိုးတက်လာမယ်။

**ကိုကြီးငွေ။** ဟုတ်တယ်၊ အရက်သောက်ကြတာနဲ့ အမျိုးသမီးတွေပါ ဝိုင်းလို့ ဖဲရိုက်ကြတာ လူငယ်လူလတ် ခွေးလှေးကြမ်းပိုးမဖြစ်ဖို့ အရေးကြီးတယ်။

**ကိုအောင်ဘန်း။** စစ်တွေမှာ ဆံပင်ညှပ်ဆိုင်တွေဟာ ရခိုင်အမျိုးသားဆံပင်ညှပ်ဆိုင်တဆိုင်မှ မရှိသေးဖူး၊ ဝင်ငွေရလုပ်ငန်းတရပ်ကို ရခိုင်အမျိုးသားတွေလက်ထဲမရောက်တာ မြို့ခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်လို့ ပြောလိုက်ယင် ခေါင်းဆောင်လုပ်နေတဲ့လူတွေက ငါတို့နဲ့ဘာဆိုင်သလဲလို့ ပြောလိုက်မှာ စိုးရသေးတယ်၊

ကိုကြီးငွေ-မြို့နယ်၊ပြည်နယ်ခေါင်းဆောင်တွေမှာလဲ တာဝန်ရှိတယ်၊

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ပန်းပဲတန်းမြို့နယ်နဲ့ကျောက်တံတားမြို့နယ်မှအပ အခြားမြို့နယ်တွေမှာ လက်ဖက်ရည်ဆိုင် လုပ်ငန်း

တွေ ဆံပင်ညှပ်လုပ်ငန်းတွေကို မြန်မာများက ပိုင်ပိုင်နိုင်နိုင်စီးနိုင်လာကြပြီး ဖြစ်တယ်။

ဘောင်ကြီး၊ လားရှိုးနဲ့ အခြားပြည်နယ်၊ မြို့နယ်များမှာ သူတို့ ကိုင်းရင်းသားတွေက မစီးနိုင်ကြသေးဘူး၊ ရခိုင်းကလိုပဲ အလုပ်ဆိုယင် ငေးတေးတေးလုပ်နေကြသေးတယ်။

စကၤာပူမှာ ကိုင်းရင်းသားမဟုတ်ယင် ဘာ အလုပ်မှ အရောင်းအဝယ်မလုပ်ရဘူး၊ ဒါကိုယ့် အမျိုးသားကိန်းကြီးခန်းကြီးနဲ့ နေထိုင်ဖို့နည်းပဲ။

စစ်တွေမှာ ဆံပင်ညှပ်ဆိုင်တွေဟာ များ သောအားဖြင့် ဟိန္ဒူနဲ့ မရမာကြီးအမျိုးသား တွေဆိုင်က များနေတယ်။ ဆိုင်ပေါင်း (၃၁) ဆိုင် ရှိတယ်၊ရခိုင်ဆိုလို့ တဆိုင်ပဲ ရှိတယ်။

စစ်တွေသားတွေ၊ ကျောက်ဖြူထက် ပိုလို့ ညံ့နေတယ်။ ဆံပင်ညှပ်လုပ်ငန်းဟာ ဝင်ငွေ မသေးဘူး။

## ဆံပင်ညှပ်သူများဝင်ငွေ

| အမှတ်စဉ် | ဆံပင်ညှပ်သူ လူမျိုး | ဦးရေ | တဦးတနေ့ ဝင်ငွေ | စုစုပေါင်းဝင်ငွေ တနေ့ (ကျပ်) | တလ (ကျပ်) | တနှစ် (ကျပ်) |
|---|---|---|---|---|---|---|
| ၁ | ရခိုင် | ၁ | ၁၅ | ၁၅ | ၄၅၀ | ၅၄၀၀ |
| ၂ | ဟိန္ဒူနှင့် မရမာကြီး | ၃၀ | ၁၅ | ၄၅၀ | ၁၃၅၀၀ | ၁၆၂၀၀၀ |
| | | ၃၁ | ၁၅ | ၄၆၅ | ၁၃၉၅၀ | ၁၆၇၄၀၀ |

ဒီဆံပင်ညှပ်ဆိုင်ရဲ့ဝင်ငွေဟာ သေးနုတ်တဲ့ အလုပ်မဟုတ်တာကို သိဖို့လိုတယ်၊

အလုပ်သမားအစည်းအရုံး၊စစ်တွေမြို့ပေါ်မှာ ရခိုင်ဆံပင်ညှပ်ဆိုင်တွေ ဖြစ်လာအောင်လုပ်ဖို့ သူတို့တာဝန်ပဲ မဟုတ်လား။

ကိုကြီးငွေ။ ကိုအောင်ဘန်း စစ်တွေမှာ လက်ဖက်ရည်ဆိုင်တွေ ထမင်းဆိုင်တွေ မြိုင်မြိုင်ဆိုင်ဆိုင် ရောင်းနေကြတယ်။ လက်ဘက်ရည်ဆိုင်ဆိုယင် စစ်တွေမြို့ပေါ်မှာ (၃၉) ဆိုင်ရှိတယ်လို့သိရတယ်။ ဒီအထဲမှာရခိုင်(၁၇)ဆိုင်ပဲရှိတယ်။

ရခိုင်(၁၇)ဆိုင်ဆိုတာ လမ်းမကြီး ကိုကြီးသာဇံလှဆိုင်မှအပ အခြားဆိုင်တွေက ကိုယ်ထူကိုယ်သ ကိုယ့်ဆိုင်ကိုယ်ရောင်းနေကြသူ များတယ်။

စစ်တွေမှာ ဆိုက္ကားတော်တော်များများရှိတယ်လို့ ထင်ရတယ်။ ခန့်မှန်းချက်ကတော့ ဆိုက္ကားအစင်းရေပေါင်း (၆၄၄) စီးရှိတယ်။ နင်းတဲ့လူ (၅၂၀) ရှိတယ်။

(၃၆၀) ဟာ ရခိုင်အမျိုးသားတွေဖြစ်တယ်၊ ဒါပေမယ့် ရခိုင်အမျိုးသားတွေဟာ ဇွဲသတ္တိ မရှိကြဖူး၊ နေပူယင် နားနေလိုက်ကြတယ်၊ မိုးရွာယင် မိုးရွာတယ်ဆိုလို့ နားနေလိုက်ကြတယ်၊ ကျောက်ဖြူမှာ ရခိုင်တွေ ဒီလိုပဲ

မိုးရွာ၊ နေပူတဲ့အခါ၊ မနင်းဘူး၊

ဝင်ငွေကောင်းတဲ့လုပ်ငန်းတခုကိုဇွဲကောင်းကောင်းနဲ့ လုပ်ဖို့ လှုံ့ဆော်ပေးဖို့ဟာ ဘယ်သူတွေမှာ တာဝန်ရှိသလဲ။

ကြေးပင်စုရပ်ကွက်မှ ကိုသာဒိုးအောင်က မတ်တပ်ရပ်၍၊

အလုပ်သမား အစည်းအရုံးနဲ့ မြို့နယ်ကောင်စီတွေမှာ တာဝန်ရှိပါတယ် ဟုပြောလိုက်သည်။

ပရိသတ်များ ဩဘာပေးကြသည်။

ဆိုက္ကားသမား တယောက်ရဲ့ ဝင်ငွေကိုပျမ်းမျှခြင်း တနေ့ ၁၅ ကျပ်နှုန်းနဲ့ တွက်လိုက်ယင် သူတို့ရဲ့ဝင်ငွေဟာ မနည်းဘူး၊ ဟောဒီမှာ ကြည့်စမ်း ဟု ကိုကြီးငွေက ပြောဆိုကာ ထုတ်ပြလိုက်သည်။

## ဆိုက္ကားနင်းသူများဝင်ငွေ

| အမှတ်စဉ် | ဆိုက္ကားနင်းသူ လူမျိုး | ဦးရေ | တဦးတနေ့ ဝင်ငွေ (ကျပ်) | စုစုပေါင်းဝင်ငွေ တနေ့ (ကျပ်) | တလ (ကျပ်) | တနှစ် (ကျပ်) |
|---|---|---|---|---|---|---|
| ၁။ | ရခိုင် | ၃၆၀ | ၁၅ | ၅၄၀၀ | ၁၆၂၀၀၀ | ၁၉၄၄၀၀၀ |
| ၂။ | လူမျိုးခြား | ၁၆၀ | ၁၅ | ၂၄၀၀ | ၇၂၀၀၀ | ၈၆၄၀၀၀ |
| | | ၅၂၀ | | ၇၈၀၀ | ၂၃၄၀၀၀ | ၂၈၀၈၀၀၀ |

**ကိုအောင်ဘန်း။** ကိုကြီးငွေ-ခုံဘိနပ်ကောင်းကောင်း တရံကို ငါးကျပ်မှ ငါးကျပ်ပြားငါးဆယ်အထိ ပေးရတယ်၊ အုန်းတံမြက်စည်း တချောင်းကို သုံးကျပ်ပြားငါးဆယ် ပေးရတယ်၊ ဒီကုန်ပစ္စည်းတွေဟာ အားလုံး ရန်ကုန်က မှာကြရတယ်။

သားရေညှပ်ဘိနပ်မျိုးစုံ၊ ဘုန်းကြီးစီး၊ လူစီးမျိုးစုံ ရန်ကုန်က တင်ပို့ပေးနေရတယ်၊

ရခိုင်မှာလုပ်တဲ့ ခုံဘိနပ်၊ ရခိုင်မှာလုပ်တဲ့ အုန်းတံမြက်စည်း ဈေးပေါတယ်။ ဒါပေမဲ့ တာရှည်မခံလို့ ဝယ်ယူသုံးစွဲတဲ့လူ နည်းတယ်။

အိမ်ထောင်ပရိဘောဂတွေ လုပ်ဖို့ ရခိုင်မှာ ကျွန်းသစ်မှအပ အခြားသစ်တွေ ရှိတယ်၊ ရန်ကုန်ကလဲ ကျွန်းသစ် မှာလုပ်နိုင်တယ်။

ကိုကြီးငွေ-တရုတ်တွေအခြေအနေကို ကြည့်စမ်း။ နေ့ချင်း၊ ညချင်း ပြောင်းလဲနေတယ်။ တရုတ်တက္ကသိုလ်က ပါမောက္ခ ၄၀၊ ၅၀ ခန့်ဟာ အမေရိကန် တက္ကသိုလ်မှာ နည်းပညာ သင်ယူနေကြတယ်၊

ရာနဲ့ချီလို တရုတ်ကျောင်းသားတွေ ဂျပန်နဲ့ အမေရိကန်သို့ ပညာဆက်သင်ဖို့ လွှတ်နေဘယ်။

အမေရိကန်နဲ့ ဂျပန်ကုမ္ပဏီကြီးတွေဟာလဲ တရုတ်ပြည်မှာ အလုပ်ရုံကြီးတွေ၊ ဟိုတယ်ကြီးတွေ ဖွင့်ဖို့စီစဉ်နေကြတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း-ဆိုယုဇ် ၃၂၊ ဆိုယုဇ်တို့ ကမ္ဘာကို လွှတ်နေကြတယ်၊ လက်နက်ဆန်းတွေ တမျိုးပြီးတမျိုး လုပ်နေကြတယ်။ ဒီလိုတိုးတက် နေဘဲ့အချိန်မှာ ခုံဘိနပ်တွေ၊ တံမြက်စည်းတွေ၊ သွားခရ ဘိနပ်တွေ၊ စားပွဲ ကုလားထိုင်တွေ ရခိုင်က မလုပ်တတ်သေးတာ တော်တော် အောက်ကျနေတယ် မဟုတ်လား။ ဒါတွေကို ကောင်စီလူကြီးတွေ သတိထားဖို့ပဲ။

ရယ်သံများ။

**ကိုအောင်ဘန်း။** ဟုတ်တယ်လေ၊ ကြံသကာတွေ ရခိုင်မှာ အတုံးလိုက်အခဲလိုက် ဖြစ်နေတယ်။ မြန်မာပြည် ကလို လှလှပပအချပ်ကလေးတွေ မလုပ်တတ် ကြသေးဘူး။

**ကိုကြီးငွေ။** ဒါကြောင့် ဟံမြက်စည်းကအစ ကိုယ့်ဒေသ မှာ ထုတ်လုပ်လာလို့ရှိယင် ဈေးနှုန်း ကျဆင်း လာမယ်၊ ဒီလုပ်ငန်းတွေကို မြန်မာနိုင်ငံမှာ သင်ယူဖို့ စုရုံးပြီး မြို့နယ်အသီးသီးသို့ လွှတ်ဖို့၊ တာဝန်ဟာ မြို့နယ်အလုပ်သမားအစည်းအရုံး တွေမှာလဲ တာဝန်မရှိဘူးလား။

ဒါဟာ ဆိုရှယ်လစ်စီးပွားရေးရဲ့ အနှစ် သာရတွေကို အကောင်အထည်ဖော်တာ ဖြစ် တယ်။

ကိုကြီးငွေက လက်သီးလက်မောင်းတန်း၍ ပြောလိုက်ရာ ပရိတ်သတ်များ ဩဘာပေးကြ သည်။

**ကိုအောင်ဘန်း။** အလုပ်သမား အစည်းအရုံးဟာ အလုပ်ရုံ၊ စက်ရုံမှာလုပ်ကြတဲ့လူတွေကို စည်းရုံးရတာပဲ မဟုတ်လား၊ ခုလိုပြောလိုက်ယင် နားကြား ပြင်းကပ်ဘယ်လို့ သူတို့မပြောပေဘူးလား။

**ကိုကြီးငွေ။** အလုပ်ရုံ၊ စက်ရုံ ရခိုင်မှာ ဘယ်လောက်ရှိလို့ လဲ၊ ဒီလို နားကြားပြင်းကပ်တယ်ဆိုယင် သတို့ နားကို ဂွမ်းပိတ်ထားပေါ့။

ရယ်သံများ၊

**ကိုအောင်ဘန်း။** စစ်တွေမှာ အညစ်အကြေး မိလ္လာသိမ်းတဲ့ လုပ်ငန်းတွေကို ဘယ်လူမျိုးတွေလုပ်နေကြသလဲ၊ ရန်ကုန်နဲ့ မြို့မပြည်အရပ်ရပ်မှာ မိလ္လာသိမ်း လုပ်ငန်းကို ဗမာအမျိုးသားတွေ လုပ်နေကြ တယ်ဟု လက်သီးလက်မောင်းတန်း၍ ပြော လိုက်သည်။

ပရိတ်သတ်များဩဘာပေးကြသည်။

**ကိုကြီးငွေ။** စစ်တွေမှာ ဈေးရပ်ကွက်၊ မြို့ဟောင်း အနီး တဝိုက်မှအပ ပြင်ပရပ်ကွက် နေအိမ်တွေမှာ မိလ္လာသိမ်းရတာ တလကို ခြောက်ကျပ်နှုန်းပေး ရတယ်၊ ဒါပေမယ့် တလမှာ(၂)ကြိမ် မှန်မှန် မယူဘူး၊ မိလ္လာအိုးတွေ ပြည့်လျှံနေတယ်။

ဒီလိုလကြေးနဲ့မိလ္လာသိမ်းတဲ့ ပျမ်းမျှအိမ်ခြေ (တသောင်း)ရှိတယ်လို့ ဆိုပါစို့။ ဒီတသောင်း အတွက် ငွေတွေဘယ်လောက်ကုန်မလဲ၊ ဟောဒီ စာရင်းကိုကြည့်စမ်း။

| အိမ်ခြေ | တလ(ကျပ်) | တနှစ်(ကျပ်) |
|---|---|---|
| ၁ | ၆ | ၇၂ |
| ၁၀၀၀၀ | ၆၀၀၀၀ | ၇၂၀၀၀၀ |

လူတယောက် ပျမ်းမျှအိမ် (၃၀) လုပ်နိုင်တယ်၊ အိမ်(၁၀၀၀၀)ဆိုယင် ပျမ်းမျှ(၃၃၃) ယောက် လိုတယ်။

ဒီအလုပ်တွေကို ရခိုင်အမျိုးသားတွေ ဝင်လုပ်ဖို့ အလုပ်သမား ခေါင်းဆောင်တွေ **တိုးတိုက်တိုက်၊ ကမ်းတိုက်တိုက်** စည်းရုံးလို့ လုပ်သင့်တယ် မဟုတ်လားဟု စားပွဲကိုလက်သီးနှင့်ထိုး၍ ကိုကြီးငွေက ပြောပြလိုက်ရာ ပရိတ်သတ်များ ဩဘာပေးကြသည်။

**ကိုအောင်ဘန်း။** ဒါကြောင့် ပြောတာပေါ့၊ ဒီပြည်နယ်၊ ဒီနိုင်ငံမှာ တိုင်းတပါးသားတွေ စီးပွားရှာလို့ ကောင်းတယ်လို့ ချီးမွမ်းကြတယ်။

ကိုကြီးငွေ-ဘီဒီဆေးလိပ်လုပ်ငန်းကို ကြည့်စမ်း၊ စစ်တွေမှာ တော်တော် ခပ်များများ လုပ်နေကြတယ်၊ ဒါ့ပေမဲ့ စီးပွားရေးလုပ်ငန်း၊ ငွေဝင်ကောင်းတယ်ဆိုတာ ရခိုင်တွေ မသိကြဘူး၊ ဘန့်ဘွေးရွက်တွေကို ပွဲခူးတိုင်းက မြို့နယ်များဖြစ်တဲ့ သာယာဝတီ၊ ပြည်မြို့နယ်တို့က ရရှိတယ်၊ ဆေးရွက်တွေကိုတော့ ရွှေလက်ဝါးနဲ့ အခြားဆေးရွက်တွေကို သုံးတယ်။

ဖက်တပိဿာမှာဆေးမှုန့်တပိဿာနှစ်ဆယ်ကျပ်သား လိုတယ်။

| | | |
|---|---|---|
| ဘန့်ဘွေးရွက်တပိဿာ | ၁၀ | ကျပ်။ |
| တောင်ကုတ်ဆေး | ၈ | ကျပ်။ |
| ရွှေလက်ဝါးဆေးရွက် | ၉ | ကျပ်။ |

ဒီနှုန်းနဲ့ ဘီဒီဆေးလိပ်(၂၇၀၀)မှ(၃၀၀၀) ထိထွက်တယ်၊ အလုပ်သမား (၄)ယောက်မှ (၅၉)ယောက်ထိ လုပ်ကိုင်နေတဲ့ ဆေးလိပ်ရုံတွေဟာ တော်တော်များတယ်။

တနှစ်ကို ဆေးလိပ်သိန်းပေါင်း (၁၀၀) ထက်မနဲလုပ်တဲ့လူတွေ ရှိတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ဒီ ဘီဒီဆေးလိပ်လုပ်ငန်းကို ဗူးသီးတောင်၊ မောင်းတောမြို့နယ်မှာလဲ

အလုပ်သမား (၂)ယောက်မှ (၄၀)ကျော် လုပ်နေတဲ့ အလုပ်ရုံတွေရှိတယ်။ သိန်းနဲ့ချီလို့ ထွက်နေတဲ့ ဘီဒီဆေးလိပ်တွေကို ရခိုင်ပြည် နယ်က သောက်လို့မကုန်နိုင်ဖူး။ သောက်တဲ့လူ တွေကလဲ ချွေချွေတာတာနဲ့ တနေ့လုံးမှ အများ ဆုံး သုံးလိပ်သောက်တယ်လို့ ပြောကြတယ်။ ဒီဆေးလိပ်တွေကို လူတယောက်(၅၀၀၀၀)မှ (၁၀၀၄၀၀ စီ လက်ဆင့်ကမ်း သဘောနဲ့ ဟိုဖက်ကမ်းကို ပို့လိုက်တာပဲ။

ရယ်ကြသည်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ စီးပွားရေးလုပ်ငန်းဆိုတာ လာဒ် မြင်ဖို့လိုတယ်၊ ကံ-ကံတရားကိုချည့် အားကိုးလို့ မရဖူး။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ကံတရားကို အားမကိုးယင် မယူရှင်မတို့၊ မြောက်ဦးရှင်မတို့ကို ပူဇော်ပသ ရမှာလား၊ ငမာပြည် မြို့ကြီး၊ မြို့ငယ်အချို့မှာ စီးပွားရေးဝင်ငွေကောင်းဖို့ ငွေထောင်သောင်း အကုန်ခံလို့ နတ်ပွဲတွေလုပ်နေကြတယ်ဟု ပြော လိုက်ရာ ပရိသတ်များ ဩဘာပေးကြသည်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ နတ်ပွဲတွေလုပ်လို့ စီးပွားဖြစ်တော ရယ်၊ ယတြာလုပ်လို့ စီးပွားဖြစ်တာရယ်တို့ဟာ ဂေါတမမြတ်စွာဘုရား မပွင့်မီက အလုပ်တွေ ဖြစ်တယ်။ အဲဒီအချိန်က ရေနတ်၊ နေနတ်၊

မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ ရွာစောင့်နတ်တွေကို အလေးအနက်ထားလို့ ကိုးကွယ်ခဲ့ကြတယ်။

ဒါဟာ ခမ္မစက်နဲ့ အာဏာစက် အချိန်အခါမျိုးမှာ ပြာမှုန့်ကိုစားလို့ အသက်ရှည်တယ်။ ဝိဇ္ဇာလမ်းကိုလိုက်လို့ အသက်ရှည်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဘုရားက အသက်(၁၀၀)တမ်း ဟောခဲ့တယ်။

ကိုကြီးငွေ။ ကိုအောင်ဘန်း ရခိုင်က အချို့မြို့နယ်တွေမှာ ဝိဇ္ဇာလမ်းလိုက်နေကြတဲ့ ဝိဇ္ဇာဆရာကြီးတွေရှိတယ်။ ဗမာပြည်အရပ်ရပ်မှာလဲ ဘိုးတော်ဂိုဏ်းဝင်တွေ ရှိတယ်။

မော်လမြိုင်နဲ့ သထုံနယ်၊ မြို့စွန်မြို့ဖျားတွေမှာ ဝိဇ္ဇာဆရာကြီးတွေရှိတယ်၊ အသက်(၃၀၀)ရှည်နိုင်တဲ့ ဆေးနည်း၊ စီးပွားရေးတိုးတက်နိုင်တဲ့နည်းတွေကို ပေးနေတယ်ဆိုပဲ၊ သူတို့ကို ရခိုင်ပြည်နယ်ပင့်ယင် မကောင်းဖူးလား။

ပြဿနာသံများ ဆူညံနေသည်။

ကိုအောင်ဘန်း။ ဒါတွေဟာ လွဲမှားတဲ့ အယူအဆ၊ လွဲမှားတဲ့ အမြင်၊ ဒိဋ္ဌိတွေ ဖြစ်တယ်ဟု ခတ်ငေါက်ငေါက် ပြောလိုက်သည်။

ကိုအောင်ဘန်းက ဆက်လက်၍ ကိုကြီးငွေ ဒိဋ္ဌိဆိုတာလဲမနဲဖူး။ (၅)ဒါဇင်နဲ့ (၂)ခုရှိတယ်။ ဒီအထဲမှာ သက္ကာယဒိဋ္ဌိဆိုတာ ဗိုလ်အကျဆုံးပဲ။

သက္ကာယ - ခန္ဓာကိုယ်တွင်
ဒိဋ္ဌိ - အမှားမြင်ခြင်းပဲ။

ငါတတ်တယ်၊ ငါသိတယ်၊ ငါမြင်တယ်၊ ငါလုပ်နိုင်တယ်လို့ ငါတကောကောလို့လုပ်နေတာတွေဟာ သက္ကာယဒိဋ္ဌိပဲ ဖြစ်တယ်။ ဒီသက္ကာယဒိဋ္ဌိမရှိဖို့ ရိပ်သာတွေမှာ တရားအားထုတ်နေကြတာ မဟုတ်လား။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ရိပ်သာတွေမှာ တရားအားထုတ်တယ်ဆိုတော့ အားထုတ်တဲ့ လူတွေဟာ ကိလေသာမီးဘေးငြိမ်းအောင် အားထုတ်တာပဲ။ ဘိုးတော်ဂိုဏ်းနဲ့ အင်းစွဲ၊ပြာစွဲ၊လုပ်ငန်းနဲ့မဆိုင်ဖူး မဟုတ်လား။

**ကိုအောင်ဘန်း။** ဟုဘဲတယ်၊ ဘိုးတော်ဆရာကြီးတွေဟာ ဘယ်လောက်စွမ်းဘယ်၊ ဘယ်လောက်မစွမ်းဖူး ဆိုတာ အချို့ ဆရာကြီး ဂိုဏ်းဝင်တွေဟာ ထောင်ထဲ ရောက်နေကြတာ မသိဖူးလားဟု ကိုအောင်ဘန်းက ၎င်းရှေ့ရှိစားပွဲကို ပေါ်ပေါ် လက်သီးနှင့်ထိုး၍ပြောလိုက်သည့်အခါ ပရိသတ်များ ရယ်ရယ်မောမော ပြုံးဘာမေးကြလေတို့

ကိုအောင်ဘန်းကဆက်၍ စကားပြောရတာ အာခြောက်နေတယ်။ လျှက်ဆားကလေးများ ရှိရင် ပေးကြပါဟု တောင်းလိုက်သည်။

ပရိသတ်များထဲမှ လျှက်ဆားမရှိဖူး။ လျှက်ဆားထက်ကောင်းတဲ့ ခံတွင်းရှင်း ချောင်းဆိုးပျောက်တဲ့ နှင်းဦးရှောက်သီးဆေးပြား ရှိတယ်၊ ရော့ဟု ပေးလိုက်သည်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ရခိုင်က မြို့နယ်ကျေးလက်မှာနေတဲ့လူတွေ စားသောက်ဖို့၊

ကြက်သွန်။
အာလူး။
ငြုပ်။
ပဲ။
ကြာဇံ။
နှမ်း။

ဒီစားကုန်ပစ္စည်းတွေရော၊ ဝတ်ကုန်၊ လူသုံးကုန်ပစ္စည်းတွေကိုပါ ရန်ကုန်မြို့က သင်္ဘောနဲ့ တင်ပို့နေရတယ်။ တင်ပို့ခတွေလဲ ဈေးကြီးတယ်။ သင်္ဘောမရှိရင် ရန်ကုန်က ပြည်၊ ပြည်က တောင်ကုတ်၊တောင်ကုဘ်ကသံတွဲ၊ကျောက်ဖြူ၊

စစ်တွေ အဆင့်ဆင့်ပို့နေကြလို့ ပြည်သူလူထု ဈေးကြီးကြီးပေး အသုံးပြုကြရတယ်၊

၁၉၇၉ ခု၊ ဇန်နဝါရီလက ပြည်တော်ညွန့် သင်္ဘောဟာ စက်ဘုမှာ မီးလောင်တဲ့အချိန်က စလို့ ကုန်တွေကို ကုန်းသမ်းနဲ့ ပို့ကြရတယ်။ လမ်းမှာ ကုန်ပစ္စည်းပျောက်ဘာရော၊ သယ်ယူပို့ဆောင်ခနှုန်း ကြီးတာရော၊ စားသုံးတဲ့လူထု အတွက် နစ်နာကြရတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လဲ သင်္ဘောအစ း ထိုးဖို့ဘာ မသွယ်ဖူး။ ဘဏ္ဍာရေး အခြေ အနေနဲ့အခြားသောအခြေအနေတွေကိုစဉ်းစား ရတယ်။ ဒါကို ရခိုင်ဘက်က တိုင်းရင်းသား ခေါင်းဆောင်တွေ၊ အရေးဘယူ စဉ်းစားလို့ ရှိယင် ရခိုင်မှာ ကြက်သွန်၊ ငရုတ်၊ အာလူး၊ ပဲမျိုးစုံ၊ နှမ်း၊ ကြာဇံတို့ကိုထုတ်လုပ်ဖို့မကြိုးစား နိုင်တာ လူညံ့တွေလို ပြောမလား၊ လူဖျင်း တွေလို ပြောမလား၊ ဘယ်လိုပြောကြမလဲဟု ပရိသတ်ကိုလက်ညှိုးထိုး၍ မေးလိုက်သည်။

မိဇ်ရပ်မှ ဒေါ်လှညို က မတ်တတ်ရပ်၍ အကျွန်ုပ်ရို့ သူတို့ကိုမပြောဝံ့ပါဟု ပြောလိုက် သည့်အခါ ပရိသတ်များ ဝိုင်း၍ဩဘာပေးကြ သည်။

**ကိုအောင်ဘန်း။** မပြောဝံ့ယင် မြောက်အရပ်မှ အနန္တစကြဝဠာ၊ တောင်အရပ်မှအနန္တစကြဝဠာ၊ အရှေ့အရပ်မှ အနန္တစကြဝဠာ၊ အနောက်အရပ်မှ အနန္တစကြဝဠာမှာ နေထိုင်ကြတဲ့ သတ္တဝါတွေဘေးရန်ခပ်သိမ်းငြိမ်းပါစေ၊ ဒေါသခပ်သိမ်းအေးပါစေ။ ဆင်းရဲခပ်သိမ်းကင်းပါစေ။ နှလုံးစိတ်တွေအေးပါစေလို့ မေတ္တာပို့ရင် စိတ်ဆိုးကြမလား။

မဆိုးပါ၊ မဆိုးပါ၊ အသံများ။

**ကိုကြီးငွေ။** စိတ်မဆိုးယင် မဆိုးတဲ့အပြောအဆိုကို လုပ်ပေါ့၊ အခုဆွေးနွေးခဲ့တဲ့ နတ်တွေကိုလဲ အားမကိုးနဲ့၊ ဒီနတ်တွေဆိုတာ အားကိုးလို့ရချင်မှ ရတယ်၊ နတ်တွေ၊ စုန်းတွေကို မေတ္တာပို့ရမယ်၊ မေတ္တာပို့ရင် ဒီနတ်တွေက မေတ္တာပို့တဲ့ လူကို ပြန်လို့မေတ္တာထားတယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ နေ့စဉ်စားဖို့ ဈေးဝယ်နေကြတဲ့ အမျိုးသမီးတွေငရုတ်သီးတပိဿာဘယ်လောက်ဈေးကြီးတယ်၊ ဆီတပိဿာ ဘယ်လောက် ဈေးကြီးတယ်။ ငါးတပိဿာ ဘယ်လောက် ဈေးကြီးတယ်၊ ကြက်သားတပိဿာ ဘယ်လောက်ဈေးကြီးတယ်လို့ ငြီးတွားနေကြတယ်၊ ဒီအသားတွေ၊ ငါးတွေ ဈေးကြီးရင် ဝယ်မစားပဲ အသီး

တိတ် သပိတ်မှောက်ထားလိုက်ပေါ့ဟု ပြော လိုက်သည်။

ထို့နောက် ဆွေးနွေးပွဲကို နောက်နေ့သို့ ရွှေ့လိုက်ကြောင်း ကြေငြာလိုက်ရာ ပရိသတ်များ သြဘာပေး၍ ထပြန်ကြသည်။

# လွန်းပျံခရီးနှင့်ဓမ္မစက်

[ ၄ ]

ဓမ္မပဒ ဒဏ္ဍာဝဂ်ဝယ်၊ ဝိသာ
ခါအား မြတ်ဘုရားဟောတယ်။
လိမ္မာပေငြား၊နွားကျောင်း
သားငယ်။ ဒုတ်ကိုကိုင်ထား နွား
များကိုရှုယ်။

မြက်ရေ ပေါကြွယ်၊ စား
ကျက်သို့ကွယ်၊ မောင်းနှင်ရိုက်
ငြား၊ ပမာထားတူတယ်။

အိုခြင်းတရား၊ နာခြင်းသို့
ဝယ်၊ နာခြင်းတရား၊ သေခြင်း
သို့ဝယ်။

သတ္တဝါအသက်၊ ဆောင်ပို့
လေတယ်၊ မြတ်တရား၊ ကြိုးစား
အားထုတ်ကွယ်။

ဓမ္မပဒ။

ကိုကြီးငွေနှင့် ကိုအောင်ဘန်းတို့ စာအုပ်ကို ပိုက်၍ ဆွေးနွေးမည့် နေရာသို့ ရောက်ရှိလာကြရာ ပရိသတ်များက ဝိုင်း၍သြဘာပေးကြသည်။

ပရိသတ်များမှာ ယခင်နေ့ကထက် ပို၍များလာသည်။

ကိုအောင်ဘန်းက ကိုကြီးငွေ လူ့ဘာဝရဲ့ စားဝတ်နေရေးနဲ့ ပတ်သက်လို့ လောင်ကျွမ်းကြတဲ့ ကိလေသာမီးတွေအကြောင်း ဆွေးနွေးဖို့ လာတယ် မဟုတ်လား၊ ယနေ့ ဆွေးနွေးဖို့က လွန်းပျံခရီးနဲ့ ဗုဒ္ဓစက်ပဲ။

အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကြံစည်နေတယ်။ ကိလေသာ အညစ်အကြေး မဖြစ်ဖြစ်အောင် ဖိဘိခေါ်နေတယ်။[၁]

သူ့ဘပါးပူပင်သောကရောက်ဖို့၊ သူတပါးတို့ ပျက်စီးစေအောင်လုပ်ဖို့ ကြံစည်မှုတွေ၊ အားထုတ်မှုတွေ ကြိုးစားနေကြတယ်။[၂]

သူတပါးတို့ မခံသာအောင် ညှဉ်းဆဲခြင်း နည်းမျိုးစုံလဲ့ ကြံစည်အားထုတ်နေကြတယ်။[၃]

ယနေ့ ဒီကမ္ဘာမှာ ဒီလိုဝိတက်တွေနဲ့ မီးတွေ တောက်လောင်နေကြတယ်။ သူများပျက်စီး တာကို မြင်လိုကြတယ်။ ပျက်စီးအောင်လဲ ကြံစည်ကြတယ်။ မကောင်းမှုဟူသမျှကို ဒိုင်ခံ လုပ်ကြတယ်။ ဒါ့ကြောင့် အခု လောကမှာ မျက်မြင်ပဲ၊ ဒီလူတွေဟာ ဘေးမျိုးစုံနဲ့ ရင်ဆိုင် ကြရတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း– ဒီလို ကာမစည်းစိမ်နဲ့ ပတ်သက်လို့ အရပ်သူအရပ်သား တော်တော် များများ တောက်လောင်ပြီး ဝိသမလောဘနဲ့ မှောင်ခိုချနေကြတာလဲ မနဲဖူး။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ မမိသေးတဲ့ အခါတော့ စပေါ့၊ မိယင်တော့ သူတို့အတွက် မသက်သာ

---

၁။ ကာမဝိတက် ၂။ ဗျာပါဒဝိတက် ၃။ ဝိဟိံသာဝိတက်

ဖူး၊ သေကာနီးဘဖက်ကိုယိမ်းယင် ဘဝတခုလုံး ဆုံးဖို့ အရေးကို သူတို့မမြင်ဖူး၊ နိုင်ငံအသီးသီး ဒီလိုသုပ်ငန်းတွေ ပေါများနေတယ်။ ဒါကြောင့် ထောင်တွေမှာဆိုယင်လဲပြည့်ကျပ်နေတာ သူတို့ လို အကျင့်ပျက်တွေပဲ မဟုတ်လား၊

ရယ်သံများ။

မရယ်ကြနဲ့ မကောင်းလုပ်ယင် မကောင်း သလို ခံရမယ်။ အကောင်းလုပ်ယင် အကောင်း ဖြစ်မယ်။

**ကိုကြီးငွေ၊** ကိုအောင်ဘန်း– ဗုဒ္ဓတရားကို မဟာစည် ဆရာတော်ဘုရားကြီးနဲ့ အဖွဲ့ဟာ အနောက် ဥရောပတိုက်တခွင် လွှန်းပျံခရီးနဲ့ ဟောခဲ့တာ၊ အနောက် ဥရောပတခွင်သာမကဖူး၊ အရှေ့ ဥရောပ ကွန်မြူနစ်မြို့ကြီးတွေကပေါ နားစိမ့် ကြတယ်ဆိုပဲ။

**ကိုအောင်ဘန်း၊** ကိုကြီးငွေ–အမေရိကန်တို့၊ အင်္ဂလန်တို့၊ ပြင်သစ်တို့၊ ဆိုတာ ငွေရှင်၊ ကြေးရှင် ဓနရှင် ပေါများတယ်၊ စည်းစိမ်ရှင်ကြီးတွေပဲဖြစ်တယ် အလုပ်တွေ အကိုင်တွေကလဲ ကြီးကျယ်တယ် စက်ရုံတရုံဆိုယင် အလုပ်သမား (၅၀၀၀)မှ (၁၀၀၀၀) ရှိတယ်။

ဒီသူဌေးတွေဟာ အလုပ်ကြီးသလောက် စိတ် ဆင်းရဲကြဘယ်၊ စိတ်မအေးချမ်းကြဖူး၊ 'ဒါ

ကြောင့် သူတို့ စည်းစိမ်တွေ ပျော့ကျမှာကို ပူပန်သောက ဖြစ်နေကြတယ်၊ ဥစ္စာပေါ်များ သောကများတယ်။ ဒါကြောင့်မဟာစည် ဆရာတော်က **ချမ်းသာရေး တရားတော်**[၁] ကို အမေရိကန်မှာရော အခြား ဥရောပနိုင်ငံမြို့ကြီးတွေမှာ ထုတ်ဖော် ဟောလိုက်တဲ့ အခါ သောကဖြစ်နေ**တဲ့** သဌေးကြီးတွေ ပါမောက္ခ ကြီးတွေ၊ တော်တော် သဘောကျတယ်လို့ သိရတယ်။

**ကိုကြီးငွေ။** ဟုတ်တယ်၊ လူတွေဟာ လူတိုင်းလူတိုင်း ချမ်းသာချင်ကြတယ်၊ ဘယ်လို အားထုတ်ပြီး ဘယ်လိုနေယင် ချမ်းသာတယ်ဆိုတာ လူတိုင်း လူတိုင်း သိရှိနားလည်ထားဖို့လိုတယ်၊

ဗုဒ္ဓမြတ်စွာ ဘုရားက လူသတ္တဝါတွေကို သနားလို့ ချမ်းသာရေးတရားကို ဟောခဲ့တယ်၊ ဒီချမ်းသာရေးကလဲ မျက်မှောက် ချမ်းသာရေး နောင်အခါ ချမ်းသာရေး၊ အဲဒီနှစ်မျိုးထဲက မျက်မှောက်ချမ်းသာရေးကို စီးပွားရေး အလုပ်နဲ့ ပတ်သက်လို့ မပျင်းမရိ လုပ်ကိုင်ဆောင်ရွက်ဖို့ တနေ့က ဆွေးနွေးခဲ့တယ် မဟုတ်လား။

ပရိသတ်တွေ ကြားလိုက်ရဲ့လား။

ကြားတယ်၊ ကြားတယ်၊ အသံများ။

---

၁။ The Way To Happiness

**ကိုအောင်ဘန်း။** ကိုကြီးငွေ– ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးနဲ့ တပည့်များ ဧပြီလ (၂၀) ရက်နေ့က နယူးယောက်မြို့၊ ဒါလပ် လေဆိပ်ကို ရောက်တဲ့အချိန်က စလို့ ပြောရ ဆိုရ၊ ဟောလိုက်ရတာ သာမန်ပုဂ္ဂိုလ်ဆိုယင် အမောဆိုက်မယ်။

ဘုရားမတွေ့ရ၊ တရားမတွေ့ရ၊ သံဃာမတွေ့ရ၊ မြန်မာပြည်က ရောက်နေကြတဲ့ မြန်မာသံရုံး ဝန်ထမ်းတွေက တမျိုး၊ ပြင်ပအစိုးရဌာန အသီးသီးမှာ လုပ်နေကြတဲ့ မြန်မာအမျိုးသား၊ အမျိုးသမီးတွေက တမျိုး၊ အမေရိကန်နဲ့ အခြား အမျိုးသား အမျိုးသမီးတွေက တမျိုး၊ ဝင်လိုက်၊ ထွက်လိုက် မေးမြန်းလိုက်ကြတာလဲ မေးခွန်းတွေ တသီတတန်းကြီး ဖြစ်နေမှာပဲ။

**ကိုကြီးငွေ။** ကိုအောင်ဘန်း– ဒီမဟာစည် ဆရာတော်ကို ကမ္ဘာက လေးလေးစားစားရှိတယ်၊

၁၉၅၉–ခု ဇန်နဝါရီလ (၁၀) ရက်နေ့က မဟာစည် ဆရာတော်ဘုရားကြီးဟာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ကို ကြွခဲ့တယ်။

အဲဒီအခါတုန်းက ဝန်ကြီးချုပ်ဂျဝါဟာလာနေရူးနဲ့ အစိုးရ ဗဟိုဝန်ကြီးအဖွဲ့ တဖွဲ့လုံး ကြိုဆိုလိုက်ကြတာ တက်တက်ကြွကြွပဲ။



နယူးဒေလီမြို့တွင် မဟာစည် ဆရာတော်ဘုရားအား ဝန်ကြီးချုပ်
ဂျဝါဟာလာနေရူး ကြိုဆိုနေစဉ်။

ဥရောပသို့ ခရီးကြွတဲ့အခါ ဦးသီလာနန္ဒ၊ ဦးဇနကာဘိဝံသ၊ ဦးကေလာသ၊ ဦးအဂ္ဂဓမ္မ တို့လဲ ပါကြွတယ်။

ကိုအောင်ဘန်း - ဥရောပတခွင်ကိုသာသနာ ပြုရေးအတွက် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရကလဲ ကြွချင် တဲ့ နိုင်ငံကို ကြွနိုင်ဖို့ ခွင့်ပြုပေးတာ၊ ဒါ ဗုဒ္ဓ ဘာသာရေးကို အားပေးတာပဲ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ- ဟောဒီမှာကြည့်စမ်း၊ သာ သနာ ညှိုးနေတဲ့အချိန် သာသနာတော်လဲ သန့်ရှင်း၊ တည်လဲတည်တန့်၊ ပြန့်လဲပြန့်ပွားဖို့ ပြည်ထဲရေးနဲ့သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်စိန်လွင်ကိုယ်တိုင် ရန်ကုန်နဲ့အထက် မြန်မာနိုင်ငံ တိုင်းအသီးသီးသို့ ရောက်ရှိပြီး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ဖြစ် မြောက်ရေး ဆရာတော်ကြီးများသို့ လျှောက် ထားနေတယ်။ သတင်းစာကို ကိုင်၍ပြလိုက် သည်။

သာသနာရေးဆိုင်ရာ ဝန်ကြီးက ရန်ကုန်မြို့ အတွင်း သုဓမ္မ ဂိုဏ်းဝင်၊ သံဃာ့နာယက၊ သာသနာ့ ဥသျှောင် ဆရာတော်ကြီးများကို ကမ္ဘာအေးလမ်း သာသနာရေးဦးစီးဌာနရုံးမှာ ပင့်ဖိတ်လို့တမျိုး၊ စမ်းချောင်းမြို့နယ်၊ လင်း

လွန်းပင် ကျောင်းတိုက် မဟာဒွာရဂိုဏ်း သာသနာပိုင် အမှူးရှိသော ဗဟိုဝန်ဆောင် ဆရာတော်ကြီးများနဲ့ လည်းကောင်း၊ မန္တလေးမြို့ ရွှေကျင်သာသနာပိုင် ကျောင်းတိုက်တွင်လည်းကောင်း၊ ၊မန္တလေး အနောက်တောင် မဟာဝိသုဒ္ဓာရုံ ကျောင်းတိုက်တွင် လည်းကောင်း၊ စစ်ကိုင်းတိုင်းတွင် လည်းကောင်း၊ သာသနာ့ဥသျှောင် ဆရာတော်ကြီးများကို ပင့်ဖိတ်လို့ (၆၆) ပါးပါ သံဃာ့ဝန်ဆောင် အဖွဲ့ဖွဲ့ဖို့ ရွေးကောက်ထားတယ်။

ကိုကြီးငွေ။ ကိုအောင်ဘန်း– ဒုတိယဝန်ကြီး ကိုကြီး အုန်းကျော်လဲ ပဲခူးတိုင်းမှာရှိတဲ့ ဆရာတော်ကြီးများ ပင့်ဖိတ်လို့ ရွေးကောက်ထားနေတယ်။ အခြားတိုင်းနဲ့ပြည်နယ်တွေကိုလဲဒီလိုပဲရွေးကောက်ထားတယ်၊ ဒါဟာ ဗုဒ္ဓဘာသာတို့အတွက် ကြည်နူးဝမ်းမြောက်ဖို့ ဖြစ်လာတယ်။

ဒီ (၆၆) ပါးမှာ သုဓမ္မာဂိုဏ်းက (၅၈) ပါး၊ ရွှေကျင်ဂိုဏ်းက (၅) ပါး၊ မဟာဒွာရဂိုဏ်းက (၂) ပါး၊ မူလဒွာရဂိုဏ်းက (၁) ပါး သက်ဆိုင်ရာ ဆရာတော်ကြီးများက ရွေးလို့ ပေးကြတယ်။

ကိုအောင်ဘန်း။ ဒီလို နိုင်ငံတော်အစိုးရက လျှောက်ထား လိုက်တဲ့အခါ ဆရာတော်ကြီးများက ဘယ် လောက် ဝမ်းမြောက်ဝမ်းသာရှိကြတယ်ဆိုတာ ဒီသတင်းစာတွေကိုဖတ်ရလို့ တွေ့မြင်ရတယ်။

ပြန်လည်မိန့်ဆိုချက်တွေမှာလဲ အခုလို မြန်မာနိုင်ငံတော်အစိုးရက သာသနာအကျိုးကို ဆောင်ရွက်လို့ မုချ အောင်မြင်ရမယ်၊ ဝမ်းမြောက်အနုမောဒနာပြုကြတယ်။

ကိုကြီးငွေ။ ကိုအောင်ဘန်း ဒီလို အနုမောဒနာ ပြုတဲ့ ဆရာတော်တွေဟာ သာမာန်ရဟန်းတော်တွေ မဟုတ်ဖူး၊ ပရိယတ္တိ၊ ပဋိပတ္တိ ပြည့်စုံတဲ့ ဆရာ တော်တွေ ဖြစ်တယ်၊ ဒီ ဆရာတော်များက မြန်မာနိုင်ငံဟာ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင် များနေထိုင်တဲ့ နိုင်ငံဖြစ်လို့ သာသနာတော်ကို အခုလို သန့်ရှင်းတည်တန့်ပြန့်ပွားအောင် ဆောင်ရွက်တာကို ဆရာတော်များ အနေနဲ့ မေ့စက်ကို စွမ်းအားရှိသလောက် ဆောင်ရွက် မယ်။

နိုင်ငံတော်အစိုးရကလဲ အာဏာစက်ကို ပံ့ပိုး ကူညီစေလိုတယ် လို့ ပြန်လည်မိန့်ကြားပြီး သမ္မောဒနီယကထာ ဝမ်းမြောက်စကား ပြော လိုက်တယ်။

ဒီလို ပြောကြားတာတွေကို ရောက်ရှိတဲ့ ရဟန်းပရိသတ်၊ လူပရိသတ်တွေဟာ နေရာတိုင်းမှာလိုလို သာဓု သာဓု၊ သာဓုခေါ်ပြီး အနုမောဒနာ ပြုလိုက်ကြတာ တနိုင်ငံလုံး သိမ့်သိမ့်တုန်တာပဲ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ့ သက်တော်ကြီးမား၊ ဝါတော်ကြီးရင့်၊ ပရိယတ္တိနဲ့ ပဋိပတ္တိ အဖက်ဖက်မှာ ပြည့်စုံတဲ့ ဆရာတော်ကြီးတွေက ရှေးရှေးမင်းများလက်ထက်ကလဲ သာသနာရေးကိုအားပေးခဲ့ပုံတို့ကို ပြည်ထဲရေးနဲ့သာသနာရေးဝန်ကြီးကို မိန့်မြွက်လိုက်တယ်။ **ဓမ္မစက်** နဲ့ **အာဏာစက်** ပူးလို့ ဆောင်ရွက်လာယင် သာသနာရေး သန့်ရှင်းရဲ့ မကဖူး၊ ကမ္ဘာသို့ ဗုဒ္ဓဘာသာ သာသနာတော် ပိုမိုထွန်းကားလာဖို့ လှိုက်လှိုက်လှဲလှဲ ဆရာတော်ကြီးများကိုယ်တိုင်က ပီတိဖြစ်ကြတာ နိုင်ငံတော်အေးချမ်းသာယာဖို့ပဲ။

လူနတ်ဗြဟ္မာသာဓုခေါ်ပွဲဟာ ဒါပဲ။

ဩဘာများညံနေသည်။



ဆရာတော်ကြီးများကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဖလျှောက်ထားနေစဉ်နှင့်
ရန်ကုန်မန္တလေးမှ ဆရာတော်ကြီးများကို ဖူးမြင်ကြရစဉ်။

**ကိုကြီးငွေ။** ကိုအောင်ဘုန်း လူ့အလုပ်ဟာ လူ့ကျင့်ဝတ်ကို ထိန်းသိမ်းစောင့်ရှောက်ရမယ်၊ လူ့ကျင့်ဝတ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိတဲ့ လူဟာ ဒုဿီလအကျင့်ပျက် ဖြစ်တတ်တယ်။ ပတ်ဝန်းကျင်ကလူတွေလဲ ဒုက္ခဖြစ်တတ်တယ်။

သံဃာ့အလုပ်ကို သံဃာက မဆောင်ရွက်ယင် ဒီသံဃာလဲ ဝိနည်းဘုရား ဆန့်ကျင်လို့ အပြစ်ရှိတယ်၊ ဒီလိုသံဃာတွေ များလာယင် သံဃာ့အဖွဲ့တွေဟာ ပျက်စီးဖို့ပဲ။

သံဃာအစစ်ဆိုတာ လောဘ၊ ဒေါသ၊ ကိလေသာတွေ ကင်းငြိမ်းအောင်လုပ်ဖို့ သီလ၊ သမာဓိ၊ ပညာအကျင့်ကိုဆောင်ရွက်ဖို့ အဲဒီလိုဆောင်ရွက်တဲ့ သံဃာတော်တွေဟာ ဂေါတမဘုရားတပည့်သား ဖြစ်တယ်။

ကိုအောင်ဘုန်း မဟာစည်ဆရာတော်ရဲ့အဖွဲ့အကြောင်းကို ဆက်ဖို့လိုတယ်၊ ဒီဆရာတော်ဟာ နယူးယော့မြို့ကို ရောက်ပီးဖြစ်တယ်။

**ကိုအောင်ဘုန်း၊** ကိုကြီးငွေ ဒီမြို့တော်ကို အထက်အညာမှ တန့်ခိုကြီးဆရာတော် တောင်ပုလုဆရာတော်ဟာ ၁၉၇၈ ခုနှစ်၊ ဩဂုတ်လအတွင်းက ကြွခဲ့သေးတယ်။

သာစည်ဆရာတော်ဦးနန္ဒောဘာသ၊ ပခုက္ကူဆရာတော် ဦးသူရိယ၊ တောင်ပုလုတောရမှ

ဦးနာရဒနှင့်ဦးပညာဒီပ၊ကပ္ပိယဦးမောင်မောင်တို့ပါခဲ့တယ်။

ဆရာတော်ဟာ စန်ဖရန်စစ္စကိုမြို့ကိုကြွရောက်လို့ ဒီမြို့နဲ့ မိုင်(၅၁)ဝေးတဲ့ နေရာတနေရာ ယာယီစကျောင်းပေါ်မှာ ဝိပဿနာတရားတော်တွေကို ဟောကြားခဲ့တယ်။

စကင်းဖို့ဒ်တက္ကသိုလ်ပါမောက္ခ ဘော့မက်ကင်နဲ့ သူ့ရဲ့ဇနီးက မြေကွက်တကွက် လှူဒါန်းလို့ သိမ်ရိရတနာခဏ္ဍသိမ်တော်ကိုလဲ သမုတ်ပေးခဲ့တယ်။ ဒီသိမ်တော်ဟာ ဗုဒ္ဓဘာသာရဲ့ အထွတ်အမြတ်သိမ်တော်တခု ဖြစ်တယ်။

အမေရိကန် အမျိုးသား (၄၅)ဦးတို့ကို ဒုလ္လဘရဟန်းခံပေးခဲ့တယ်၊ အမျိုးသမီး (၃၅)ဦးနဲ့ အမျိုးသား(၁၅)ဦးကိုလဲ ရှင်သာမဏေနဲ့ သီလရှင် ပြုလုပ်ပေးခဲ့တယ်။

ဘော်စတွန်မြို့ကိုကြွရောက်လို့ (၆)ရက်ခန့် တရားဟောခဲ့တယ်။

အဲဒီမြို့မှာ နိုင်ငံတကာ ကမ္ဘာ့ဥာန်းရိပ်သာတစ်ခုရှိတယ်၊ မြေကေ(၅၀)တွင် ဆောက်လုပ်ထားတဲ့ ရိပ်သာဖြစ်တယ်။

ဝါရှင်တန် မြို့တော်မှာ သီဟိုဠ်ဘုန်းကြီးကျောင်းမှာဘည်းခိုလို့ နောက်ပါဘပည့်များလဲ

ဂျပန်ဘုန်းတော်ကြီး ကျောင်းမှာ တည်းခိုကြတယ်။

ဆရာတော်ဟာ အမေရိကန်ပြည်၊ ချီကာဂိုမြို့သို့လဲ ကြွခဲ့ဘယ်။ စစ်ကြိုခေတ်က လူဆိုးပေါတဲ့ မြို့ပဲ။

ရယ်ဘွယ်မျိုး။

ချီကာဂိုမြို့မှာ ယိုးဒယား ကျောင်းတကျောင်းရှိတယ်၊ ဒီကျောင်းမှာပဲ ကထိန်ပွဲကျင်းပခဲ့လို့ ငရိသတ်တွေ စည်စည်ကားကားဝမ်းသာအားရနဲ့ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားတော်တွေကို ဟောခဲ့သေးတယ်။



တောင်ပုလုဆရာတော်ပုံတော်။

ဘောင်ပုလုဆရာတော်ရဲ့ ဟောပြောချက်တွေကို အမေရိကန်အသံ ြမြန်မာပိုင်းဝိုင်းတော်သားများကလဲ အသံလွှင့်ပေးခဲ့သေးတယ်၊ ဒါတွေဟာ ဗုဒ္ဓဘာသာတို့အတွက် ဝမ်းမြောက်ဖို့ကောင်းတယ်။

ကိုကြီးငွေ။ ကိုအောင်ဘန်း ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီးဟာ ဧပြီလ(၁)ရက်နေ့ ရန်ကုန် မြို့က ကြွတယ်။ လေဆိပ်သို့ လိုက်ပို့ကြတဲ့လူ တွေလဲ မနဲဖူး၊ ကိုကြီးပွင့်ကောင်း၊ ကိုကြီးညီပု၊ ကိုကြီးစိုးရ၊ ကိုကြီးညိုမောင်၊ ကိုကြီးမင်္ဂလာ အောင်မြင့်၊ ဟိုတယ်သီကိုကြီးညွန့်အောင်၊ ကိုကြီး သိန်းဟန်၊ ကိုကြီးမင်းဆွေ၊ ကိုကြီးလှထွန်းဖြူ၊ ကိုကြီးထွန်းရှိန် (၉)တို့ လိုက်ပို့ ခဲ့ကြ တယ်၊ ယောဂီအမျိုးသမီးတွေလဲတော်တော်များတယ်၊ ဟိုတယ်သီက ဒေါ်ဒေါ်ခင်အိ၊ ဒေါ်ဒေါ် စောရွှေ၊ ဒေါ်ဒေါ်တင်မြင့်၊ဒေါ်ဒေါ်ဖွားညို တို့လဲ ပါကြတယ်၊ သူတို့ကတော့ ခပ်ပြုံးပြုံးပဲ။



ဧပြီလ(၁)ရက်နေ့က မင်္ဂလာဒုံလေဆိပ်တွင် လေယာဉ်မထွက်မီတပည့်ယောဂီများနှင့်အတူ ဆရာတော်ကြီးအား ဖူးတွေ့ရစဉ်။

ဘန်ကောက်မှတဆင့် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ တထောက်နားလို့ အဲဒီကမှ ဟိုနိုလူလူ (ဟာဝေယံ)ကျွန်း၊ အဲဒီကမှတဆင့် လော့စ်အိန်ဂျယ်(လ်)သို့ ကြွတယ်၊ အဲဒီကမှတဆင့် စန်ဖရန်စစ္စကိုမြို့သို့ ကြွတယ်၊ ဒီမြို့တွေမှာလဲ ဆရာတော်ကြီးနဲ့ အဖွဲ့ဟာ သတိပဋ္ဌာန်းတရားတော်တွေကို ဟောကြားတယ်၊ လက်တွေ့လဲ ပြတယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးနဲ့ အဖွဲ့ ဂျပန်နိုင်ငံကို ရောက်တယ် ဆိုယင်ပဲ သတင်းစာတွေအသီးသီးမှာ ဖော်ပြလိုက်ကြတာ မြင်ယောင်နေသေးတယ်။

**ကိုကြီးငွေ။** သတင်းစာဆိုတာ ထူးထူးဆန်းဆန်းသတင်းတွေ့ရှာလို့ ဖော်ပြရတယ်၊ ရိုးရိုးသတင်းဖြစ်ပေမဲ့ ဒေသတခုကသိချင်တဲ့ သတင်းတွေလဲ ဖော်ပြရတာပဲမဟုတ်လား။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော်က လှိုက်လှဲစွာ ကြိုဆိုခြင်း[၁] ဆိုတဲ့ သတင်းများရဲ့ သတင်းစာတွေမှာ ဓာတ်ပုံကြီးငယ်တွေ ပလူပျံနေတယ်ဆိုတာ မှန်းလို့ရတယ်။

**ကိုကြီးငွေ။** ကိုကြီးငွေ ဒီလိုဆရာတော်ကြီး သက်တော်ကြီးမှ ပင်ပင်ပန်းပန်း ခံပြီး ကြွတယ်ဆိုတာ

၁။ Mahasi Sayadaw welcomed to Washington

ကမ္ဘာသူ/ကမ္ဘာသားတွေ ကာမစည်းစိမ်တွေနဲ့ ကိလေသာလောင်စာတွေ တောက်နေတဲ့အချိန်မျိုး ကမ္ဘာ့နိုင်ငံတွေက ဗုဒ္ဓဘာရားတွေကို သိဖို့၊ ကိလေသာမီးတွေငြိမ်းဖို့ဆန္ဒသဘော ပါတယ်။

ကြိုဆိုဘဲ့အထဲမှာ ဝါရှင်တန် ဗုဒ္ဓဘာသာ အသင်း ဥက္ကဋ္ဌဖြစ်ဘဲ့ ဆရာတော် ဒေါက်တာ ပဏ္ဍိတဒစ်က ဝေလပိယနန္ဒမဟာထေရ်[၁]နဲ့တကွ ဦးရေဝတမွေတို့ကလဲ အမေရိကန်မှ ကြိုဆိုကြတယ်။ သီဘင်းသုံးနေဘဲ့အခါ ဝါရှင်တန်ဗုဒ္ဓဝိဟာရ[၂]နဲ့ ဂျပန် ဗုဒ္ဓ ဘာ သာ ရိပ်သာ[၃]တို့မှာ သီဘင်းသုံးကြတယ်။

ကိုကြီးငွေ ကျေးဇူးရှင်မဟာစည်ဆရာတော် ကြွရောက်ခဲ့တဲ့ နေရာတွေဟာ တသီတတန်းကြီးပဲ ဖြစ်နေတယ်၊

ဆွစ်ဇာလန်ပြည်မှာ စခန်းချလို့ အနောက်ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယန်၊ နယ်သာလင်နိုင်ငံများသို့ လွန်းပျံခရီးစဉ်[၄]အဖြစ် ကြွလိုက်၊ ပြန်လိုက်၊ ဗုဒ္ဓဘာရားကိုဖြန့်ဖို့ ပါနေတယ်။

---

၁။ Venerable Dr Pandita Dickwela Piyanada Mahathera
၂။ Washington Buddhist Vihara
၃။ Japanese Buddhist Centre
၄။ fly shuttle tour

**ကိုကြီးငွေ။** ကိုအောင်ဘန်း ဆရာတော်ဘုရားကြီး ကြွခဲ့တဲ့နေရာတွေကို ဆရာတော်ဦးဥတ္တမ စစ်ကြိုခေတ်က ကြွခဲ့တယ်။

**ကိုအောင်ဘန်း။** ဟုတ်တယ်၊ ဦးဥတ္တမကိုယ်တော်ကြီးကြွတာနဲ့ မဟာစည်ဆရာတော်ကြွတာ မတူဖူး၊ ဦးဥတ္တမ ကြွတာက ဗမာပြည်မှာ အင်္ဂလိပ်တွေက ဗိုလ်ကျနေလို့ ဒီအင်္ဂလိပ်တွေကို ဘယ်လိုခံချရမယ် ဆိုတဲ့နည်းတွေကို ဥရောပတခွင်မှာ စုံစမ်းဖို့ဖြစ်တယ်။

စုံစမ်းလို့ပြန်လာတာနဲ့ ရန်ကုန်၊ ဘုန်းကြီးလမ်းနဲ့ ကျုံးကြီးလမ်းဒေါင့်၊ နန်းတော်ရှေ့ ရုပ်ရှင်ရုံကြီးမှာ ဦးဥတ္တမကိုယ်တော်ကြီးက နိုင်ငံရေးတရား စလို့ဟောခဲ့တယ်၊ ပရိသတ်တွေကလဲ လာလိုက်တာ ရုပ်ရှင်ရုံကြီး ပွင့်ထွက်မတတ် လူများတယ်၊ ဦးဥတ္တမက ဘုရင်ခံကရက်ဒေါက် ပြန်သွား[၁]လို့ ဟောချလိုက်တာနဲ့ ဩဘာလက်ခုတ်တွေ တီးလိုက်ကြတာ ရုပ်ရှင်ရုံကြီး ပွင့်ထွက်မတတ်ပဲ၊

ဒီ အစည်းအဝေးသို့ ဘိလပ်ပြန် ကိုကြီးချစ်လှိုင်၊ ကိုကြီး အမ်အေ မောင်ကြီး၊ ကိုကြီးစိန်လှအောင်၊ ကိုကြီးဘဖေ၊ ကိုကြီးမေအောင်၊

---

၁။ Sir Reginal H. Craddock go back

ကိုကြီးဘစိန်၊ ကိုကြီးဒေါက်တာသိန်းမောင်တို့ဟာ ဦးဥတ္တမကို ဝိုင်းလို့အားပေးကြတယ်။

မဟာစည်ဆရာတော်က ဥရောပတိုက်တခွင်မှာ ဗုဒ္ဓတရားကိုပြန့်လာအောင် ဟောပြဖို့ဖြစ်တယ်။

ဟော့ာပြခဲ့တဲ့တရားကလဲ အမြင့်ဆုံး သတိပဋ္ဌာန်တရား ဖြစ်တယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း မဟာစည် ဆရာတော် ဥရောပ နိုင်ငံ မြို့ကြီးတွေကို ကြွတဲ့အခါ အခဆောင်အယောင်တွေပါဖို့ လိုတယ်။

ဥရောပတိုက်မှာလဲ မြို့တိုင်းလိုလို ဆန္ဒပြနေကြတယ်၊ အချိန်ကိုက်ဗုံးတွေလဲ ဟိုချ ဒီချနဲ့ ချနေကြတယ်။

ကိုကြီးကာတာ နေထိုင်တဲ့ ဝါရှင်တန်မြို့တော်သို့ အမေရိကန်လယ်သမားတွေလယ်ထွန်စက်ကိုယ်စီမောင်းလို့ ဆန္ဒပြလာကြတယ်၊ တမြို့လုံး အုံးအုံးကြွက်ကြွက်နဲ့ ရဲသားတွေကလဲ အုပ်မနိုင်ထိန်းမရ မျက်ရည်ယိုဗုံးတွေပစ်လို့ ဆန္ဒပြသူတွေကို ခွဲခဲရတယ်။

သူတို့ဆန္ဒပြတာက လယ်သမားတွေ စားရသောက်ရတာ ဈေးကြီးတယ်၊ လယ်ယာသုံးပစ္စည်းတွေက ဈေးကြီးတယ်၊ ဒီအကြောင်းတွေပါခဲ့တယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ ဆရာတော်မှာ လက်နက်တွေ ပါတယ်၊ ရုရှားတို့ အမေရိကန်တို့ထုတ်လုပ်တဲ့ လက်နက်မျိုးတော့ မဟုတ်ဖူး၊ ဗုဒ္ဓဂေါတမရဲ့ လက်နက် ဖြစ်တယ်။

Mahasi Abroad Lectures by Mahasi Sayadaw on his World Missionary Tour.

ဆရာတော်ရဲ့လက်နက်ဟာကမ္ဘာ့သာသနာပြုတရားတော်လက်နက် ဖြစ်တယ်၊ ဒီလက်နက်ထဲမှာ ကျည်ဆံက(၄)မျိုးရှိတယ်။

၁။ အမြတ်ဆုံးတရားတော်။
၂။ ဗုဒ္ဓသာသနာ့တရားတော်။
၃။ သတိပဋ္ဌာန်တရားတော်။
၄။ ချမ်းသာရေးတရားတော်။

ဒါ မဟာစည်ဆရာတော်ရဲ့ လက်နက်ဖြစ်တယ်၊ ဒီလက်နက်နဲ့ ဟောချလိုက်ယင် ကာမစည်းစိမ်လွန်ကဲနေတဲ့ ဥစ္စာရှင်တို့ နေထိုင်ရာ ဥရောပတခွင်မှာ ဗုဒ္ဓဘာရားမိုးကြီး ရွာချတာ အားလုံး ငိုင်ကုန်ကြမှာ မြင်ယောင်နေသေးတယ်။

ဩဘာသံများ။

ဗုဒ္ဓဂေါတမ တရားကို ဥရောပနိုင်ငံ မြို့အခြောက်အများသို့ ပင်ပင်ပန်းပန်း ကြွရောက်လို့ ဟောပြောလိုက်တာ အခုဆိုယင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်က ကိုးကွယ်နေတဲ့ ဗုဒ္ဓဘရားအကြောင်း ဥရောပတခွင်မှာ နေထိုင်ကြတဲ့ နိုင်ငံခပ်များများက အမျိုးသား အမျိုးသမီးတွေ သိရှိကြတဲ့အတွက် ဗုဒ္ဓဘာသာ မြန်မာ့ဂုဏ်ဒြပ် တိုးမြှင့်ခြင်းပဲ ဖြစ်တယ်။



ဥရောပတိုက်သား ဒေါက်တာကလပ် တရားဝင်ပြီးနောက် အရှင်ဇနကာဘိဝံသက တရားစစ်နေစဉ်။



**ကိုကြီးငွေ။** ဒီဂုဏ်ဒြပ်တွေဟာ မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ကမ္ဘာ့နိုင်ငံအဖြာဖြာကို၊ သိတဲ့ ပုဂ္ဂိုလ်တွေ၊ ဗုဒ္ဓတရားတော်ကို လေးစားတဲ့ ပုဂ္ဂိုလ်တွေ အနေနဲ့ ကျေးဇူးရှင် မဟာစည်ဆရာတော်နဲ့ အဖွဲ့ကို ကျေးဇူးတင် မကုန်နိုင်အောင်ရှိတယ် မဟုတ်လား။

ဟုတ်တယ်၊ ဟုတ်တယ်၊ အသံများ။

**ကိုဖအောင်ဘန်း။** ဝါရှင်တန် ရောက်တဲ့ နေ့ကစလို့ မြန်မာပြည်က တိုင်းရင်းသားတွေရော၊ ဥရောပတိုက်သားတွေရော အမြောက်အများပဲ ရောက်ကြတယ်၊ အချို့လဲ ဒုကဲခဝင်ကြတယ်။

ဟောပြတဲ့ သတိပဋ္ဌာန် တရားတော်ဟာ သောကကင်းတဲ့ တရားဖြစ်တယ်။

အလုပ်ပြုတ်လို့ စိတ်ညစ်တဲ့လူတွေ–
အမှုဖြစ်လို့ သောကရောက်တဲ့လူတွေ–
လင်သေ၊ မယားသေ၊ သားသေ၊ သမီးသေလို့ စိတ်ဒုက္ခ ရောက်နေတဲ့ လူတွေ–
ပစ္စည်းဥစ္စာ အားလုံး ဆုံးရှုံးလို့ သောကရောက်နေတဲ့ လူတွေ –
ပြည်သူပိုင်အသိမ်းခံရလို့ ရူးကြောင်ကြောင်ဖြစ်နေတဲ့ လူတွေ–

ဒီတရားတော်ကို နာခံမှတ်သားလို့ တရားထိုင်လိုက်ယင် စိတ်သောက ကင်းရှင်းကြတယ်။

လောဘမီး၊ ဒေါသမီး၊ မောဟမီးစတဲ့ ကိလေသာ လောင်စာတွေ မတောက်နိုင်အောင် ချုပ်ငြိမ်းလို့ မဂ်ဖိုလ်လမ်း ဖွင့်ပေးတဲ့ တရားဖြစ်တယ်။

ဆရာတော်ကြီးနဲ့ အဖွဲ့ကို ပင့်ဖိတ်တာ မက်ဆက် ချူးဆက် ပြည်နယ်၊ ဘော်စတွန်မြို့၊ ကမ္ဘဋ္ဌာန်းရိပ်သာက ကြီးမှူးဖိတ်တယ်လို့ ကြားရတယ်။ ဒီအဖွဲ့မျိုး မြန်မာနိုင်ငံမှာ ပေါ်ပေါက်ဖို့ သင့်တယ်။

ဝိုင် အမ် ဘီ အေ က အမှုဆောင် လူကြီးတွေ အချင်းချင်း စည်းစည်းလုံးလုံးနဲ့ ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ဗုဒ္ဓဘာသာ တရားပြန့်ဖို့ ကြိုးစားသင့်တယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း- ဧပြီလ (၂၀) ရက်နေ့ကစလို့ ဧပြီလ (၂၈) ရက်နေ့အထိ ဗွီ အို အေ အမေရိကန်အသံ မြန်မာပိုင်း ဝိုင်းတော်သားများက ဆရာတော်ရဲ့ သတင်းကို ပထမ ထိပ်တန်းတင်လို့ လွှင့်တာလဲ အရေးပါတဲ့ အချက်တချက်ပဲ ဖြစ်တယ်။ ဆရာတော်ကြီးနဲ့ တကွအဖွဲ့သားအားလုံး ကျန်းကျန်းမာမာ ရှိတဲ့အပြင် ဆရာတော်ကြီးကို ကျန်းမာရေး စစ်ဆေးတဲ့

အခါ တောင်တောင် မာနေတယ်လို့ သတင်း
လွှင့်ပေးလိုက်သေးတယ်။
ဩဘာသံများ။

ကိုအောင်ဘန်း။ ကိုကြီးငွေ- အမေရိကန်မှာ ရောက်နေတဲ့ လက်ရှိ မြန်မာသံ အမတ်ကြီးနဲ့ သံအမတ်ကြီးဟောင်း ကိုကြီးချစ်မြိုင်နဲ့ ဇနီး ဒေါ်ခင်ယုတို့ မိသားစုဟာ ဆရာတော်ကြီးနဲ့ အဖွဲ့ကို တွေ့ရ မြင်ရတော့ ခုန်ဆွ ခုန်ဆွ ဖြစ်နေကြမှာပေါ့။

အမေရိကန်မှာ ကိုလံဘီယာ တက္ကသိုလ်တို့ ဟာဘတ် တက္ကသိုလ်တို့ ဆိုတာ နာမည်ကြီးတဲ့ တက္ကသိုလ်တွေ ဖြစ်တယ်။ ဒီတက္ကသိုလ်တွေမှာလဲ ဗုဒ္ဓ တရားတော်တွေကို ဟောလိုက်တာ ကမ္ဘာတဝှမ်းလုံးက ကျောင်းသူ ကျောင်းသားတွေ ဗုဒ္ဓတရားကို နာကြရတာပဲ ဖြစ်တယ်။

ကိုကြီးငွေ၊ ကိုအောင်ဘန်း၊– စိန်ပေါ(လ်) ဘုရားရှိခိုးကျောင်းကြီးမှာလဲ ဆရာတော်ကြီး တရားဟောခွင့် ရခဲ့တာ ဗုဒ္ဓဘာသာတို့ရဲ့ အလွန့်အလွန် ဂုဏ်ယူစရာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ သတိပဋ္ဌာန် တရားတော်ဟာ လူသတ္တဝါတို့ရဲ့ သောကကင်းတဲ့ တရားတော် ဖြစ်လို့ သဌေး၊ သူကြွယ်၊ အစိုးရ အရာရှိတွေ၊

ဆင်းရဲသား လုပ်သားပြည်သူတွေ ခေါင်းထဲ စိမ့်ဝင်နေပြီ။

**ကိုအောင်ဘန်း။** မဟာစည်ဆရာတော်ဟာ မေလ(၂၁) ရက်နေ့က ဗြိတိန်နိုင်ငံ လန်ဒန်မြို့ကို ရောက်တယ်။

ကိုကြီးငွေ– ဆရာတော် ကြွရောက်တဲ့အချိန်ဟာ ဗြိတိန်နိုင်ငံမှာ အမျိုးသမီး ဝန်ကြီးချုပ် မာဂရက်သက်ချာအရွေးခံရတဲ့ အချိန်ပဲ၊ ဗြိတိန်နိုင်ငံရဲ့ ရာဇဝင်အရ နှစ်ပေါင်း (၂၀၀) ကျော်အတွင်း ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ် ဖြစ်တယ်။

ဘုရင်ကလဲ အမျိုးသမီး ဖြစ်တယ်။ ဒီလို မဟာစည် ဆရာတော် ဥရောပကို ရောက်နေတဲ့ အချိန်မှာ ဘုရင်ဂျီ ဂိုဏ်းချုပ် ပုပ် ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါ[၁] ဟာ သူ့ရဲ့ မွေးရပ်ဇာတိဖြစ်တဲ့ ပိုလန်နိုင်ငံကို ရောက်နေတယ်။ ပိုလန် နိုင်ငံဆိုတာ ဘုရင်ဂျီ ဘာသာဝင်တွေ များပေမဲ့ အုပ်ချုပ်ရေးကတော့ ကွန်မြူနစ်ပဲ။

**ကိုကြီးငွေ။** ပုပ် ရဟန်းမင်းကြီး အမြဲတန်း သီတင်းသုံးတဲ့ ဒေသကို သိချင်ကြတယ်။

---

၁။ John Paul 1I
၂။ Vatican

**ကိုအောင်ဘန်း။** ဘုရင်ဂျီဘာသာဝင် ဂျွန်ပေါလ် ရဟန်းမင်းကြီးဟာ အီတလီနိုင်ငံ၊ ဗတီကန်မြို့[၂] မှာ သီတင်းသုံးတယ်။ ဒီမြို့ရဲ့ အကျယ်အဝန်းက (၁၀၈.၇) ဧကရှိတယ်။ အီတာလျံ ၈၅% ဆွစ်နဲ့ အခြားလူမျိုး ၁၅% ဖြစ်တယ်။

ရောမမြို့ရဲ့ အနောက်မြောက်ပိုင်း တိုင်ဘာမြစ် ညာဘက် ကမ်းခြေပေါ်မှာ ဗတီကန်တောင်ပူစာပေါ်မှာ ရှိတယ်။ သာသနာပိုင်က အာဏာကုန် ပိုင်ဆိုင်တဲ့ လွတ်လပ်သော ပြည်နယ်တနယ် ဖြစ်တယ်၊ ကမ္ဘာတဝှမ်းလုံး ဘုရင်ဂျီဘာသာဝင်တို့ရဲ့ မြို့တော်ဖြစ်တယ်။ ဘုရင်ဂျီ သာသနာရေး ဆိုင်ရာ မှန်သမျှကို ဗတီကန်မြို့တော်က အဆုံးအဖြတ် ပေးရတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း– ပိုလန်နိုင်ငံဆိုတာ အရှေ့ဥရောပအုပ်စု၊ ကွန်မြူနစ် နိုင်ငံ တနိုင်ငံပဲ။ ကွန်မြူနစ် နိုင်ငံဆိုတာ သာသနာရေးကို ဦးစား မပေးရဖူး မဟုတ်လား။

**ကိုအောင်ဘန်း။** ဘယ်ကွန်မြူနစ် နိုင်ငံမဆို ဘာသာရေးကို လွတ်လပ်ခွင့်ပြုတယ်၊ လွတ်လပ်စွာ ကိုးကွယ်နိုင်တယ်လို့ သူတို့ရဲ့ အခြေခံ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတွေမှာ ပါနေတာပဲ။

**ကိုကြီးငွေ။** ဥပဒေကတော့ ဥပဒေပါပဲ၊ ဒါပေမဲ့ အချို့ကွန်မြူနစ် နိုင်ငံတွေက ဘာသာရေးဆိုယင် မျက်မှောင်ကုတ်ပြကြတယ် မဟုတ်လား။

**ကိုအောင်ဘန်း။** ဒါ သူတို့ရဲ့အလုပ်၊ သူတို့ရဲ့ အတွင်းရေး၊ ဒီဆွေးနွေးချက်နဲ့ မဆိုင်ဖူး၊ ဗုဒ္ဓ အရေးမှာ ကွန်မြူနစ်က ကန့်လန့် ကန့်လန့် မပါသင့်ဖူး။



အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့တွင် မဟာစည် ဆရာတော်ဘုရား တရားဟောစဉ်က နားထောင်သူများ စိတ်ဝင်စားစွာဖြင့် နားထောင်နေကြပုံ

ကိုကြီးငွေ- ပိုလန်နိုင်ငံရဲ့ လူဦးရေဟာ ၃၅-သန်းကျော် ရှိတယ်။ ၉၀ဂျီဟာ ဘုရင်ဂျီ ဘာသာဝင်တွေ ဖြစ်တယ်။ ဘုရင်ဂျီဂိုဏ်းချုပ် အခု ပုပ်ရဟန်းမင်းကြီးဟာ ပိုလန်နိုင်ငံသား ဖြစ်တယ်။ ပိုလန်နိုင်ငံသမ္မတဟန်ရိစ်ဂျက်ဘလွန်စကီ[1] ကိုယ်တိုင် ဂုဏ်ပြုတပ်ဖွဲ့ အပါအဝင် အခမ်းအနားနဲ့ ကြိုဆိုကြတယ်။

ကိုကြီးငွေ။ လေဆိပ်မှ ဝါဆောမြို့တော်သို့ ရောက်တဲ့ အခါ အောင်မြေပြန်ခြံ[2]အတွင်း မြို့သူမြို့သား တွေကို မိန့်ခွန်း ပြောတယ်။ လူထုကြီးဟာ ၃-သိန်းကျော် ရှိတယ်လို့ ဖော်ပြထားတယ်။

ဂျွန်ပေါလ်က လူထုကြီးကို နှုတ်ခွန်းဆက် စကား ပြောကြားနေတုန်း လူထုကြီးက ထာဝရ ဘုရားသခင်ကို ဒို့လိုလားတယ်၊ ထာဝရ ဘုရားသခင်ကို ဒို့လိုလားတယ်လို့ မကြာခဏ ကြွေးကြော်ကြတယ်။

သူက ခရစ်တော်အား လူ့သမိုင်းမှ ချန် လှပ်ထားခြင်းဟာ လူကိုပင်စော်ကားရာ ရောက် တယ်။ ခရစ်တော်မပါပဲ ပိုလန်နိုင်ငံ ပိုလ် လူမျိုး ကွယ်လွန်ကုန်ကြပီးသော လူများ၊ ယခု

---

၁။ Hentry Jablonski
၂။ Vicotery Square

ရှိဆဲလူများရဲ့ သမိုင်းအစုံအလင်ကို နားလည်ဖို့ ခဲယဉ်းတယ်လို့ ပြောဟောလိုက်တယ်။

မိမိလူမျိုးချား နိုင်ငံ လွတ်လပ်ရေးအတွက် နှစ်ပေါင်း (၁၀၀၀) တိုက်ပွဲဆင်နွှဲခဲ့ကြတာ ကို ရည်ညွှန်းလို့ ဥရောပ မြေပုံပေါ်မှာ ပိုလန် နိုင်ငံရဲ့ လွတ်လပ်ရေး သတ်မှတ်ချက် မပါရှိက တရားမျှတတဲ့ ဥရောပတိုက် မဖြစ်နိုင်လို့ တက် တက်ကြွကြွ ပြောပြတယ်။



ပုပ် ရဟန်းမင်းကြီးအား ဝါဆော လေဆိပ်၌ ကိုယ်ရံတော်တပ်များ၏
အလေးပြုခြင်းကိုခံယူနေစဉ်၊

**ကိုအောင်ဘန်း။** ကိုကြီးငွေ- ဘုရင်ဂျီဘာသာခရစ်ယာန်ဘာသာဆိုတာ မေတ္တာပြဟ္မစိုရ် တရားရှိတဲ့ဘာသာဖြစ်တယ်။ ဒါနမှုမှာလဲ လွန်လွန်ကဲကဲပေးကမ်းလေ့ရှိတယ်။ ဘာသာရေးအရဆိုယင်နူးညံ့သိမ်မွေ့တဲ့ ဘာသာလို့ ဆိုရမယ်။ ပုပ်ရဟန်းမင်းကြီး ရောက်တဲ့အချိန်၊ ပိုလန်တနိုင်ငံလုံးမှာရှိတဲ့ ဘုရားရှိခိုးကျောင်း တွေမှာ ဓမ္မသီချင်းသံ ညံနေတာပဲ၊

**ကိုကြီးငွေ။** ဒီနှစ်ရာသီ တော်တော် ဆန်းကြယ်တယ်၊ မဟာစည် ဆရာတော်နဲ့ အဖွဲ့လဲ ဥရောပတိုက်တခွင်ကို ခေါက်တုန့်ခေါက်ပြန်နဲ့ ဗုဒ္ဓတရားဟောတယ်၊ ဘုရင်ဂျီသာသနာပိုင်၊ ပုပ်ရဟန်းမင်းကြီးလဲ ချစ်ချစ် ခင်ခင် ပေါင်းသင်းဖို့မေတ္တာတရား ဟောပြောနေတယ်။

ကိုအောင်ဘန်း-မြန်မာနဲ့ ရခိုင် ဗုဒ္ဓဘာသာဝင်တို့လို အိမ်နီးချင်း နိုင်ငံတနိုင်ငံ ဖြစ်တဲ့ တိဗက် နိုင်ငံက ဒလိုင်လာမ ရဟန်းမင်းကြီးဟာ အိန္ဒိယနိုင်ငံမှ ပြင်ပနိုင်ငံများကို ခရီးထွက်နေဘယ်။ တိဗက်နိုင်ငံဆိုတာ လူဦးရေ (၆) သန်း ကျော်လောက် ရှိတယ်။ မြို့တော်ဟာ လာရှာမြို့[၁] ဖြစ်တယ်။

---

၁။ Lhasha



တိဗက်ရဟန်းမင်းကြီး ဒလိုင်းလာမာ

ဒလိုင်လာမာ ခရီးထွက်တာ ဆိုဗီယက်နိုင်ငံနဲ့ မွန်ဂိုလီးယား နိုင်ငံသို့ ခရီးထွက်တယ်။ ဒလိုင်လာမာ ဘုန်းတော်ကြီးဟာ တိဗက်နိုင်ငံမှ အိန္ဒိယနိုင်ငံကို ရောက်နေတာ အတော်ကြာပြီ ဖြစ်တယ်။

ကိုအောင်ဘန်း- တိဗက်နိုင်ငံဟာလဲ ဗုဒ္ဓဘာသာ နိုင်ငံတနိုင်ငံ ဖြစ်တယ်။

၁၉၇၁- ခုနှစ်မှာ အင်္ဂလန်ပြည် လန်ဒန်မြို့မှာရှိတဲ့ **ဗုဒ္ဓဘာသာ လန်ဒန် ပါဠိအသင်း** နှစ်တရာ အထိမ်းအမှတ်ပွဲအဖြစ် ဘုရားဟောကျမ်းဂန် (၅၂) ကျမ်းကို ပုံနှိပ်လို့ ဖြန့်ဝေဖို့ စီစဉ်ထားတယ်။

ဒီ ပါဠိ အသင်းကြီးက မြန်မာနိုင်ငံမှာ အင်္ဂလိပ် စာတတ်တဲ့ ပုဂ္ဂိုလ်တွေကို ဗုဒ္ဓကျမ်းများမှ အင်္ဂလိပ်ဘာသာပြန်ဖို့ လယ်တီ ဆရာတော် ဘုရားကြီးက အစပျိုး နှိုးဆော်ခဲ့တယ်၊

နှိုးဆော်ချက်အရ ကိုကြီး ရွှေဇံအောင်က အဘိဓမ္မတ္ထ သင်္ဂဟ ကထာကိုလည်းကောင်း၊ ပါမောက္ခ ကိုကြီးဖေမောင်တင်က ဝိသုဒ္ဓိမဂ်နဲ့ အဌသာလိနီကို လည်းကောင်း၊ မူလပဌာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒက ဓာတုကထာနဲ့ ပဌာန်းကို လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဦးသေဋ္ဌိလ ဆရာတော်က ဝိဟင်းပါဠိ

တော်ကို လည်းကောင်း၊ ဘာသာပြန်လို့ လန်ဒန် အသင်းကို ပို့ခဲ့ဘယ်၊

ယစ်မျိုးမင်းကြီး ကိုကြီး ရွှေဇံအောင်အား အဘိဓမ္မတ္ထ သင်္ဂဟ ကထာကျမ်း အဝိလိပ် ဘာသာပြန်ချက်ကြောင့် ဒေါက်တာဘွဲ့ ဂုဏ်ထူး ချီးမြှင့်ခြင်း ခံရတယ်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ- ၁၉၇၂ ခုနှစ်အထိ အိန္ဒိယပြည် ကုသိနာရုံမှာ ပျံတော်မူတဲ့ ရခိုင် အမျိုးသား ဦးစန္ဒြမုဏိဆရာတော်ကိုယ်တိုင် နီပေါလ်နိုင်ငံကိုကြွလို့ ဗုဒ္ဓသာသနာ ပြုခဲ့တယ်။ ဥပဒေ ပါရဂူ ဒေါက်တာ အမေကာနဲ့ နောက်လိုက် (၅) သိန်း ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ကြတယ်။ ဒါလို ဆက်ထိမ်းထားဖို့ လိုတယ်။

ဒါတင်မကသေးဘူး၊ ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ ဆရာတော်ဦးပညာဝံသ ကိုယ်တော်ဟာ မလေးရှား၊ပီနံတို့မှာလည်းကောင်း၊ဦးအာသဘ ကိုယ်တော်ဟာ ထိုင်းနိုင်ငံမှာ လည်းကောင်း၊ ဦးခေမိန္ဒဟာ၊ ဂျပန် ပြည်၊ မိုဂျီးမြို့ မှာ လည်းကောင်း၊ဦးရေဝတဟာ၊ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့မှာလည်းကောင်း၊ သာသနာပြုနေသိုက်ကြဘာ ကျေးဇူးတင်စရာပဲ။

**ကိုကြီးငွေ။** ကိုအောင်ဘန်း ကျေးဇူးရှင် မဟာစည်ဆရာတော် အိန္ဒိယကိုရောက်တဲ့အခါ နယူးဒေလီမြို့မှာ ဝန်ကြီးချုပ် ရှရီနေရူးနဲ့ ဆွေးနွေးကြတယ်။

ဝန်ကြီးချုပ်နေရူးက ဘုရားရှင်၏ ကျင့်စဉ်များနှင့် ဟောကြားချက်တရားတော်များကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေခဲ့လျှင် ဤတိုင်းပြည်အတွက် အကျိုးကျေးဇူး များလာလိမ့်မည်ဟု တည့်တော်ထင်ပါသည်။ ဤအချက်သည် တကမ္ဘာလုံးမှာ အမှန်စင်စစ် လိုနေပါသည်။ အဘွင်းစိတ်ခါတ် ငြိမ်းရေးအတွက် ဤကဲ့သို့သော တရားဓမ္မများသည်သာလျှင် အနုမြူဗုံးနှင့် လူတို့၏အတွင်းစိတ်ခါတ် အဓမ္မမှုများကို ငြိမ်းအေးစေပါလိမ့်မည်လို့ဝန်ကြီးချုပ်က ပြောကြားခဲ့တယ်၊

**ကိုအောင်ဘန်း၊** ကိုကြီးငွေ ဒါကြောင့် ဗုဒ္ဓတရားဟာ အရေးကြီးတယ်လို့ စွဲမြဲနေတယ်မဟုတ်လား။ ယနေ့ကမ္ဘာမှာ လက်နက်ဆန်းတွေ အမျိုးမျိုး ခနကြေးငွေအကုန်ခံလို့ လုပ်နေကြတာ၊ အမှန်ကကာမစည်းစိမ်သုံပွဲတွေအတွက် လူတွေကိုသေစေဖို့ပဲ၊ ဒါကို ပြင်းပြင်းထန်ထန် ကန့်ကွက်ဖို့လိုတယ်ဟု ပြောကာ ရှေ့တွင်ရှိ၊စားပွဲငယ်ကို လက်သီးနှင့်ထိုး၍ ပြောလိုက်ရာ ပရိသတ်များ ဩဘာပေးကြသည်။

ကိုအောင်ဘန်းက ဆက်လက်၍ မကောင်းမှု လုပ်တာတွေဟာ မကောင်းမှုကံက မကောင်း ကျိုးကိုပေးတယ်။

ကောင်းမှုကံက ကောင်းကျိုးကိုပေးတယ်။

ကံနဲ့ကံ၏အကျိုးကို ယုံကြည်တာလဲ သဒ္ဓါ စစ်စစ်ပဲ။ အဲဒီသဒ္ဓါစစ်စစ်နဲ့ ပြည့်စုံတာဟာ သဒ္ဓါသမ္ပဒါ ဖြစ်တယ်။

ဘာသာတရားတွေမှာ ဗုဒ္ဓတရားကတော့ ကံ-ကံ၏အကျိုးကို ယုံကြည်တယ်။

ကံ၏အကျိုးကို မယုံကြည်ပဲ ဟိုတန်ခိုးရှင်က ကောင်းကျိုး ပေးတယ်။ ဘာပေးတယ်ဆိုတာ အလွဲကို၊ယုံကြည်နေခြင်းဖြစ်လို့ ဒါလဲမကောင်း တဲ့အလုပ်ပဲ။

ကိုကြီးငွေ။ မဟာစည်ဆရာတော်ဘုရားကြီးဟာ ဥရောပ အနောက်အုပ်စုမြို့ကြီးတွေမှာတရားဟောစဉ်က ဘုရားလက်ထက် သာဝတ္ထိမြို့မှာ (၁၇)ကုဋေ့ ကြွယ်ဝတဲ့ တောဒေယျမင်းဆရာပုဏ္ဏားရဲ့သား၊ သုဘလုလင်ကို အကြောင်းပြုလို့ ကံသာလျှင် အမွေအနှစ်၊ ကံသာလျှင် ချမ်းသာကြောင်း၊ ကံသာလျှင် ဆွေမျိုးရှိကြောင်း၊ ကံသာလျှင် အားကိုးရာရှိကြောင်း၊ ကိုယ်တိုင်ပြုထားတဲ့အမှု ကံက လူတွေ အယုတ်အညံ့ဖြစ်အောင် ခွဲခြားတဲ့ အကြောင်း ဟောခဲ့တယ်။

ကိုအောင်ဘန်း အမျိုးသား ဖြစ်စေ၊ အမျိုးသမီးဖြစ်စေ မည်သူမဆို သတ္တဝါတခုခုကို သေကြေအောင် သတ်လျှင် သတ်သူဟာ လက်ငင်းဘဝမှာ မင်းအပြစ်ပေးခြင်းခံရတယ်။ သေသည်၏ အခြားဘဝ၌လဲ၊ သတ်မှုကံကြောင့် အပါယ်ငရဲကိုကျတယ်၊

အပါယ်မကျလို့ လူပြန်ဖြစ်ငယ်လဲ အသက်တိုတတ်တယ်။

သတ်မှုတို့မှရှောင်ကြဉ်လျှင် သေတဲ့ အခြားမဲ့မှာ နတ်ဘုံမှာ ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ အသက်ရှည်တတ်တယ်။

ကိုအောင်ဘန်း သူတပါးကို တမျိုးမဟုတ် တမျိုး နည်းမျိုးစုံညှဉ်းဆဲတဲ့လူဟာ အပါယ်ကို ကျတတ်တယ်။

အပါယ်ကိုမကျလို့ လူပြန်ဖြစ်ယင်လဲ အနာရောဂါများတတ်တယ်။

သူတပါးကို သနားကြင်နာ၊ မညှဉ်းဆဲယင် ထိုလူသေတဲ့အခါ နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ ကျန်းကျန်းမာမာနဲ့ အနာရောဂါ ကင်းတတ်တယ်ဟု ပရိသတ်ဖက်သို့ လှည့်၍ သဘောပေါက်ကြရဲ့လားဟု ကိုကြီးငွေက မေးလိုက်သည်။

သဘောပေါက်ပါတယ်၊ သဘောပေါက်ပါတယ် အသံများဆူညံနေသည်။

**ကိုအောင်ဘန်း။** ကိုကြီးငွေ သူတပါးကို ညှဉ်းပန်းနှိပ်စက်ဘဲ လူတွေဟာ အပါယ်ကိုကျယင်ကျ၊ မကျပဲဈေးဖြစ်ယင်လဲ အနာရောဂါ များတယ်လို့ ပြောကြတယ်။ ဒါတွေဟာ ဘုရားဟောလား၊ အလိုလိုဟာဒယရှင်ရှင်နဲ့ ပြောတဲ့စကားလားဟု ခတ်ဆတ်ဆတ်မေးလိုက်သည်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း အခုပြောနေတာ လူတွေကို လူစကားပြောနေတာပဲ ဖြစ်တယ်ဟု ခတ်ဆတ်ဆတ် ပြန်၍ပြောလိုက်သည့်အခါ ပရိသတ်များ ဩဘာပေးကြသည်။

ကိုကြီးငွေက ဆက်သက်၍ အခုပြောတာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကပိဋကတ်တရားတော်မှ၊ ထုတ်နှုတ်လို့ ဥရောပတိုက်တခွင်မှာ ပြောပြခဲ့တဲ့ တရားတော်တွေဖြစ်တယ်။ ကြီးငွေပြောနေတယ်လို့ စွဲလမ်းခြင်း၊ ဥပါဒါန်မထားသင့်ဖူး၊

**ကိုအောင်ဘန်း။** ဂေါတမ တရားတော်ဆိုယင် အားလုံးလိုက်နာကြဖို့ပဲ။

**ကိုကြီးငွေ။** ကိုအောင်ဘန်း သူတပါးကို သနားကြင်နာတတ်တဲ့လူဟာ နတ်ပြည်မှာနတ်မဖြစ်လို့။

လူဖြစ်ယင်လဲ မိန်းမဖြစ်ဖြစ် ယောက်ျား ဖြစ်ဖြစ် ရုပ်ချောတတ်တယ်။

အမျက်မထွက်ပဲ သည်းခံတတ်သူ သေလွန် ယင် နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ အရုပ်လှပတင့်တယ်တယ်။

သူတပါး၊ ကြီးပွားချမ်းသာတာကိုမနာလိုတဲ့ သူဟာ သေတဲ့အခါ အပါယ်ကိုကျတတ်တယ်။

လူဖြစ်ယင်လဲ အခြွေအရံကင်းမဲ့တတ်တယ်။

သူတပါးအား မနာလိုခြင်းမရှိ၊ သူတပါး စားရခြင်း၊ ဝတ်ရခြင်း၊ နေရခြင်းတို့ကို ဝမ်း မြောက်သူတို့ သေလွန်ယင် နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ အခြွေအရံများတတ်တယ်။

မိမိကိုယ်တိုင်ကလဲ မလှူ၊ သူတပါးလှူ သည်ကိုလဲ မနှစ်သက်သူတို့ ကွယ်လွန်ယင် အပါယ်ကျတတ်တယ်။

လူဖြစ်ယင်လဲ ဥစ္စာမရှိ၊ မွဲနေတတ်တယ်။

စီးပွားရှာသမျှ အပေါက်မတည့် ဖြစ်တတ်တယ်။

ပေးကမ်း လှူတန်းယင် ထိုသူသေတဲ့အခါ နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ ပစ္စည်းဥစ္စာ ပေါများတတ် တယ်။

မာနကြီးလို့ ရိုသေထိုက်သူကို မရိုသေတဲ့သူဟာ သေလွန်ယင် အပါယ်ကို ကျတတ်တယ်။

လူဖြစ်ယင်လဲ ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်တတ်တယ်။

ရိုသေထိုက်သူကို ရိုသေခြင်း၊ လေးစားခြင်း၊ ရှိခိုးခြင်း လုပ်ကိုင်သူတို့ဟာ သေလွန်တဲ့အခါ နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ အမျိုးမြတ်အထက်တန်းလွှာမှာ ဖြစ်တတ်တယ်။

မကောင်းမှုဆိုင်ရာ မသင့်တော်တာကို ပြုမိလုပ်မိဘဲ့လူဟာ သေတဲ့အခါ အပါယ်ကိုကျတယ်တယ်။

လူဖြစ်ယင်လဲ ပညာမဲ့သူဖြစ်တတ်တယ်။

ကုသိုလ်က ဘယ်ဟာလဲ၊ အကုသိုလ်က ဘယ်ဟာလဲ၊ ဘယ်ဟာက အပြစ်ကင်းသလဲ၊ ဘယ်ဟာကို မှီဝဲအပ်သလဲ၊ ဘယ်လိုအမှုပြုယင် ကြာရှည်အကျိုးများသလဲ၊ဘယ်လိုအမှုကိုပြုယင် အကျိုးမဲ့လျက် ဆင်းရဲသလဲ၊ ချမ်းသာသလဲ စသည်တို့ကို စုံစမ်းမေးမြန်းတတ်သောသူဟာ သေလွန်ယင် နတ်ဖြစ်တတ်တယ်။

လူဖြစ်ယင်လဲ ပညာကြီးသူ ဖြစ်တတ်တယ်။

ပရိသတ်များအား၊ ကောင်းကောင်း မှတ်သားလုပ်ကိုင်ကြဖို့ ကိုကြီးငွေက ပြောပြ လိုက်ရာ ပရိသတ်များက လိုက်နာပါမယ်၊ လိုက်နာပါမယ်ဟု ပြောဆိုကာ ဩဘာပေးကြ သည်။

**ကိုအောင်ဘုန်း။** ကိုကြီးငွေ—မဟာစည်ဆရာတော် ဥပရောပ အနောက်အုပ်စုနိုင်ငံများမှာ အလွန်မြင့်မြတ်**တဲ့** ဗုဒ္ဓရဲ့ သတိပဋ္ဌာန် တရားတော်ကို ဟောပြတဲ့ နေရာတိုင်း၊လိုလိုမနှစ်သက်တဲ့လူ မရှိဖူး။

နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဆိုတဲ့အကြောင်း ဒီပရိသတ်ထဲက **နိဗ္ဗာန်အကြောင်း**ရှင်းပြပါလို့ ဘောင်းဒွတ်သားစုက ကိုဖြူ ဘန်းအောင် တောင်းဆိုထားတယ်။

ဒါကို ဥပမာပြရယင်၊ ကိုဖြူဘန်းအောင် တို့နဲ့ မနီးမဝေး၊ ကိုကြီး ကြွင်းကျန်အောင်နဲ့ ဒေါ်ကြာလှတို့မှာ သမီးသုံးယောက်ရှိတယ်။ အငယ်ဆုံးသမီးက အသက်(၁၈)နှစ်။ အလတ် သမီးက အသက်(၂၀)။ အကြီးဆုံးက(၂၅)နှစ် ဖြစ်တယ်။

အလတ်သမီး ဓာ အိမ်ထောင်ကျတယ်။ အိမ်ထောင်ကျတယ်ဆိုတာ မရိသတ်တွေ နား လည် ရဲ့လား။

နားလည်ပါတယ်၊နားလည်ပါတယ်၊လင် ရတာကို ပြောတာ၊ အသံများ။

အကြီးဆုံးသမီးက အိမ်ထောင်ကျတဲ့ သူ့ညီမကို အခန်းတခန်းမှာခေါ်လို့ "နင် လင်ယူတာ ဘယ်လိုနေသလဲ"လို့ တိတ်တိတ်ကလေး မေးလိုက်တယ်။

ညီမဖြစ်သူက မျက်နှာ ခပ်ပြုံးပြုံးထားလို့ "အိမ်ထောင်ကျတယ် ဆိုတာ ဘယ်လိုရှိတယ်၊ ကိုင်တွယ်လို့ မပြနိုင်ဖူး၊ သိချင်ယင် အမကြီး ကိုယ်တိုင် လင်ယူကြည့်ပါ"လို့ ပြန်ပြောလိုက်တယ်။

ပရိသတ်များ ဆူညံစွာ သြဘာပေးကြသည်။

ကိုအောင်ဘန်းက–နိဗ္ဗာန်ဆိုတာ သောတာပန် အဆင့်လောက်ရောက်ယင် မြင်ကြရမယ်။ သတိပဋ္ဌာန် ဝိပဿနာ တရားတော် ဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ရဲ့ အဖြစ်အပျက်ကို သိအောင်ရှုမှတ်လို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိအောင်လုပ်တဲ့ ဉာဏ်ပဲဖြစ်တယ်။ ဒါဟာ နိဗ္ဗာန်ကို ရောက်ဖို့ လမ်းပဲ။

စွဲမှုကင်းပျောက်၊ မဂ်လမ်းပေါက်၊ နိဗ္ဗာန် ရောက် ဆိုထားတယ်၊

မြင်ခိုက်မှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်မယ်။

ရုပ်သဘာဝကို မြင်ခိုက်မှာ မရှုမိယင် ရုပ်လှတယ်၊ ရုပ်ချောတယ်လို့ သာယာစွဲငြိပြီး ကိလေသာ လောင်စာတွေ ဖြစ်လာမယ်။

ငါလုပ်တိုင်းဖြစ်တယ်။ ငါစီမံတိုင်းဖြစ်တယ်။ ငါငါဟု မစွဲနဲ့၊ စိတ် အလိုအတိုင်း မလုပ်ဖို့။

နိဗ္ဗာန်မျက်မှောက်ပြုမှအပါယ်ကလွတ်မယ်။

ဥပါဒါန်ဆိုတာ နှစ်သက်လိုချင်တဲ့ အတ္တကောင်လို လွဲထင်မှတ်ပြီး၊ စွဲလမ်းတဲ့ဒိဋ္ဌိဖြစ်တယ်။ စွဲလမ်းတဲ့ တဏှာဒိဋ္ဌိတို့ရဲ့ အစွဲအလမ်းခံ ရုပ်နာမ်တွေကို ဥပါဒါနက္ခန္ဓာလို့ ခေါ်တယ်။

ဒီရုပ်နာမ်တွေဟာ မြင်ခိုက်မှာလဲ ထင်ရှားပေါ်နေတယ်။

ကြားခိုက်၊ နေခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက်မှာလဲ ထင်ရှား ပေါ်နေတယ်။

ကြံသိခိုက်မှာလဲ ထင်ရှားပေါ်နေတယ်။

အဲဒီ ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်တွေကို ရှုမှတ်ပြီး၊ အမှန်အတိုင်း မသိယင် အတ္တမြဲတဲ့ သဘော၊ ချမ်းသာတဲ့ သဘော၊ ကောင်းတဲ့ အတ္တကောင်လို့ ထင်မှတ်ပြီး တဏှာဒိဋ္ဌိနဲ့ စွဲစွဲလန်းလန်း နေကြတာပဲ။

အဲဒီလိုမစွဲလန်းအောင် မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက် စသည်တို့မှာ ပေါ်လာသမျှ ရုပ်နာမ်တရားတွေကို ရှုမှတ်ဖို့ ဟောပြခဲ့တာယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း– ဒီ လို ပြော ပြ တာ တွေ ကို ကာမ စည်းစိမ်ရှင်ကြီးတွေ ဖြစ်ကြတဲ့ ဥရောပ တိုက်သားတွေက တော်တော်ကို သဘောကျ တယ်သို့ ပြောကြတယ်။ ဒီတရားကို သဘော ကျတဲ့သူဟာ ကမ္ဘာ့ပေါ်မှာ တော်တော် များ လာတယ် မဟုတ်လား။

ရယ်သံများ။

**ကိုအောင်ဘန်း။** ဒီတရားဟာ အတွင်းအေးတဲ့ ကိုယ်တွင်းအေး တရားဖြစ်တယ်၊ ဒီတရားကို ဗုဒ္ဓဘာသာဝင် တွေက အထူးဂရုစိုက်ဖို့လိုတယ်။ သွားမှု၊ လာ မှု၊ နေထိုင်စားသောက်မှုတွေမှာလဲ ဒီတရားကို မပြတ်သတိထားလို့ နေထိုင်ကြမယ်ဆိုယင် ဒီလို လုပ်တဲ့ လူအားလုံး အေးချမ်းသာယာမှု ဖြစ်လာ နိုင်တယ်။

အခုတလော မြောက်အတ္တလန္တိတ်စာချုပ် အဖွဲ့ (နေတိုး)အုပ်စုက ဒုန်းပျံလက်နက်တွေ တပ်ဆင်ဖို့ စိုင်းပြင်းနေကြတယ်။

ဆိုဗီယက် ကြီးမှူးတဲ့ (ဝါဆော) အဖွဲ့ဝင် အုပ်စုတွေကလဲ လက်နက်တွေ လုပ်နေကြတယ်။ ဒါ့ကြောင့် နေတိုးအဖွဲ့ဝင်တွေက ဒုံးပျံလက်နက်

၅၂၇ ခုကို တပ်ဆင်ဖို့ လူသိရှင်ကြား တင်ပြနေတယ်။

ရေနံထွက်တဲ့ အာရပ်တွေကလဲ လောဘကကြီး၊ ရေနံဈေးတွေ မြှင့်ပီးယင်း မြှင့်နေကြတယ်။

ဒါတွေအားလုံးဟာ ကမ္ဘာပေါ်မှာ ရှိတဲ့ လူတွေကို သောကရောက်ဖို့နဲ့ လူတွေပြုန်းတီးအောင်လုပ်တဲ့ အန္တရာယ်ပဲဖြစ်တယ်။

ဒီလိုအချိန်အခါမျိုးမှာ ဗုဒ္ဓတရားကို လက်ကိုင်ထားတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံ သူ၊ နိုင်ငံသားတွေ ဗုဒ္ဓတရားကို လက်မလွှတ်ဖို့၊ ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးသားတွေနဲ့တကွ၊ ကိုယ်ပါကောင်းမွန်ဖို့ လုပ်ကြရမယ်မဟုတ်လား။ ဟုတ်တယ်၊ ဟုတ်တယ်၊ ပရိသတ်များအသံ။

**ကိုကြီးငွေ။** လက်ရှိဘဝ ကောင်းဖို့နဲ့၊ နောင်ဘဝ ကောင်းဖို့ ဘယ်လိုလုပ်ရမလဲ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ–မဟာစည် ဆရာတော်ဘုရားကြီး အနောက် ဥရောပတိုက်တခွင်မှာ ဟောခဲ့တဲ့ သတိပဋ္ဌာန် တရားတော်ဟာ အကောင်းဆုံးပဲ၊ လူဘယောက်ဖြစ်လာယင်–

ခန္ဓာကိုယ်ရဲ့ နာကျင်ကိုက်ခဲမှုတွေ၊

အနာရောဂါဖြစ်ပွားမှုတွေ၊

သူတပါးနှိပ်စက်လို့ ခံရတဲ့ ဒုက္ခကြီးငယ်တွေ၊
စီးပွားဥစ္စာပျက်လို့ စိတ်ဆင်းရဲ၊ကိုယ်ဆင်းရဲ
ဖြစ်တာတွေ၊
ချစ်ခင်တဲ့လူနဲ့ ကွဲကွာရလို့ သောကမီးတွေ
တောက်လောင်တာတွေ။

အဲဒီလို နီဝရဏတရားတွေကို လုံးဝ ကင်းပျောက်နိုင်တဲ့ နည်းလမ်းဟာ သတိပဋ္ဌာန်တရားတော်ပဲ ဖြစ်တယ်။ အဲ ဒီ သ တိ ပ ဋ္ဌာန်တရားတော်ထဲမှာ သွားမှု၊ လာမှု၊ ထိုင်မှု၊ ရပ်မှု၊ အိပ်မှုတွေအားလုံးပါတယ်။

ကာ ယ က ထာ နု ပ ဿ နာ တရားဆိုတာ အကျယ်ကတော့ တစ်ဒါဇင်နဲ့ (၂)ခု ရှိတယ်။ ဘောင်းဒွတ်သားစုမှ ကိုကြီးအောင်ပန်းခိုင်က ရုတ်တရက် ထ၍၊ တစ်ဒါဇင်နဲ့(၂)ပါးဆိုတာ နားမလည်ဖူး၊ ရှင်းပြပါဟု မေးလိုက်သည်။

ပရိသတ်များ ရယ်ကြသည်။

**ကိုအောင်ဘန်း။** တစ်ဒါဇင်နဲ့(၂)ပါးဆိုတာ ကာယနုပဿနာ (၁၄)မျိုးကို ဆိုတာပဲ ဖြစ်တယ်။

ရယ်ကြသည်။

ကိုအောင်ဘန်းက ဆက်လက်၍၊ ကာယနုပဿနာ တရားထဲမှာ သွားဆဲမှာဖြစ်စေ၊ အိပ်ဆဲမှာ ဖြစ်စေ၊ ကိုယ်အမူအရာပြုတိုင်း၊ ဖြစ်-

တိုင်း၊ ရှုမှတ်ဖို့လိုတယ်။ ဗုဒ္ဓဘုရားက ဧကာယနောဝ ဂစ္ဆာမိဘိ ပဇာနာတိ လို့ ဟောထားတယ်။

**ကိုကြီးငွေ။** ကိုအောင်ဘန်း-ဒီလိုပါဠိတွေတောင် ပြောဟောနိုင်ယင် သာသနာ့ရိပ်သာက တိုင်းခင်းကြီးဟောင်း ကိုကြီးညီပုနဲ့ ရခိုင်တောရွာတွေကို ဝိပဿနာတရား ဟောပြောပေးဖို့သင့်တယ်။

ရယ်သံများ။

**ကိုအောင်ဘန်း။** ကိုကြီးငွေ-ကျွဲတွေ၊ နွားတွေ၊ သွားနေတာရယ်။ ကျွဲတွေ၊ နွားတွေ စားနေထာတွေဟာ၊ အသိအမှတ်နဲ့သွားတာ၊ စားတာမဟုတ်ဖူး။ လူတွေဆိုယင် အမှတ်နဲ့ သွားတယ်။ အသိနဲ့ သွားလာဖို့လေ့ကျင့်လုပ်ကိုင်လာကြယင် ဘုရားအလိုကျ သတိပဋ္ဌာန်တရားဖြစ်လို့ အင်မတန်ကြီးတဲ့ မဟာကုသိုလ်ကြီးဖြစ်တယ်။

သွားယင် သွားတယ်၊ သွားတယ်လို့ ရှုမှတ်ရမယ်။

ဗယ်လှမ်းတယ်၊ ညာလှမ်းတယ်၊

ဗယ်ကြွတယ်၊ လှမ်းတယ်၊ ချတယ်။

ညာကြွတယ်၊ လှမ်းတယ်၊ ချတယ်။

ရပ်ရင် ရပ်တယ်၊ ရပ်တယ်လို့ ရှုမှတ်ရမယ်၊

ထိုင်ယင် ထိုင်ချင်တယ်၊ ထိုင်တယ် လို့ ရှုမှတ်ရမယ်။

ထိုင်လိုက်တာနဲ့ ဝမ်းဗိုက်ကို ဖောင်းတယ်၊

ပိုန်တယ်လို့ ရှုမှတ်ရမယ်။

ဝမ်းဗိုက်ကို ဖောင်းတယ်၊ ပိန့်တယ်လို့ ရှုမှတ်တာဟာ ဝမ်းဗိုက်က ထင်ရှားနေတဲ့ ကိုယ်အမူအရာ၊ ရုပ်ကိုရှုမှတ်တယ်လို့ သိဖို့ပဲ။

ကိုကြီးငွေ။ ဒီလို သွားတယ်။ လာတယ်ဆိုတာကို ရုပ်၊ နာမ် ခွဲဖို့မလိုဖူးလား။

ကိုအောင်ဘန်း။ ရုပ်နာမ်ခွဲမယ်ဆိုယင် ခွဲနိုင်တယ်။

ရုပ်နေရာက ဘယ်ခြေထောက်လှမ်းမယ် ဆိုယင်၊ လှမ်းချင်တာက နာမ်။

လှမ်းလို့ မြေကြီးပေါ်ကို၊ ဒါမှမဟုတ် ကြမ်းပြင်ပေါ်ကို ချတာက ရုပ်၊

ချတာကိုသိတာက နာမ်။

ဝမ်းဗိုက်ဖောင်းတာ ပိန်တာက ရုပ်။

ဝမ်းဗိုက် ဖောင်းတာ ပိန်တာကို သိတာက နာမ်။

လက်တွေခြေတွေ လှုပ်တဲ့အခါ လှုပ်တိုင်း၊ လှုပ်တိုင်းကို စူးစိုက်လို့ ရှုမှတ်ဖို့လိုတယ်၊ လှုပ်ချင်တာက နာမ်။ လှုပ်တာက ရုပ်။ ဒါ ရုပ်နာမ် ခွဲတာပဲ။ မျက်စိဖွင့်ယင် ဖွင့်ချင်တယ်၊ ပိတ်ယင် ပိတ်ချင်တယ်၊ ပိတ်ချင်တယ်။

ဖွင့်ချင်တာက နာမ်။ ဖွင့်တာ၊ ပိတ်တာက ရုပ်ပဲ။

ထမင်းစားယင် ထမင်းကို လက်နဲ့ ကိုင်တွယ် တာကစလို့ ရှုမှတ်ရမယ်။
ထမင်းကို ပါးစပ်ထဲသို့ ထည့်လို့ဝါးတဲ့အခါ ဝါးတယ်၊ ဝါးတယ်။ မျိုတဲ့အခါ မျိုဘယ်၊ မျိုတယ်လို့ မှတ်ရမယ်။
နားထောင်နေတဲ့ လူတွေ သဘောပေါက် ကြရဲ့လားလို့ ပရိသတ်ဘက်သို့လှည့်၍ ကိုအောင် ဘန်း က မေးလိုက်သည်။
နားလည်ပါတယ်၊နားလည်ပါတယ်၊ အသံများ။
ကိုကြီးငွေ– နားလည်ရဲ့လား၊ ကိုအောင် ဘန်း က မေးလိုက်ပြန်သည်။

ကိုကြီးငွေ။ နားမလည့်တလည် ဖြစ်နေတယ်။

ကိုအောင်ဘန်း။ ဒါ့ကြောင့် ပြောတာပေါ့ မြို့ကြီးမှာနေတဲ့ လူ ်တောင် ဒီဘရားကိုမသိယင် မြို့စွန်မြို့ဖျားမှာ နေတဲ့လူတွေက ပိုလို့နားမလည်ဖူးပေါ့၊ မှတ် ထားပါ၊ ဖောင်းတယ်ဆိုတာ ဖောင်းချင်လို့ ဖောင်းတာ မဟုတ်ဖူး၊ ဝါယောဓာတ်ရဲ့ တွန်း ကန်မှုကြောင့် ဖောင်းခြင်းဖြစ်တယ်။ ဒါ့ကြောင့် ဝမ်းဗိုက်က ထင်ရှားနေတဲ့ ကိုယ်အမူအရာရုပ်ကို ရှုမှတ်ဖို့ စောစောပိုင်းက ပြောခဲ့တယ် မဟုတ် လား။

ဒီဘရားတွေကို ဗုဒ္ဓဘာသာ နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံ တဝှမ်းလုံးမှာ လေ့ကျင့်ပေးယင်

ကိလေသာ လောင်စာတွေ မတောက်လောင်နိုင်အောင် ဖိအားပေးဘဲ့ လုပ်ငန်းကောင်း ဖြစ်လာဖို့ပဲ။

ကိုကြီးငွေ။ ကိုအောင်ဘန်း-ဒီဘာရားတွေကို ဗမာပြည်မှာ ယောဂီအများဆုံး တရားအားထုတ်နေတဲ့ မ-လေးလုံးအဖွဲ့ကြီးရှိဘယ်၊ ပရိသတ်တွေ မ-လေးလုံးဆိုတာ သိကြရဲ့လား။

မသိပါ၊ မသိပါ၊ အသံများ။

**ကိုကြီးငွေက— မသိယင်မှတ်ထား၊ မိုးညှင်းဝိပဿနာ၊ မဟာစည် ဝိပဿနာ။ မိုးကုတ်ဝိပဿနာ။ မင်းကွန်း ဝိပဿနာတို့ဟာ ယောဂီပရိသတ် များတယ်။ အခြား ဝိပဿနာ အဖွဲ့အစည်းတွေလဲ ရှိသေးတယ်။**

သာသနာ့ရိပ်သာမှာဆိုယင် နေ့စဉ် အားထုတ် နေတဲ့ ရဟန်းယောဂီ(၅၀)ကျော်၊(၆၀) ပတ်ဝန်းကျင်မှာ ရှိတယ်။ အမျိုးသားယောဂီနေ့စဉ်(၅၀)ကျော် ပတ်ဝန်းကျင်မှာ ရှိတယ်။ ဒီအထဲမှာ ဥရောပ အာရှတိုက်သားတွေလဲ ရှိတယ်။

အမျိုးသမီး အကြီး၊ အလတ်၊ အငယ်နဲ့ သီလရှင်တွေ အားထုတ်နေတာက နေ့စဉ် (၁၀၀) ကျော်၊ (၂၀၀) ပတ်ဝန်းကျင်မှာ ရှိတယ်။



ဆရာတော်ကြီးများကို ပြည့်ထဲရေးနှင့် သာသနာရေးဝန်ကြီး လျှောက်ထားစဉ်က ရန်ကုန် မန္တလေးမှ ဆရာတော်ကြီးများကို ဖူးမျှော်ရစဉ်။

သာသနာ့ရိပ်သာ စ ပေါ်လာတဲ့နေ့ကစလို့ ယနေ့တိုင် တရားအားထုတ်ပီးတဲ့ ယောဂီ စုစုပေါင်းဟာ(၇)သိန်းထက် မနည်းဖူး။

တသိန်းလောက်ဟာသောတာပန်မဂ်လမ်းသို့ ရောက်တယ်လို့ ခန့်မှန်း နိုင်တယ်။ ဒီပုဂ္ဂိုလ်တွေဟာ ပုထုဇဉ်အနွယ်မှ အရိယာ အနွယ်သို့ ဦးတည်နေကြတယ်။

**ကိုအောင်ဘန်း။** ယောဂီအမျိုးသမီးတွေထဲက သောတာပန် ဖြစ်ယင် ကျောင်းတကာမကြီး ဝိသာခါနဲ့ ပရိနိမ္မိတ ဝသဝတ္တီ နတ်ပြည်မှာ တွေ့ကြမယ် မဟုတ်လား။

ရယ်သံများ။

ကိုအောင်ဘန်းက–မရယ်ကြနဲ့ ကျောင်းအမကြီး ဝိသာခါနဲ့တွေ့ယင် သူ့ခင်ပွန်း ပုဏ္ဏဝဓနကို ဘာကြောင့် နတ်ပြည်သို့ မခေါ်သလဲလို့ မေးမြန်းဖို့မှာ လိုက်ချင်တယ်ဟု ပြောပြလိုက်သည့်အခါ ပရိသတ်များ ဩဘာလက်ခုပ် တီးကြသည်မှာ ဆူညံနေသဖြင့် ရပ်ကွက်ကောင်စီ လူကြီးများ လာရောက်ကြည့်ကြသည်။

**ကိုကြီးငွေ။** ဒီရုပ်နာမ်တရားကို သိဖို့မြင်ဖို့ဟာအရေးကြီး တယ်။ သိဖို့၊ မြင်ဖို့လဲ ကြိုးစားအားထုတ်ယင် ရနိုင်တယ်၊

**ကိုအောင်ဘန်း။** ကိုကြီးငွေ–ဒါမှန်တယ်။ သောတာပန်မဖြစ်တဲ့တိုင်အောင် ရိပ်သာဝင်လို့ တရားအားထုတ်ကြတဲ့ ယောဂီတွေ ရိပ်သာပြင်ပမှာ တရားအားထုတ်ကြတဲ့ လူပရိတ်သတ်တွေဟာ ကောင်းတဲ့ဘဝကို ရောက်မယ်ဆိုတာ မြေကြီးကို လက်နဲ့ပုတ်ယင်လွဲမယ်၊ ဘဝကောင်းရောက်မှာက၊သေချာတယ် ဟု စားပွဲကိုလက်သီးထိုး၍ ပြောလိုက်သည်။

ကျောက်ဖြူမှ လာရောက် နားထောင်သော ကိုကြီးအောင်ဘန်းသာက– ဘယ်လို အထောက်အသားနဲ့ ပြောပါသလဲဟု မေးလိုက်သည်။

ကိုအောင်ဘန်းက– အထောက်အထား ရှိတယ်။ အထောက်အသား မရှိပဲ ဆွေးနွေးနေတာ မဟုတ်ဖူး။

သေသေချာချာ နားထောင်ပါ ကိုကြီးအောင်ဘန်းသာ။

ကဿပ ဘုရားလက်ထက်က ပုဏ္ဏားဇနီးမောင်နှံနှစ်ဦး ကျောင်းတော်အနီး ဖြတ်လာတဲ့အခါ ရဟန်းတော်တစ်ပါးက နာမရူပံ ဆိုတဲ့စာကို ဖတ်ကြားလို့ ဒီနာမရူပံ့ အသံကို ကြားလိုက်တာနဲ့ ဝမ်းမြောက် ဝမ်းသာ ပီတိ ဖြစ်ခဲ့တယ်၊ ဒီပီတိအဟုန် နာမ ရူပံအသံကြောင့်



အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားတွင်
မဟာစည်ဆရာတော်ဘုရားကြီးဆွမ်းခံနေစဉ်။

ဘဝပေါင်းများစွာတို့မှာ ကောင်းသဲ့ဘဝနဲ့နေခဲ့ရတယ်။

(ဂေါတမမြတ်စွာဘုရားလက်ထက်မှာ ဒီဇနီးမောင်နှံဟာ အနာဂါမ်ဘဝ ရောက်လာတယ်။)

ဒါ့ကြောင့် ဖောင်းတယ်၊ ပိန်တယ်လို့ ရှုမှတ်ကြပါ၊ ဒီလို ရှုမှတ်နေယင်း စိတ်ကူးတခုခုပေါ်လာယင် စိတ်ကူးပေါ်တယ်၊ ပေါ်တယ်ဟုမှတ်လိုက်ပါ။ အကြံအစည် တခုခု ပေါ်လာယင်လဲ အကြံအစည်ပေါ်တယ်၊ အကြံအစည်ပေါ်တယ်လို့ မှတ်လိုက်ပါ။

အဲဒါ စိတ္တာနုပဿနာ သတိပဋ္ဌာန်တရားဖြစ်တယ်။ ကုသိုလ်အရာမှာ မဟာ ကုသိုလ်ဖြစ်တယ်၊

မှတ်နေတဲ့အခါ ကိုယ်ထဲက နာတာရယ်၊ ယားတာရယ်၊ ကိုက်ခဲတာရယ်၊ ဝေဒနာတခုခု ပေါ်လာယင် ဒီပေါ်လာတာကို ရှုမှတ်ရမယ်။

နာတယ်ဆိုယင် နာတယ်လို့ ရှုမှတ်ရမယ်။

ယားဘယ်ဆိုယင် ယားတယ် ယားတယ်လို့ ရှုမှတ်ရမယ်။

အဲဒါ ဝေဒနာ နုပဿနာသတိပဋ္ဌာန်တရားဖြစ်လို့ ကုသိုလ်ကောင်းကောင်း ရတယ်၊

အဲဒီလို ရှုမှတ်ပြီး ဖောင်းတယ်၊ ပိန်တယ် ပြန်မှတ်ရမယ်။

လက်တွေ့ ခြေတွေဆန့်မှု၊ ကွေးမှု ဖြစ်ပေါ်လာယင် ဆန့်တယ်၊ ကွေးတယ် ရှုမှတ်ရမယ်။
ဒီလို ကိုယ်အမူအရာ ပြုပြင်တိုင်း ရှုမှတ်ဖို့ လိုတယ်။

ဒီလို ရှုမှတ်တာ ကာယနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။
ကြားယင် ကြားတယ်လို့ ရှုမှတ်ရတယ်။
မြင်ယင် မြင်တယ် မြင်တယ် လို့ ရှုမှတ်ရတယ်။

အဲဒါဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်တယ်။
အဲဒီလို ပေါ်လာသမျှကို ရှုမှတ်လို့ သမာဓိ အားကောင်းလာတဲ့အခါ သိရာရုပ်နဲ့ သိတဲ့နာမ်ကိုပဲ ပိုင်းခြား သိလာနိုင်တယ်။
အကြောင်းနဲ့ အကျိုးဆက်ပြီး၊ ဖြစ်နေတာကိုလဲသိတယ်။

အသစ်အသစ်ဖြစ်ဖြစ်ပြီး၊ ပျောက်ပျောက်လို့ ပျက်တာကိုလဲ သိတယ်။
ဒါ့ကြောင့် ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတာချည့်ပဲ။

ဘယ်အချိန်မဆို ပျက်စီးနိုင်တယ်။ သေနိုင်တယ်။ ကိုယ့်အလိုအတိုင်း မဖြစ်လို့၊ အနတ္တချည်းပဲ ဆိုတာကိုလဲ ထင်ရှားသိလာတယ်။

အဲဒီလို ရှုတိုင်း ရှုတိုင်းဟာ ဝိပဿနာကုသိုလ်တွေ ဖြစ်နေလို့ အလွန်မြင့်မြတ်တဲ့ ကုသိုလ်တရားပဲဖြစ်တယ်။

ထိုင်တယ်၊ သိတယ်၊ ဖောင်းတယ်။ ပိန်တယ်၊ ရှုမှတ်တာတွေဟာ အခေါ်အဝေါ် **ပညတ်** စကားပဲ၊ သိရုံမှတ်ခြင်းမျိုးမဟုတ်ဖူး။

အဲဒီစကားလုံးများနဲ့ ခေါ်ဆိုအပ်**တဲ့ အခေါ်ခံ သဘော ရုပ်တရားစစ်စစ်ကို ဘာဝနမယဉာဏ်**နဲ့၊ အမှန်အတိုင်း သိအောင် မှတ်တာဖြစ်တယ်၊ ဒါကို သတိပြုဖို့ အရေးကြီးတယ်။ သတိလဲပြုကြပါ။

ဒီတရားကို ရှုမှတ်လို့ သောတာပန်မဖြစ်သည့်တိုင်၊ လူ့ဘဝ၊ နတ်ဘဝ၊ နယ်ပယ်မှာ အောက်တန်းမကျတဲ့ ဘဝတွေကိုသာဖြစ်ရမယ်တာဆိုသတိပဋ္ဌာန်တရားတော်က၊ ကတိခံထားပြီးဖြစ်တယ် ဟု လက်သီး လက်မောင်းတန်း၍ပြောဆိုလိုက်သည့်အခါ ပရိသတ်များ သြဘာပေးကြသည်။

ကိုအောင်ဘန်းက ဆက်လက်၍- ဒီသတိပဋ္ဌာန်တရားတော်ကို ရှုမှတ်နေယင်း၊ သော

တာပန် ဖြစ်ယင်တော့ (၇) ဘဝအတွင်းမှာ အရဟတ္တမဂ်ဖိုလ် ရောက်ပီး ရဟန္တာ ဖြစ်ရမယ်။ နောက်ဆုံး ပရိနိဗ္ဗာန်စုတိမှ နောက်ဆုံးကာလမှာ ရုပ်နာမ် ဆင်းရဲတွေအားလုံး ကင်းပျောက်ပီး မအို မနာ မသေ အမြဲတန်း ချမ်းသာခြင်းကို ရောက်ဖို့ အရေးကြီးတယ်။

ဒါ့ကြောင့် စွဲလမ်းဖို့၊ ဒိဋ္ဌိအစွဲအလမ်းတွေကို ဖျောက်ဖို့၊ ဒါအမျိုးသမီး၊ ဒါ အမျိုးသားမမြင်ဖို့၊ ဒီအမျိုးသမီး အမျိုးသားဆိုတာ ပညတ်အခေါ်အဝေါ်ပဲဖြစ်တယ်။ ပရမတ်အလိုအားဖြင့်တော့ ရုပ်နာမ်အစုပဲဖြစ်တယ်။ မှတ်သားကြပါ ဟု လက်သီး လက်မောင်းတန်း၍ ပြောလိုက်သည့်အခါ ပရိသတ်များက မှတ်ပါတယ်၊မှတ်ပါတယ်ဟု အော်ကြသည်။

**ကိုကြီးငွေ။** ဒီဗုဒ္ဓတရားတွေကို အာဏာစက်နဲ့ သန့်ရှင်းစင်ကြယ်အောင်လုပ်ဖို့ နိုင်ငံတော်က စီစဉ်နေတယ်။ သံဃာတော်များကလဲ ကူညီဖို့ကတိပေးကြတယ်။

ကိုအောင်ဘန်း-လောဘမီး၊ဒေါသမီးမထိမ်းနိုင်လို့ ကိလေသာ လောင်စာတွေကြောင့်၊ ရိုဒီးရှားနိုင်ငံမှာ(၁၄)နှစ်အတွင်း သတ်လိုက်၊ တိုက်-

လိုက်ကြတာသေတဲ့လူ (၃၀၀၀၀) ရှိတယ်ဆိုပဲ။

ရိုဒီးရှားမှာလဲ လူဖြူလူမဲ အာဏာလုပွဲကြောင့် ခားစခံဖြစ်တဲ့ မိုဇမ်ဘစ်နိုင်ငံမှာ ဒုက္ခသည်ပေါင်း (၁၅၀၀၀၀) ပင်လယ်ပြည့်နေတယ်။

ဒါတွေဟာ ကိလေသာ မီးတွေလောင်နေခြင်းဖြစ်တယ်။ ကိလေသာမီးလောင်နေတဲခေါင်းဆောင်တွေကြောင့် တိုက်ပွဲတွေ ဖြစ်နေလိုက်ကြဘာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘယ်နေရာမှာမှ မအေးကြဖူး၊

အီရန်သို့ အမေရိကန်ခားစခံများ အတွက်ပြေရာပြေကြောင်း ထောက်လှမ်းဖို့ ရောက်ရှိခဲ့စဉ် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ကွတ်ဝါဟိုင်းဟာ ဣန္ဒြေတော်တော် ပျက်ခဲ့တယ်။ ကံကောင်းလို့ အသက်လွတ်ငြိမ်းခဲ့တယ်။

ဘာသာရေးခေါင်းဆောင် ခိုမေနီနဲ့ စင်ပြိုင်ဘာသာရေးခေါင်းဆောင် အယာတိုလာခါဇမ်ရှာရီယက်မာဒါရီရဲ့ နောက်လိုက်များက၊တာဘရစ်မြို့ အသံလွှင့်ရုံကို ဝင်စီးလိုက်ကြတယ်။ အယာတိုလာခိုမေနီရဲ့ ဓါတ်ပုံကိုလဲမီးရှို့လိုက်ကြတယ်။

အာဖဂန် နစ္စတန်ပြည်တွင်းသို့ ကိုကြီးရပ်ရွာတို့က အလုံးအရင်းနဲ့ ဝင်ရောက်နေတာကို အမေရိကန်က ကိုကြီးကာတာတို့ လက်နက်တွေ ပို့ဖို့ ကမ်းလှမ်းနေတယ်၊ ဒါပေမယ့် ပါကစ္စတန်သမ္မတ ကိုကြီးဇီယာအူဟတ်က တက်တက်ကြွကြွယူမယ်ဆိုတာ မပြောသေးဖူး၊

မြေပုံမှ ကိုကြီးရွှေသီး ရုတ်တရက်ထ၍– ဒါဒေါ်သမီးသတ်တာပဲမှတ်လား ဟု ပြောလိုက်ရာ ပရိတ်သတ်များ ရယ်ကြသည်။

**ကိုအောင်ဘန်း။** ဟုတ်တယ်။ ဒါ့ကြောင့် ဒီလိုကိလေသာမီးတွေ အုံကြွနေတဲ့အခါ မြန်မာ၊ ရခိုင်တိုင်းရင်းသားတွေက ညီညီညွတ်ညွတ်နဲ့ ကိုယ့်တိုင်းပြည်ကောင်းစားရေး၊ ကိုယ်ကောင်းစားရေး၊ နောင်ဘဝအတွက် ကောင်းစားရေးလုပ်ဖို့၊ လိုတယ်မဟုတ်လား၊

ကိုကြီးသထော်ဦး၊ ကိုကြီးစံထွန်းခိုင်၊ ကိုကြီးမောင်ကျော်ဇံ၊ ကိုကြီးမောင်သာဇံ တို့ကလဲ တက်တက်ကြွကြွနဲ့ ကိုယ့်ပြည်နယ်အရေး ဆောင်ရွက်လို့တဘက်က၊ တမဂ်ဖိုလ်ရလာအောင် အနဲဆုံး စူဠသောတာပန် အဆင့်လောက် ရောက်အောင် ကြိုးစားလို့၊ ကိုယ့်ပြည်သူ ပြည်သားတွေကိုလဲ ကာမထောင်အတွင်း က ဗုဒ္ဓစက်နဲ့

ကိလေသာ အညစ်အကြေးတွေကို လွတ်အောင် ဆောင်ရွက်ကြပါလို့ ဒီနေရာက တိုက်တွန်း လိုက်ပါတယ်။

ဆွေးနွေးပွဲကိုလဲ ရုတ်သိမ်းလိုက်ပါတယ် ဟု ပြောဆိုလိုက်ရာ တခဲနက် လက်ခုပ်သြဘာတီး၍ ထပြန်ကြလေတော့သတည်း။

## ကျော်စာအုပ်များမဖတ်ရသေးလျှင်

(၁) ရခိုင်ပြည်နယ်စီးပွားရေးဘဏ္ဍာတိုက်၊ ကိုယ်နှင့်ကိုယ့်အမျိုးသား စီးပွားရေးအားလုံးပါဝင်သည်။

ဈေးရင်း ၃၀ ကျပ် – ယခု ၂၅ ကျပ်

(၂) ကျွန်တော် တောသား၊ ကျော်စာအုပ်မှာလူတယောက်ကိုယ်ရေး မဟုတ် ကမ္ဘာနှင့်တကွ ပါတီဝင်တို့အပါအဝင် ဗဟုသုတဖြစ်စရာ ပါဝင်သည်။ ဈေးရင်း ၁၅ ကျပ် – ယခု ၁၂ ကျပ်

(၃) လူ့ဘဝအနှစ်သာရ၊ မျက်မှောက်လောကနှင့်ဘဝကူးရေးလမ်း များ လုပ်နည်းကိုင်နည်း။ ဈေးရင်း ၁၂ ကျပ် – ယခု ၁၀ ကျပ်

(၄) ရက္ခန်းပညာဆိုင်ရာကရိယာအခြေပြသမိုင်း၊ ကမ္ဘာ့ရက္ခန်း နှင့်မြန်မာ့ရက္ခန်းပညာ အတိမ်အနက် သိလိုလျှင် ဖတ်ဖို့ တအုပ် – ၂၀ ကျပ် ၅အုပ်မှာလျှင် ၁၅ ကျပ်နှုန်း

စပယ်စာပေ

၂၉ ဆူပါပင်လမ်း

အလုံ၊ ရန်ကုန်မြို့

ဂုဏ်ထူး စာပေ

၂၀၉၊ ၃၃ လမ်း ရန်ကုန်မြို့